ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ တပို့တွဲလဆန်း (၆)ရက် ၊ သောကြာနေ့ ၊ (23-1-2026) ၊ အတွဲ (၃၄) ၊ အမှတ် (၂၆၈)

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး၊
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊

❖ တိုင်းပြည်အနာဂတ် ပန်းတိုင်ဆီ ဆန္ဒကိုယ်စီ မဲပေးမည်။

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries)ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

၇၈ ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ ၁၈ ပါးမြောက် တိပိဋကဓရ တိပိဋကကောဝိဒ သာသနာ့အာဇာနည် အရှင်မြတ်တစ်ပါး ပေါ်ထွန်းတော်မူခြင်း

စာမျက်နှာ - ၂၀

နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ်ရုံး Army Operation Center၊ Neighboring Countries Coordination Center (NCCC) ဌာန၏အကြီးအကဲ ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ

နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ်ရုံး Army Operation Center၊ Neighboring Countries Coordination Center (NCCC)ဌာန၏အကြီးအကဲ General Direk Bongkarn ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံစဉ်။

နေပြည်တော် ဇန်နဝါရီ ၂၂

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ်ရုံး Army Operation Center၊ Neighboring Countries Coordination Center (NCCC)ဌာန၏ အကြီးအကဲ General Direk Bongkarn ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

စာမျက်နှာ ၁၆ ကော်လံ ၁



အမှတ်(၃) သံမဏိစက်ရုံ (ရွာမ)

အထပ်မြင့် အဆောက်အဦများ တည်ဆောက်ဖို့ နိုင်ငံတကာအဆင့်ပီ အရည်အသွေးမြင့်

HRB-500 အမျိုးအစား Deformed Bar များကို

စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

ဆက်သွယ်ရန် ဖုန်း- ၀၉ ၆၉၃၃၄၈၃၀၀၊ ၀၉ ၉၆၉၈၀၂၂၄၇

ရတနာပုံ
၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၃ ရက်
အယ်ဒီတာ့အာဘော်

တပ်မတော်စစ်ကြောင်းများ၏ သပိတ်ကျင်း-မိုးကုတ်လမ်းကြောင်းအောင်ပွဲ

ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင်း ကုန်စည်စီးဆင်းမှုအဆင်ပြေချောမွေ့ရေးသည် အရေးကြီးသည်။ ကုန်စည်စီးဆင်းမှုကောင်းမွန်မှသာ ကုန်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေး စသည့် ဆက်စပ်လုပ်ငန်းများအဆင်ပြေလာပြီး ဒေသစီးပွားရေး တိုးတက်ကာ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများတိုးတက်လာမည်ဖြစ်ပါသည်။

ဒေသတွင်းကုန်စည်စီးဆင်းမှုကောင်းမွန်စေရေးအတွက် ဆက်သွယ်ရေးလမ်းကြောင်းများသည် အဓိကကျသည်။ ထို့ကြောင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီထိန်းချုပ်ထားသည့် သပိတ်ကျင်း-မိုးကုတ်ဆက်သွယ်ရေးလမ်းကြောင်းကို တပ်မတော်စစ်ကြောင်းများက ဇန်နဝါရီ ၁၉ ရက်တွင် အပြည့်အဝပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။

တပ်မတော်စစ်ကြောင်းများသည် သပိတ်ကျင်း-မိုးကုတ် ဆက်သွယ်ရေးလမ်းကြောင်းတွင် စစ်ကြောင်းများခွဲ၍ နယ်မြေရှင်းလင်းရေးလုပ်ငန်းများကို ဟန်ချက်ညီဆောင်ရွက်ခဲ့ရာ ကင်းရွာဘက်မှ ချီတက်လာသည့်စစ်ကြောင်းသည် ဇန်နဝါရီ ၁၉ ရက်တွင် မလဲပေါက်ကျေးရွာအနီးရှိ ရည်မှန်းချက်နေရာနှင့် ဇန်နဝါရီ ၂၀ ရက်တွင် မလဲပေါက်ကျေးရွာကိုလည်းကောင်း၊ အုန်ဒန်ကျေးရွာဘက်မှ ချီတက်လာသည့်စစ်ကြောင်းသည် ဇန်နဝါရီ ၁၇ ရက်တွင် အောင်ဗဒါန်းကျေးရွာ၊ ဇန်နဝါရီ ၁၈ ရက်တွင် စိန်အင်းကျေးရွာ၊ ဇန်နဝါရီ ၁၉ ရက်တွင် ရွှေညောင်ပင်ကျေးရွာတို့ကိုလည်းကောင်း သိမ်းပိုက်နိုင်ခဲ့သည်။ အဆိုပါ တပ်မတော်စစ်ကြောင်းများသည် ဇန်နဝါရီ ၂၀ ရက်တွင် မလဲပေါက်ကျေးရွာ၌ လက်ချင်းချိတ်ဆက်ပေါင်းဆုံနိုင်ခဲ့သဖြင့် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားခဲ့သည့် သပိတ်ကျင်း-မိုးကုတ်ဆက်သွယ်ရေးလမ်းကြောင်းတစ်ခုလုံးကို အပြည့်အဝ ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

ထိုသို့အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားခဲ့သည့် ဆက်သွယ်ရေးလမ်းကြောင်းများကို တပ်မတော်က ပြန်လည်ထိန်းချုပ်ဖွင့်လှစ်ပေးနိုင်ခဲ့သည့်အတွက် မော်တော်ယာဉ်များ ပုံမှန်အတိုင်းပြန်လည်သွားလာနိုင်ပြီဖြစ်သည်။ ထို့ပြင် ဒေသတွင်းကုန်စည်စီးဆင်းကူးသန်းရောင်းဝယ်မှုများကို လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ပြီဖြစ်ကာ ပညာရေး၊ ကျန်းမာရေး စသည့်ပြည်သူများ၏ လူမှုစီးပွားဘဝများ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်သည့်အတွက် ပြည်သူများအနေဖြင့် တပ်မတော်အပေါ် များစွာဂုဏ်ယူဝမ်းမြောက်ကျေးဇူးတင်လျက်ရှိပေသည်။

အလားတူ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် မြို့ရွာများနှင့် ဆက်သွယ်ရေးလမ်းကြောင်းများကို ပြန်လည်သိမ်းပိုက်ပြီး နယ်မြေရှင်းလင်းချီတက်လာသော တပ်မတော်စစ်ကြောင်းများကို အကြမ်းဖက်သောင်းကျန်းသူများ၏ မတရားနှိပ်စက်ညှဉ်းပန်းမှုဒဏ်ကို ခါးသီးစွာခံစားခဲ့ရသည့် ဒေသခံပြည်သူများက လမ်းကြောင်းတစ်လျှောက်လုံး၌ အောင်သပြေပန်းများ၊ ပန်းကုံးများကိုင်ဆောင်ကာ သောင်းသောင်းဖြဖြဝမ်းပန်းတသာကြိုဆိုခဲ့ကြသည့် တပ်မတော်နှင့်ပြည်သူ တစ်သားတည်းဖြစ်ပေါ်နေသောမြင်ကွင်းသည်လည်း ကြည်နူးဝမ်းမြောက်ဖွယ်မြင်ကွင်းဖြစ်ပေသည်။

သို့ဖြစ်ရာ တပ်မတော်စစ်ကြောင်းများအနေဖြင့် မန္တလေး-စဉ့်ကူး-သပိတ်ကျင်း-မိုးကုတ်ဒေသတစ်ဝိုက် တည်ငြိမ်အေးချမ်းရေးနှင့် ဆက်သွယ်ရေးလမ်းကြောင်းများပေါ်တွင် ပြည်သူများစိတ်အေးချမ်းသာစွာသွားလာအသုံးပြုနိုင်ရေးအတွက် သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ထိုသို့ဆောင်ရွက်ခဲ့ရာတွင် မိမိအသက်ကို ပဓာနမထားဘဲ ရွပ်ရွပ်ချွံချွံကြိုးပမ်းဆောင်ရွက်ခဲ့သော တပ်မတော်သားများအပေါ် ဂုဏ်ယူလေးစားမိပါကြောင်း ရေးသားလိုက်ရပေသည်။

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် မိုးကုတ်မြို့တွင် ပြန်လည်တာဝန်ထမ်းဆောင်ကြမည့် ဌာနဆိုင်ရာ အဖွဲ့အစည်းများမှ အရာထမ်း၊ အမှုထမ်းများကို ပို့ဆောင်နှုတ်ဆက်

မန္တလေး ဇန်နဝါရီ ၂၂

တပ်မတော်အနေဖြင့် ပြည်သူလူထုအေးချမ်းစွာနေထိုင်နိုင်ရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြမ်းဖက်သောင်းကျန်းသူများ ခေတ္တထိန်းချုပ်ထားသည့် မြို့နယ်၊ ကျေးရွာ၊ ဒေသတချို့တို့၌ အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး(Counter- Terrorism Operation)များကို ဆောင်ရွက်လျက်ရှိရာ အကြမ်းဖက်သောင်းကျန်းသူများ ခေတ္တထိန်းချုပ်ထားခဲ့သည့် မန္တလေး-မတ္တရာ-သပိတ်ကျင်း-မိုးကုတ် လမ်းကြောင်းတစ်လျှောက်နှင့် အနီးပတ်ဝန်းကျင်ရှိ မြို့ရွာများကို ဇန်နဝါရီ ၁၉ ရက်တွင် တပ်မတော်က အပြီးတိုင် ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး မန္တလေး-မတ္တရာ-သပိတ်ကျင်း-မိုးကုတ် ဆက်သွယ်ရေး လမ်းကြောင်းကို ပြန်လည်ဖွင့်လှစ်နိုင်ခဲ့သည်။

လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံပြည်သူလူထုကို လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးသွားရန်နှင့် အစိုးရ၏ အုပ်ချုပ်မှုယန္တရားများဖြစ်သည့် ရုံးများ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေးနှင့် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဖြစ်သည့် ဆေးရုံများ ပြန်လည်ဖွင့်လှစ်နိုင်ရေးတို့အတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများသည် ဇန်နဝါရီ ၂၁ ရက် နံနက်ပိုင်းက မန္တလေးမြို့မှ မိုးကုတ်မြို့သို့ထွက်ခွာကြရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး အစိုးရဝန်ကြီးများနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာအဖွဲ့အစည်းများမှ အရာထမ်း၊ အမှုထမ်းများကို နွေးထွေးစွာ တွေ့ဆုံအားပေးပြီး ပို့ဆောင်နှုတ်ဆက်ခဲ့ကြောင်းနှင့် ပံ့ပိုးငွေများလည်းချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

မြောင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီး

စစ်ကိုင်း ဇန်နဝါရီ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၇၂၅၅ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မြောင်မြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဂျုံ ၇၂၅၅ ဧက လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့မှာ ဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဂျုံသီးနှံအထွက်တိုးဖို့၊ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

မြောင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆောင်းသီးနှံများ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေး၊ ဂျုံများအထွက်နှုန်း တိုးတက်ကောင်းမွန်စေရေး၊ အရည်အသွေးကောင်း ဂျုံများ စနစ်တကျစိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး စသည့်လုပ်ငန်းများကိုဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဂျုံသီးနှံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဂျုံကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ကောက်ရိုးမှို ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

ကျိုက်လတ် ဇန်နဝါရီ ၂၂

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်းက ကောက်ရိုးမှိုပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် မှိုရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဆွေဦးက ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် နိုဝင်ဘာလအတွင်းက ကောက်ရိုးမှိုပိဿာချိန် ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဒီဇင်ဘာလအတွင်း ကောက်ရိုးမှိုပိဿာချိန် ၅၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ကျိုက်လတ်မြို့နယ်ကနေ လက်ရှိ ကောက်ရိုးမှိုတွေထွက်ရှိနေပါတယ်။ ကျိုက်လတ်မြို့နယ်ကနေ ဒေသထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အဓိက တင်ပို့နေပါတယ်။ တခြားမှိုအမျိုးအစားထက် ကောက်ရိုးမှိုက ပိုပြီး ရောင်းအားကောင်းပါတယ်။ ပြီးခဲ့တဲ့ တစ်လအတွင်း ကောက်ရိုးမှိုပိဿာချိန် ၅၂၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိမှာလဲ ကောက်ရိုးမှိုတွေကို ရန်ကုန်ဈေးကွက်က အမှာများနေပါတယ်။ ပြည်တွင်း စားသောက်ဆိုင်တွေ၊ ဟိုတယ်တွေက အသုံးပြုတာများလာလို့ ဝယ်လိုအားကောင်းလာတာဖြစ်ပါတယ်"ဟု ကျိုက်လတ်မြို့နယ် မှိုရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဆွေဦးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ထွက်ရှိသည့် ကောက်ရိုးမှိုများကို မှိုရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များက ဝယ်ယူပြီး စနစ်တကျစစ်ဆေးသန့်စင်ကာ ရန်ကုန်ဈေးကွက်သို့ အများဆုံးတင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ကောက်ရိုးမှိုတစ်ပိဿာလျှင် ငွေကျပ် ၂၄၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဧဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

မိုးညိုမြို့နယ် ရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

မိုးညို ဇန်နဝါရီ ၂၂

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဇန်နဝါရီ ၂၁ ရက်နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုးညိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းခိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေ ပြည်သူများလိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းအဖွဲ့ဝင်များထံ ရန်ပုံငွေ ကျပ် ၂၂ ဒသမ ၇၅ သန်းလွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက ရွာသစ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၃ ဦးကို ငွေကျပ် ၂၂ ဒသမ ၄၅ သန်းနှင့် စက်ချုပ်လုပ်ငန်း လုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် သုည ဒသမ ၃ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၄ ဦးကို ငွေကျပ် ၂၂ ဒသမ ၇၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အေးမြတ်

မလှိုင်မြို့နယ် မန်ကျည်းကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

မလှိုင် ဇန်နဝါရီ ၂၂

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မန်ကျည်းကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ဇန်နဝါရီ ၂၁ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၂ ဒသမ ၄ သန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးပြီးလိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မန်ကျည်းကန်ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ စ၃ ဦးကို ငွေကျပ် ၃၂ ဒသမ ၄ သန်း ထုတ်ချေးပေးထားပြီး လုပ်ငန်းများ လည်ပတ်လျက်ရှိကြောင်း သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**

မုံရွာမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲစင်းငုံ ၅၀၂၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်

မုံရွာ ဇန်နဝါရီ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲစင်းငုံ ၅၀၂၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၁၂၃၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ပဲစင်းငုံစိုက်ခင်းများကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၅၀၂၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၅ ဒသမ ၃ တင်း ထွက်ရှိကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီ မုံရွာမြို့နယ်မှာ ပဲစင်းငုံ ၁၂၃၅ ဧက စိုက်ပျိုးခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ ပဲစင်းငုံခင်းတွေ အခုလက်ရှိ ရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ဧက ၅၀၀၀ ကျော်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့ ဆောင်ရွက်ပေးခဲ့ပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

မုံရွာမြို့နယ်တွင် ပဲစင်းငုံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ အထွက်နှုန်း ကောင်းမွန်ရေးအတွက် အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ပဲစင်းငုံစိုက်ပျိုးသောတောင်သူများကို ရွက်ဖြန်းမြေဩဇာ၀ယ်ယူမှု သက်သာစေရန်အတွက် ယူရီးယားနှင့် လက်ချား ပေါင်းစပ်သုံးစွဲသည့် နည်းပညာများ ဖြန့်ဝေပေးလျက်ရှိကြောင်း၊ ယူရီးယားနှင့်လက်ချားသုံးစွဲနည်းကြောင့် စိုက်ပျိုးစရိတ်သက်သာပြီး အပင်များ ပိုးမွှားကင်းစင်၊ အပင်ဖြစ်ထွန်းမှုကောင်းကြောင်း သိရသည်။

ပဲစင်းငုံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါကဒေသတွင်း စားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘ၀များ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပဲစင်းငုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြ၍ သိရသည်။ (၂၀၆)

တောင်ကြီးမြို့နယ် အုံအားကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ရှင်းလင်း၍ ကော်မတီဖွဲ့စည်း

တောင်ကြီး ဇန်နဝါရီ ၂၂

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် တောင်ကြီးမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖက်ကွန်ကျေးရွာအုပ်စု အုံအားကျေးရွာ၌ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇန်နဝါရီ ၂၁ ရက်နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်ကြီးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးညွန့်ဝင်းက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးအောင်နိုင်ဝင်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ရန်ပုံငွေကျပ်သိန်း ၁၅၀ ဖြင့် အုံအားကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီများ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များ၊ လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ကဏ္ဍအလိုက် ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

မောင်ခိုင်

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ငါးကြင်းပိသာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

မအူပင် ဇန်နဝါရီ ၂၂

ဧရာ၀တီတိုင်းဒေသကြီး မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ငါးကြင်းပိသာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်တင်ညိုက ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် နိုဝင်ဘာလအတွင်း ငါးကြင်းပိသာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဒီဇင်ဘာလအတွင်း ငါးကြင်းပိသာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ငါးကြင်းများကို ရန်ကုန်ဈေးကွက်မှ ဝယ်ယူမှုအားကောင်းလာခြင်းကြောင့် တင်ပို့ရောင်းချအား တက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"မအူပင်မြို့နယ်ကနေ ငါးကြင်းတွေကို ရန်ကုန်ဈေးကွက်ထဲကို အဓိက တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့လအတွင်း ရန်ကုန်ဈေးကွက်ထဲကို ငါးကြင်းပိသာချိန် အများအပြား တင်ပို့ရောင်းချခဲ့ပါတယ်။ ငါးကြင်းပိသာချိန် အများအပြား တင်ပို့ရောင်းချခဲ့ရတော့ ငါးမွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူတွေနဲ့ လုပ်သားတွေ အလုပ်အကိုင် အခွင့်အလမ်း အဆင်ပြေနေပါတယ်"ဟု မအူပင်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်တင်ညိုက ဆက်လက်ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်တွင် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ရေထွက်ကုန်များကိုဝယ်ယူပြီး ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်သို့ အဓိက တင်ပို့ရောင်းချလျက်ရှိပြီး ရန်ကုန်ဈေးကွက်မှတစ်ဆင့် အခြားဒေသများသို့ ဆက်လက်ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးကြင်း တစ်ပိသာလျှင် ငွေကျပ် ၁၉၅၀၀ ထိ ပေါက်ဈေးရှိကြောင်း မအူပင်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်တင်တင်ညိုက ဆက်လက်ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

အရမ်း...အရမ်း...အရမ်းနဲ့ ရမ်းကားနေကြသူတွေ ရှက်စေချင်စမ်းပါဘိ

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

"သူငယ်ချင်းရေ၊ ငါ့မျက်စိရှေ့မှာ မြင်ရတွေ့ရ ကြားရလေတိုင်း ရင်ထဲမှာတော်တော်လေး ခံစားနေရတယ်ကွာ"

"ဘာတွေကို မြင်တွေ့ကြားသိနေရလို့ ဘယ်လိုတွေ ခံစားနေရတာလဲကွ"

"နေရာတကာမှာ ကလေးကအစ၊ လူငယ်လူရွယ်အလယ်၊ လူကြီးတွေ၊ တာဝန်ရှိသူကြီးတွေအဆုံး ခပ်လွယ်လွယ်ပဲ ရေလဲသုံးနှုန်းပြောဆိုနေကြတဲ့ **"အရမ်း..အရမ်း..အရမ်း"**ဆိုတဲ့ စကားကြောင့် ကြားရမသက်သာဘဲ နေရတာကွ။ ဂုဏ်ပြုပွဲတွေနဲ့ အင်တာဗျူးတွေမှာကော အထူးသဖြင့် တီဗွီ မှာ သရုပ်ဆောင်တချို့ရဲ့ တွေ့ဆုံမေးမြန်းခန်းတွေမှာ ပါ **"အရမ်းလှပါတယ်"၊ "အရမ်းတော်ပါတယ်"၊ "အရမ်းကျေးဇူးတင်ပါတယ်"၊ "အရမ်းဝမ်းသာပါတယ်"**ဆိုတဲ့စကားတွေက နေ့စဉ်နဲ့အမျှ ကြားနေရတယ်ကွ။ ကြားရဖန်များတော့ နားကြားပြင်းကတ်လာသလို အမြင်လဲကတ်လာတယ်။ သွားရင်းလာရင်းလဲ **"အရမ်း၊ အရမ်း၊ အရမ်း"**ဆိုတဲ့ အသုံးတွေက မှိုလိုပေါက်နေကြတာကွ။ **"အရမ်း"**လို့သုံးမှ ခေတ်မီကြတယ်ထင်နေကြလေရော့သလားကွာ။ ပါးစပ်သနပါဘိ။ ပြောသူမရှက်ပေမဲ့ ကြားရသူက ရှက်နေရတာကွ"

"ဩော်...ဒါလား။ ငါလဲ မင်းလိုပဲ ခံစားနေရတာပါပဲကွာ။ ငါမကြာခဏ ရေးသားသတိပေးနေသလို စာပေဟောပြောပွဲတွေမှာလဲ အမြဲတမ်းထည့်သွင်းဟောပြောနေခဲ့တာပဲကွ။ စာပေသင်တန်းတွေမှာလဲ မျှဝေပို့ချအသိပေးနေခဲ့တာပဲကွ။ မကြာခင်က ပညာရေးဆိုင်ရာအခမ်းအနားတစ်ခုမှာ ပါမောက္ခတစ်ဦးကလဲ **"အရမ်း"**လို့ ပညာရှိသတိဖြစ်ခဲ ပြောသွားခဲ့သေးတယ်ကွ"

"ငါတောင်မှတ်မိနေပါသေးတယ်ကွာ။ တီဗွီကြော်ငြာတစ်ခုမှာ ရုပ်ရှင်မင်းသမီးတစ်ယောက်က **"အရမ်း အရမ်းကို ကောင်းတာပါပဲရှင်"**လို့ ကြော်ငြာခဲ့ရာက စတင်တွင်ကျယ်လာတဲ့အကြောင်း မင်းက အထောက်အထားအကိုးအကားနဲ့ ရေးသားဟောပြောခဲ့တာပါ။ **"မြန်မာအဘိဓာန်"**မှာ **"အရမ်းဆိုတာ မစဉ်းစားမဆင်ခြင်ဘဲ။ စည်းမဲ့ကမ်းမဲ့။ လွန်ကဲစွာ။ ပိုလွန်းစွာ"**လို့ အဓိပ္ပာယ်ဖွင့်ဆိုထားတဲ့အကြောင်းလေ။ ဟုတ်တယ်မဟုတ်လား"

"သိပ်ဟုတ်တာပေါ့ကွာ။ **"မြန်မာအဘိဓာန်"**မှာ **အရမ်း**ကို အဲဒီလိုအဓိပ္ပာယ်ဖွင့်ဆိုထားသလို **"ရမ်း"**ကို **"အဆင်အခြင်မဲ့ပြုမူပြောဆိုသည်"၊ "မတွက်မဆဘဲ အမှန်းအားဖြင့်"**လို့ အဓိပ္ပာယ်ဖွင့်ဆိုထားတယ်။ **"ရမ်းကား"**ကိုလဲ **"မဆင်မခြင်ထင်ရာပြုမူသည်"**လို့ အဓိပ္ပာယ်ဖွင့်ဆိုထားသေးတယ်ကွ။

ဒါပေမဲ့ ကျွဲပါးစောင်းတီးအချည်းနှီးဖြစ်နေတယ်ကွ။ လူတွေက စကားကို လွယ်လွယ်ပဲပြောဆိုနေကြတယ်။ "အရမ်း.. အရမ်း"လို့ ပြောဆိုနေရတာကိုပဲ အာတွေ့လျှာတွေ့ဂုဏ်ယူနေကြပုံရတယ်။ **"သောက်ရမ်းကောင်း၊ သောက်ရမ်းလှ"**လို့ ဆဲဆိုသလို ပြောလာကြတော့မယ်။ ရိုင်းစိုင်းလာကြတော့မယ်။ ငါအယ်ဒီတာလုပ်ခဲ့တုန်းက ငါ့အယ်ဒီတာစားပွဲကို ရောက်လာတဲ့ စာမူတွေထဲမှာ **"အရမ်း .. .အရမ်း"** စကားလုံးတွေပါလာရင် သုံးသင့်တာဆိုရင် **"အရမ်း"**ကို ထည့်သုံးပေးခဲ့တယ်။ မသုံးသင့်တာဆိုရင် **"အရမ်း"**အစား **"သိပ်"**တို့၊ **"အလွန်"**တို့၊ **"တော်တော်"**တို့၊ **"အင်မတန်"**တို့နဲ့ အစားထိုးသုံးပေးနေခဲ့တာကွ"

"မင်းပြောတာ ရှုပ်သွားပြီကွာ။ ငါနားမလည်သေးဘူး၊ ရှင်းအောင်ပြောစမ်းပါ"

"ဒီလိုကွာ။ ဥပမာဇာတ်လမ်းအရ အရက်တွေ **အရမ်း**သောက်လို့၊ မတည့်တာတွေ**အရမ်း**စားလို့၊ ကားကို**အရမ်း**မောင်းလို့ ဒီလိုဖြစ်တာပါလို့ ရေးသားထားရင် **"အရမ်း"**ရဲ့အဓိပ္ပာယ်နဲ့ကိုက်ညီလို့ လွှတ်ပေးလိုက်တယ်။ **အရမ်း**လှတယ်။ **အရမ်း**ကောင်းတယ်လို့ ရေးသားထားရင် **"အရမ်း"**အစား **"သိပ်**လှတယ်။ **အလွန်**လှတယ်။ **တော်တော်**လှတယ်။ **အင်မတန်**လှတယ်။ **သိပ်**ကောင်းတယ်။ **အလွန်**ကောင်းတယ်။ **တော်တော်**ကောင်းတယ်၊ **အင်မတန်**ကောင်းတယ်လို့ ပြင်ဆင်တည်းဖြတ် ထည့်ပေးလိုက်တယ်ကွ။ **အရမ်း**လှတယ်ဆိုရင် စည်းမဲ့ကမ်းမဲ့အလှ။ မဆင်မခြင်အလှ။ မြန်မာ့ယဉ်ကျေးမှုနဲ့ ဆန့်ကျင်တဲ့အလှ။ ကာမရာဂနှိုးဆွတဲ့အလှလို့ အဓိပ္ပာယ်ဖွင့်ဆိုရတော့မှာကွ။ မြန်မာစာမြန်မာစကားမှာ ဝေါဟာရတွေ ပေါကြွယ်လွန်းလှပါတယ်ကွာ။ သူ့နေရာနဲ့သူ၊ အံဝင်ခွင်ကျ မှန်မှန်ကန်ကန်သုံးနှုန်းတတ်ဖို့ပဲလိုတာကွ။ ကြုံတုန်းမှာ **"ဆရာ မောင်ခင်မင် (ဓနုဖြူ)"** ရေးသားခဲ့တဲ့ **"အရမ်းဂယက်"**အကြောင်းကို ပြောပြအုံးမယ်။

ဆရာ မောင်ခင်မင်(ဓနုဖြူ)က ၂၀၁၉ ခုနှစ် မေလ ၁၈ ရက်ထုတ် မြန်မာ့အလင်းသတင်းစာထဲမှာ **"အရမ်းဂယက်"**ခေါင်းစီးနဲ့ ဆောင်းပါးရေးသားခဲ့ဖူးတယ်။ အရမ်းဆိုတဲ့စကားက မဆင်မခြင်၊ အလွန်အကျွံ၊ ရမ်းရမ်းကားကားဆိုတဲ့ အဓိပ္ပာယ်ရှိတယ်။ **"အရမ်းကာရော"**တို့ **"အရမ်းပဲ"**တို့လဲ ရှိတာပဲ။ ဒီစကားလုံးရဲ့နောက်ကွယ်မှာကပ်ပါနေတဲ့ အငွေ့အသက်က မကောင်းတဲ့သဘောပါတဲ့ အငွေ့အသက်ပါ။ စာပေဝေါဟာရအနေနဲ့ **"ဂယက်"**အနက်၊ အင်္ဂလိပ်လိုသုံးရင်တော့ Connotation ပေါ့။ အရင်က **"အရမ်းတကာ့ တာတေလန်"**ဆိုတဲ့ အသုံးကို တော်တော်တွင်ကျယ်ခဲ့ပါတယ်။

အရမ်းဆိုတဲ့စကားလုံးဟာ မူလက မကောင်းတဲ့အဓိပ္ပာယ်ရှိနေတော့ ဓာတ်ဆီထည့်တဲ့ပုလင်းလို၊ ငါးပုပ်ထုပ်တဲ့ဖက်လို အဲဒီစကားလုံးမှာ အဲဒီမကောင်းတဲ့အဓိပ္ပာယ်အငွေ့အသက်တွေ၊ မကောင်းတဲ့ဂယက်တွေ စွဲနေပြီပဲဗျာ။ **"အရမ်း"**ကို **"ကျေးဇူးတင်တာ"**နဲ့တွဲတွဲ၊ **"ကောင်း"**နဲ့တွဲတွဲ၊ **"ဝမ်းသာ"**နဲ့တွဲတွဲ အရမ်းရဲ့ မကောင်းတဲ့အငွေ့အသက်တွေစွဲနေမှာမို့ မသင့်လျော်ဘူးပေါ့ဗျာ"လို့ ဆင်ခြင်ကြဖို့ သတိပေးရေးသားခဲ့တယ်ကွ။

ခုတော့ကွာ။ အများညီရင် **ဤ**ကို **ကျွဲ**လို့ ဆိုနေကြပြီကွ။ ငါကတော့ အသုံးတွင်သွားလို့ နားယဉ်နေကြတဲ့အမှားတွေကို နားကြားပြင်းကတ်နေတာကြာပြီကွ။ ဒါကြောင့် **"အမှားကြာလျှင် အမှန်ထင်၊ ပြန်ပြင်မရ လူ့လောက"**လို့ ဆရာကြီးဦးသုခက ပြောဆိုဆုံးမခဲ့တဲ့သြဝါဒကိုခံယူပြီး ငါစွမ်းဆောင်နိုင်သမျှ အဲဒီအမှားကြီးကို အမှန်ဖြစ်အောင် ကြိုးစားနေမှာပဲကွ။ ပိုဆိုးတာက **"အရမ်း"**ဆိုတာ မှုခင်းတွေမှာ သုံးနှုန်းတဲ့စကားကွ"

"အရမ်းဆိုတာ မှုခင်းတွေမှာ သုံးတဲ့စကား၊ ဟုတ်လား"

"ဟုတ်တယ်။ ဥပဒေပုဒ်မတွေထဲမှာ သုံးတဲ့စကားပဲ။ **"မြန်မာအဘိဓာန်"**မှာ **"အရမ်း"**နဲ့ပတ်သက်လို့ **"မစဉ်းစားမဆင်ခြင်ဘဲ ပြုမူမှု၊ စည်းမဲ့ကမ်းမဲ့ ပြုလုပ်မှု၊ လွန်လွန်ကဲကဲပြုမူမှု"**လို့ ဖွင့်ဆိုထားတယ် မဟုတ်လား"

"အေးလေ၊ ဟုတ်ပါတယ်။ မှုခင်းဥပဒေတွေနဲ့ ဘယ်လိုဆိုင်သလဲဆိုတာ ရှင်းပြပါအုံးကွာ"

"ရှင်းပြမယ်။ မင်းနားလည်အောင် အခြေခံသဘောလေးကို အရင်ရှင်းပြမယ်။ လူတွေဟာ စည်းကမ်းနဲ့ စနစ်တကျပြုမူနေထိုင်ကြရင် အသက်ဘေးအန္တရာယ်က ကင်းဝေးကြပေမဲ့ သတိလက်လွတ်ပြီးကပစ်၊ ဖြစ်သလို ပေါ့ပေါ့နေပေါ့ပေါ့စားမဆင်မခြင် လုပ်နေကြရင်တော့ ကိုယ်တိုင်လဲဒုက္ခရောက်၊ ကိုယ့်ပေါ့ဆမှုကြောင့် ဘေးလူတွေလဲ အန္တရာယ်ဖြစ်တော့တာပဲကွ"

"မင်းက ဘာကိုဆိုလိုတာလဲ။ ရှင်းရှင်းပြောစမ်းပါကွာ"

"ဩော်...တို့ မှုခင်းဂျာနယ်တွေထဲမှာ လှေချင်းတိုက်မှုတွေ၊ စက်တပ်မော်တော်ချင်းတိုက်မှုတွေ၊ အထူးသဖြင့် ကားတိုက်မှုထက် ရေယာဉ်တိုက်မှုကြောင့် နစ်မြှုပ်မှုတွေကို မကြာခဏဖော်ပြပေးနေရတော့ ငါစဉ်းစားကြည့်တာပါ။ ဒါဟာ အသက်ရှိတဲ့လူတွေရဲ့ ပေါ့ဆမှုနဲ့ မဆင်မခြင်ပြုမူမှုတွေကြောင့် ဖြစ်ပွားရတဲ့ဒုက္ခတွေပဲလို့။ ဒါကြောင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၇၉ မှာ ပြဋ္ဌာန်းထားတာရှိတယ်ကွ။

"မည်သူမဆို လူ့အသက်ကို အန္တရာယ်ဖြစ်စေအောင်သော်လည်းကောင်း (သို့တည်းမဟုတ်) နစ်နာစေတန်လောက်အောင်လည်းကောင်း၊ အရမ်းဖြစ်စေ၊ ပေါ့လျော့စွာဖြစ်စေ၊ အများပြည်သူဆိုင်ရာလမ်းပေါ်၌ ယာဉ်ကိုမောင်းလျှင် (သို့တည်းမဟုတ်) စီးလျှင် ထိုသူကို နှစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ တစ်ထောင်ထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေချမှတ်ရမည်"လို့ ပြဋ္ဌာန်းထားတယ်ကွ။

မူလကတော့ ထောင်ဒဏ်ခြောက်လပဲ ပြဋ္ဌာန်းထားတာကွ။ နောက်မှ ကားတိုက်မှုတွေ တစ်နေ့တခြား များပြားလွန်းလာလို့ ၁၉၄၈ ခုနှစ်မှာ နှစ်နှစ်ထိ ပြစ်ဒဏ်တိုးသတ်မှတ်လိုက်တာ။ ဒီနေရာမှာ ငါအဓိကထား ပြောချင်တာက-

"အရမ်းဖြစ်စေ၊ ပေါ့လျော့စွာဖြစ်စေဆိုတဲ့ စကားကို ပြောပြချင်တာပါ။ **အရမ်းပြုတယ်**ဆိုတာက မပြုလုပ်သင့်တာကို ပြုလုပ်မှုပဲကွ။ **ပေါ့လျော့မှု**ဆိုတာက ပြုလုပ်သင့်တာကို မပြုလုပ်တာပဲကွ။ ဆိုလိုတာကကွာ မင်းကိုငါ သာဓကတစ်ခု ပြောပြမယ်ကွာ။ ပန်းတောင်း၊ ဥသျှစ်ပင်နဲ့ တောင်ကုတ်ကြားက တောင်ပေါ်ကားရပ်နားစခန်းမှာ ကားခေတ္တနားနေစဉ်မှာ ကားသမားတွေက အရက်သောက်လေကန်နေကြတယ်။ ခရီးသည်တွေက စောင့်ရတာကြာတော့ တစ်ယောက်တစ်ပေါက် ပူပူညံညံအသံတွေထွက်လာရော။ မကျေနပ်သံ၊ တောက်ခေါက်သံတွေပါလာတယ်။ ဒီတော့ ယာဉ်မောင်းက ဒီလောက်တောင် မြန်ချင်လှတာ မောင်းပြမယ်ဆိုပြီး တောင်ဆင်းတောင်တက်လမ်းမှာ မူးမူးရူးရူးနဲ့ဒေါကန်ပြီး တရကြမ်းမောင်းလိုက်တာ ကားတစ်စီးလုံး ချောက်ထဲကျသွားတာ အားလုံးသေကုန်ကြပါလေရောကွာ။ အဲဒါဟာ **အရမ်းပြုတယ်**ဆိုတဲ့ ရမ်းကားမှုပဲပေါ့ကွာ။

ကားတစ်စီးကတော့ ယာဉ်နောက်လိုက်ရဲ့ ပေါ့လျော့မှုပဲကွ။ တောင်းဆင်းတောင်တက်မှာ အရှိန်နဲ့ဆင်း အရှိန်နဲ့တက်ရတယ် မဟုတ်လား။ အဓိကဆောင်ထားရတာက **ကျမ်းတုံး**ပဲကွ။ ကားရပ်ရင်ပဲဖြစ်ဖြစ်၊ အဆင်းအတက်ပဲဖြစ်ဖြစ် ကျမ်းတုံးခံကြရတယ်လေ။ အဲဒါ အတက်မှာကျမ်းတုံးခံဖို့ အရေးပေါ်လိုလို့ ကျမ်းတုံးရှာတော့ ကျမ်းတုံးက ထမင်းဆိုင်မှာကျန်ခဲ့လို့ ဒုက္ခရောက်ရောဟေ့။ ကားက နောက်ဘက်လိမ့်ဆင်းသွားတာ ချောက်ထဲကျ ဝါးရုံပင်အုပ်စုပေါ်သွားကျမိလို့ အသက်ဘေးက လွတ်ပေမဲ့ ကားကို တောင်ပေါ်လမ်းဆွဲတင်ရတာ ကုန်ကျစရိတ်က တော်တော်ထိသွားတယ်ကွ။ အဲဒီကားပိုင်ရှင်ဟာ ကားလုပ်ငန်းကို စိတ်ကုန်သွားလို့ အဲဒီကားကို ရောင်းပစ်လိုက်တယ်ကွ။ အဲဒါဟာ **ပေါ့လျော့မှု**ကြောင့်ဖြစ်ရတာပဲကွ။ အလားတူဖြစ်ရပ်မျိုးတွေက အများကြီးရှိပါတယ်ကွာ"

အရမ်းပြုတာတို့၊ ပေါ့လျော့တာတို့ဆိုတာမှာ ယာဉ်မောင်းသူတွေမှာသာ ရှိတာမဟုတ်ဘူး။ လမ်းသွားလမ်းလာတွေမှာလဲ ရှိတာပဲကွ။ မီးစိမ်းနေတုန်းမှာ ရှေ့နောက်ဝဲယာမကြည့်ဘဲ လမ်းကို အရမ်းဖြတ်ကူးတာတွေ၊ ရပ်ထားတဲ့ကားရှေ့ သတိလက်လွတ် မဆင်မခြင်ဖြတ်ကူးတာတွေဟာ အန္တရာယ်တွေပေါ့ကွာ။ ကားနောက်ခြေနင်းမှာ မတ်တတ်ရပ်လိုက်ရင်း ကားက ချိုင့်ခွက်ထဲကျပြီး လှုပ်လိုက်တော့ ကားပေါ်က လိမ့်ကျ။ ကတ္တရာလမ်းနဲ့ခေါင်းနဲ့ဆောင့်မိပြီး သေကြရတာလဲ ပေါ့လျော့မှု၊ မဆင်မခြင်ပြုမူမှု၊ သတိလွတ်ကင်းမှုကြောင့်ပဲကွ။

အဲဒါတွေက ကားနဲ့ဖြစ်ပွားကြရတဲ့ **အရမ်းပြုမှုနဲ့ ပေါ့လျော့မှု**ပဲကွ။

ရေယာဉ်တွေနဲ့ပတ်သက်လို့က ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၈၀ မှာ ပြဋ္ဌာန်းထားတာရှိတယ်ကွ။

"မည်သူမဆို လူ့အသက်အန္တရာယ်ဖြစ်စေအောင်သော်လည်းကောင်း၊ သူတစ်ပါးအား နာကျင်စေလောက်အောင် (သို့တည်းမဟုတ်) နစ်နာစေတန်လောက်အောင်သော်လည်းကောင်း အရမ်းဖြစ်စေ၊ ပေါ့လျော့စွာဖြစ်စေ၊ ရေယာဉ်ကို ဦးစီးသွားလာလျှင် ထိုသူကို(ခြောက်လအထိ) ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ တစ်ထောင်ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ် စလုံးဖြစ်စေချမှတ်ရမည်"လို့ ပြဋ္ဌာန်းထားတယ်ကွ။

"အဲဒီပုဒ်မက ကုန်းပေါ်က ယာဉ်တွေအတွက် သတ်မှတ်ထားတဲ့ ပုဒ်မ ၂၇၉ လောက် ပြစ်ဒဏ်က မများပါလားကွ။ တကယ်ဆိုရင် ကားမှောက်ကားတိုက်တာက လူနည်းစုပဲ ဒဏ်ရာရကြ၊ သေကြရတာ။ လှေမှောက်၊ မော်တော်မှောက်၊ သင်္ဘောမှောက်လို့ ကတော့ အားလုံးသေကြရတာက များတယ်ကွ။ အဲဒါကို စဉ်းစားကြဖို့ကောင်းတယ်"

"ငါသိထား၊ လေ့လာထားမိသလောက်တော့ ပုဒ်မ ၂၇၉ ကို ခြောက်လကနေ နှစ်နှစ်အထိ ပြစ်ဒဏ်တိုးလိုက်ပေမဲ့ ရေယာဉ်တွေနဲ့ပတ်သက်တဲ့ ပုဒ်မ ၂၈၀ ကိုတော့ ပြစ်ဒဏ်တိုးထားတာ မတွေ့ရဘူးကွ။ ပြစ်ဒဏ်တွေကို တိုးပြီးပြင်ဆင်ထားတဲ့ ဥပဒေတွေရှိတယ်ကွ။ ငါလေ့လာနေတုန်းပဲ။ ပုဒ်မ ၂၈၁ မှာ ပြဋ္ဌာန်းထားတာကတော့-

စာမျက်နှာ ၅ သို့ á

❖ "မြန်မာအဘိဓာန်"မှာ "အရမ်းဆိုတာ မစဉ်းစားမဆင်ခြင်ဘဲ။ စည်းမဲ့ကမ်းမဲ့။ လွန်ကဲစွာ။ ပိုလွန်းစွာ"လို့ အဓိပ္ပာယ်ဖွင့်ဆိုထားတဲ့အကြောင်းလေ။ ဟုတ်တယ်မဟုတ်လား" "သိပ်ဟုတ်တာပေါ့ကွာ။ "မြန်မာအဘိဓာန်"မှာ အရမ်းကို အဲဒီလိုအဓိပ္ပာယ်ဖွင့်ဆိုထားသလို "ရမ်း"ကို "အဆင်အခြင်မဲ့ပြုမူပြောဆိုသည်"၊ "မတွက်မဆဘဲ အမှန်းအားဖြင့်"လို့ အဓိပ္ပာယ်ဖွင့်ဆိုထားတယ်။ "ရမ်းကား"ကိုလဲ "မဆင်မခြင်ထင်ရာပြုမူသည်"လို့ အဓိပ္ပာယ်ဖွင့်ဆိုထားသေးတယ်ကွ။ ❖

၂၀၂၆ ခုနှစ်၊ (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ နိုင်ငံတော်၏အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၂။ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်အတူ တိုင်းရင်းသားလူမျိုးများအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

၃။ နိုင်ငံတော်အတွင်း တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများထွန်းကားလျက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၄။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ ယုံကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်ရေး။

၅။ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းဖော်ဆောင်ရေး။

ရေဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့

ရေဦး ဇန်နဝါရီ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ရေဦးမြို့နယ်တွင် ထောပတ်ပဲ ၃၁၄၇ ဧကစိုက်ပျိုးရန် လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၃၄၉၈ ဧကစိုက်ပျိုးပြီး စီးပြီဖြစ်ကြောင်း သိရသည်။

"ရေဦးမြို့နယ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ထောပတ်ပဲ ၃၁၄၇ ဧက လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့ထိ ၃၄၉၈ ဧကစိုက်ပျိုးပြီးစီး ပြီဖြစ်ပါတယ်။ လျာထား ဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ထောပတ်ပဲ စိုက်ပျိုးမှုကတော့ ဖြစ်ထွန်း အောင်မြင်ပါတယ်။ ထောပတ်ပဲဟာ စျေးကွက်ဝင် သီးနှံဖြစ်တဲ့အတွက် အားထား စိုက်ပျိုးကြတာဖြစ်ပါတယ်" ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ရေဦးမြို့နယ်တွင် မိုးသီးနှံ စိုက်ပျိုးရာသီ၌ ဒေသခံတောင်သူများက ထောပတ်ပဲများကို သီးသန့် စိုက်ပျိုးကြပြီး အချို့တောင်သူများက သီးညှပ်စိုက်ပျိုးကြကြောင်း သိရသည်။

ရေဦးမြို့နယ်တွင် ထောပတ်ပဲ စိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ထောပတ်ပဲ အထွက်နှုန်းတိုးတက်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ ပိုးမွှားရောဂါကာကွယ်ရေး တို့ကို အသိပညာပေးခဲ့ကြောင်း သိရသည်။

ထောပတ်ပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံနိုင်မည့် အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက် လာနိုင်မည်ဖြစ်ရာ ထောပတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေးကြိုးပမ်းသင့်ကြောင်း ခရိုင် ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။ (၂၀၆)

လမြတ်တပို့တွဲ

- ကုံရာသီ အလှပိုကဲ
  လတပို့တွဲ အချိန်ခါ၊
  ရပ်ရှစ်ခွင် နှင်းမြူဆိုင်းလို့
  မှိုင်းမှုန်ရီပြာ၊
  မာဃနက္ခတ် ထွန်းပကာ
  ရှုပ်အသွင်မှာ အိုးထမ်းယောက်ျား၊
  လက်ပံပင် ဆက်ရက်တွေမြူးတယ်
  တွန်ကျူးကြဌက်ခါး။

- ဥသြပျို ပင်ယံဖျားမှာတော့
  တေးသံကြား သံသာယာ၊
  ပေါက်လဲပင် ဖူးပွင့်ကြလို့
  ထူးတင့်လှစွာ၊
  ရော်ရွက်တို့ မြေခရာ
  နွေလအခါ အစပျိုး၊
  လယ်ကွင်းပြင် လမ်းတစ်လျှောက်
  ခန်းခြောက်လယ်ရိုး။

- ထမနဲပွဲကို နှစ်စဉ်ထိုးလို့
  ရိုးရာအလှူပွဲ တူပျော်ပျော်၊
  ညံရိုးထင်းကို မီးရှို့ကြလို့
  ဗုဒ္ဓပူဇော်၊
  သြဝါဒပါတိမောက်ခေါ်
  မြတ်ဒေသနာတော် ဟောကြားနေ့၊
  ရာသီချိန် နှင်းရည်ရွှဲသည့်
  တပို့တွဲလပြည့်။ ။

ပန်းမာလာ

á စာမျက်နှာ ၄ မှအဆက်

"မည်သူမဆို ယာဉ်တစ်စီးစီးကို လွဲမှားစေရန် ကြံရွယ်၍သော်လည်းကောင်း၊ လွဲမှားစေတန်ရာသည်ကို သိလျက်နှင့်သော်လည်းကောင်း မမှန်သောမီးရောင်ကို (သို့တည်းမဟုတ်) အမှတ်အသားကို (သို့တည်းမဟုတ်)ဗောကိုပြလျှင် ထိုသူကို ခုနစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည်"လို့ ပြဋ္ဌာန်းထားတယ်ကွ။ အဲဒီပြစ်ဒဏ်ကတော့ ပြင်းပြင်းထန်ထန်ပဲ ချမှတ်ထားတယ်ကွ"

"ဒါကတော့ကွာ ဝဲကတော့ရှိတဲ့နေရာ၊ ကျောက်ဆောင်ရှိတဲ့နေရာမှာ ဒုက္ခရောက်အောင် မော်တော်ဖြစ်စေ၊ သင်္ဘောဖြစ်စေ တစ်စီးလုံးသေအောင် ရည်ရွယ်လုပ်ကြံတဲ့ပြစ်မှုဆိုတော့ ငါ့အနေနဲ့ပြောရရင် ကြိုတင်ကြံရွယ်လူသတ်မှုပဲကွ။ သတ်တာမှ တစ်ယောက်တည်းသေအောင်သတ်တာမဟုတ်ဘူး။ လူအများကြီးသေအောင် သတ်တာ။ ကုန်ပစ္စည်းမြောက်မြားစွာဆုံးရှုံးအောင်လုပ်ကြံတာမို့ ဒီထက်ပြင်းထန်တဲ့ပြစ်ဒဏ်ကို ပေးသင့်တယ်လို့ယူဆတယ်ကွာ"

"ဒါက မင်းအမြင်ကိုး။ ဥပဒေအမြင်က ရှိသေးတယ်လေ။ တစ်လက်စတည်း မင်းသိအောင် ပုဒ်မ ၂၈၂ ကို ဆက်ပြောရမယ်ဆိုရင်-

"လူ့အသက်ကို အန္တရာယ်ဖြစ်စေသည့်အခြေခံရှိသော (သို့တည်းမဟုတ်) ထိုသို့အန္တရာယ်ဖြစ်စေလောက်အောင် ဝန်ပိုတင်သောရေယာဉ်ဖြင့် မည်သူမဆိုသိလျက်နှင့်သော်လည်းကောင်း၊ ပေါ့လျော့စွာသော်လည်းကောင်း၊ ရေလမ်းခရီးတွင် လူတစ်ဦးတစ်ယောက်ကို အခယူ၍ သယ်ယူပို့ဆောင်လျှင် (သို့တည်းမဟုတ်) သယ်ယူပို့ဆောင်စေလျှင် ထိုသူကိုခြောက်လထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ တစ်ထောင်ထိ ဒဏ်ငွေကိုဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည်"လို့ ပြဋ္ဌာန်းထားတယ်ကွ။ အဲဒါက ပြဋ္ဌာန်းချက်အဟောင်းပေါ့ကွာ။

ပုဒ်မ ၂၈၂ က ကြိုတင်သတိပေးတားမြစ်ချက်ပဲကွ။ လေနဲ့ လူအင်အားအမျှဘဲတင်တာတွေ၊ မော်တော်၊ သင်္ဘော ဝန်တင်ဆောင် နိုင်မှုအတိုင်းအတာထက်ကျော်လွန်ပြီး ခရီးသည်တွေနဲ့ ကုန်ပစ္စည်းတွေကို ငွေလောဘဇောတိုက်ပြီး တင်ကြသူတွေ၊ သတိထားကြစေဖို့ ပြဋ္ဌာန်းထားတာပဲကွ။ မကြာမီနှစ်ထဲတုန်းက လူတွေရာချီပြီးသေဆုံးသွားတဲ့ သမ္ဘန်မှောက်မှုမှာ သမ္ဘန်မောင်းသူကို ထိုက်တန်တဲ့ပြစ်ဒဏ် ချမှတ်ခဲ့တယ်ကွ"

"အေးကွာ၊ အဲဒီလိုဥပဒေတွေနဲ့ ပြဋ္ဌာန်းတားမြစ်နေတဲ့ကြားထဲက အရမ်းပြုလုပ်မှုနဲ့ ပေါ့လျော့မှုတွေကတော့ ရှိနေကြဆဲပဲနော်"

"ဒါကတော့ သူငယ်ချင်းရာ လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနတွေကြောင့် အရမ်းပြုမူကြတဲ့သူတွေ၊ မဆင်မခြင်လုပ်နေကြသူတွေ၊ လျော့တိလျော့ရဲနဲ့ပေါ့ဆနေကြသူတွေဟာ အရင်ကလဲ ရှိခဲ့ကြတယ်။ အခုလဲရှိနေကြဆဲပဲ။ နောင်လဲရှိနေကြအုံးမှာပါကွာ။ သိသာမြင်သာရှိလှတဲ့ သာဓကတွေက ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးမှာ အများကြီးရှိတယ်ကွ။ နေ့စဉ်နဲ့အမျှ မဆင်မခြင်**"အရမ်း"**ပြုလုပ်မှုတွေနဲ့ **"ပေါ့လျော့"**မှုတွေကြောင့် သေကျေဒဏ်ရာရနေကြရတယ်လေကွာ။ ဒါကြောင့် တို့က မီဒီယာသမားတွေဆိုတော့ အန္တရာယ်ကို ကြိုတင်ကာကွယ်ကြဖို့အတွက် စာမျက်နှာထက်မှာ သင်ခန်းစာပေးရေးသားနေကြအုံးမှာပဲကွ။

ရှေးက ပညာရှင်ကြီးတွေကလဲ တို့တစ်တွေကို သတိပေးလမ်းညွှန်ဆုံးမခဲ့ကြတာပဲကွ။ ငါအလွတ်တောင်ရနေပါတယ်။

မဃဒေဝမှာ **"တစ်စုံတစ်ခု၊ မျှော်မရှုဘဲ၊ အပြုချွတ်ယွင်း၊ သတိကင်းက၊ မှုခင်းထွေလာ၊ ဖြစ်တတ်စွာရှင့်"**လို့ သတိပေးခဲ့သလို သြဝါဒထူးပျို့မှာ **"အပြစ်အကျိုး၊ အတိုးအယုတ်၊ အဆုတ်အတက်၊ အချက်ချက်ကို၊ ဆဝက်မရှိ၊ ချိန်ဖြင့်ညှိသို့၊ သတိယှဉ်ယှဉ်၊ သမ္ဘဇဉ်နှင့်၊ ဖြေဖျဉ်သိမ်းရုပ်၊ ဥာဏ်လက်ဆုပ်၍ တည်းချုပ်နိုင်မှ လိုရာကျအံ့"**လို့ ဆုံးမခဲ့ကြတယ်ကွ။ ဒုံပြင် လောကနီတိပျို့မှာကလဲ **"ဆိုင်းလင့်မရှိ၊ သတိမထား၊ ပြုမိမှားသား၊ နည်းပါးပညာ၊ သူတို့မှာကား၊ နောင်ခါနောင်တ၊ ပူပန်ရ၏"**လို့လဲ လမ်းညွှန်ပေးထားပါသေးတယ်ကွာ"

"မင်းက စာရေးဆရာ၊ အယ်ဒီတာပီပီ သတိတရားထားကြဖို့ လမ်းညွှန်သတိပေးချက်တွေ၊ သြဝါဒတွေနဲ့ မီးမောင်းထိုးပြတာ သိပ်ကောင်းတယ်ကွာ။ ဘာပဲလုပ်လုပ် အသိသတိတရားလက်ကိုင်ထားရင် အမှားနည်းမယ်။ အန္တရာယ်ကင်းမယ်။ တိုးတက်ကြီးပွားမယ်ဆိုတာ မြေကြီးလက်ခတ်မလွဲပြောရဲပါတယ် သူငယ်ချင်းရာ။ မင်းရှင်းပြမှပဲ **အရမ်း၊ အရမ်း**လို့ အပြောလွယ်နေကြသူတွေ အရမ်းလှ၊ အရမ်းကောင်းလို့ပြောနေကြသူတွေဟာ တော်တော်ရှက်ဖို့ကောင်းတယ်ဆိုတာ သိလိုက်ရတယ်ကွာ။ အရမ်းရဲ့အဓိပ္ပာယ်ကိုမသိဘဲ ခပ်လွယ်လွယ်ပြောထွက်ရဲနေသူတွေဟာ မြန်မာလူမျိုးတွေမှဟုတ်ကြရဲ့လားလို့ စဉ်းစားကြစေချင်တယ်ကွာ"

"**အရမ်း... အရမ်း... အရမ်း**နဲ့ ရမ်းကားနေကြသူတွေ ရှက်ကြစေချင်စမ်းပါဘိ"

နိုင်ငံတကာ သတင်းများ

ရုရှားသမ္မတနှင့် အမေရိကန်အထူးသံတမန် မော်စကိုမြို့၌ တွေ့ဆုံဆွေးနွေးမည်

မော်စကို ဇန်နဝါရီ ၂၂

ရုရှားသမ္မတပူတင်သည် ယနေ့တွင် အမေရိကန် အထူးသံတမန် စတိဗ်ဝစ်ကော့ဖ်၊ သမ္မတဒေါနယ်ထရမ့်၏သမက် ဂျရက်ကုရှ်နာတို့နှင့် မော်စကိုမြို့၌ တွေ့ဆုံဆွေးနွေးရန်စီစဉ်ထားကြောင်း RT သတင်းဌာနက ဖော်ပြထားသည်။

ရုရှားသမ္မတပူတင်သည် အဆိုပါ အမေရိကန်အစိုးရ ထိပ်တန်းသံတမန်များနှင့် တွေ့ဆုံစဉ် ယူကရိန်း ငြိမ်းချမ်းရေးအစီအစဉ်နှင့်ပတ်သက်၍ ဆွေးနွေးမည်ဖြစ်ကြောင်း ရုရှားမီဒီယာများက သတင်း ထုတ်ပြန်ထားကြောင်း သိရသည်။

အမေရိကန်သမ္မတ ဒေါနယ်ထရမ့်သည် ယူကရိန်းပဋိပက္ခ အဆုံးသတ်ရေးအတွက် သံတမန်ရေးအရကြိုးပမ်းရာတွင် စတိဗ်ဝစ်ကော့ဖ်နှင့် ဂျရက်ကုရှ်နာတို့ကို တာဝန်ပေးထားသည်။

အမေရိကန်နိုင်ငံသည် ယူကရိန်းပဋိပက္ခကို အဆုံးသတ်ပေးနိုင်ရေးအတွက် ရုရှားနိုင်ငံ၊ ယူကရိန်းနိုင်ငံ၊ အခြား ဥရောပအင်အားကြီးနိုင်ငံများနှင့် သီးခြားစီ အကြိမ်ကြိမ် တွေ့ဆုံဆွေးနွေးခဲ့ပြီး ငြိမ်းချမ်းရေး အစီအစဉ်အမျိုးမျိုး တင်ပြခဲ့သော်လည်း လက်ရှိအချိန်ထိ မည်သည့် သဘောတူညီချက်မျှ ရယူနိုင်မှု မရှိသေးကြောင်း သိရသည်။

သို့ရာတွင် ယူကရိန်းပဋိပက္ခကို အဆုံးသတ်ပေးနိုင်မည့် ငြိမ်းချမ်းရေးသဘောတူညီချက် တစ်ရပ်ကို ရယူနိုင်ရန် အလွန်နီးနေပြီဖြစ်ကြောင်း သမ္မတဒေါနယ်ထရမ့်က ဇန်နဝါရီ ၂၁ ရက်တွင် ပြောကြားထားသည်။

၂၀၂၂ ခုနှစ်တွင် စတင်ဖြစ်ပွားခဲ့သည့် ယူကရိန်းပဋိပက္ခသည် ဥရောပတိုက်အတွက် ဒုတိယ ကမ္ဘာစစ်လွန်ကာလ အကြီးမားဆုံး ပဋိပက္ခဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

ကရာချီဈေးဝယ်ကုန်တိုက် မီးလောင်မှု သေဆုံးသူ ၅၅ ဦးထိ ရှိလာ

ကရာချီ ဇန်နဝါရီ ၂၂

ပါကစ္စတန်နိုင်ငံ ကရာချီမြို့ ဈေးဝယ်ကုန်တိုက် မီးလောင်မှုကြောင့် ယနေ့တွင် သေဆုံးသူ ၅၅ ဦးထိ ရှိလာပြီဖြစ်ကြောင်း RT သတင်းဌာနက ဖော်ပြထားသည်။

ဂူးလ်ပလာဇာအမည်ရှိ ဈေးဝယ်ကုန်တိုက် မီးလောင်မှုသည် ဇန်နဝါရီ ၁၇ ရက်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဂူးလ်ပလာဇာ ဈေးဝယ်ကုန်တိုက်မီးလောင်မှုကြောင့် သေဆုံးသူဦးရေမှာ ဇန်နဝါရီ ၁၇ ရက်မှ ယနေ့ထိ ၅၅ ဦး ရှိပြီဖြစ်ကြောင်း ကရာချီမြို့ ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

လက်ရှိတွင် ဂူးလ်ပလာဇာ ကုန်တိုက်အဆောက်အအုံ အပျက်အစီးများအကြားတွင် ပျောက်ဆုံးနေသူများ ရှိ၊ မရှိကို ရှာဖွေကယ်ဆယ်ရေးသမားများက ဆက်လက်ရှာဖွေနေဆဲဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ဂူးလ်ပလာဇာ အဆောက်အအုံ မီးလောင်မှု ဖြစ်ပွားရခြင်း နောက်ခံအကြောင်းရင်းကို ပါကစ္စတန် တာဝန်ရှိသူများက စုံစမ်းစစ်ဆေးနေဆဲဖြစ်သည်။

မီးငြိမ်းသတ်ရေး စနစ်များနှင့် မီးဘေးကာကွယ်ရေး စနစ်များ ကင်းမဲ့မှုကြောင့် ကရာချီမြို့၌ အဆောက်အအုံ မီးလောင်မှုများ မကြာခဏ ဖြစ်ပွားတတ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

ဂရင်းလန်းကျွန်းရယူရေးအတွက် စစ်အင်အားသုံးမည်မဟုတ်ကြောင်း အမေရိကန်သမ္မတ ဒေါနယ်ထရမ့် ပြောကြား

ဒါးဗို့စ် ဇန်နဝါရီ ၂၂

ဂရင်းလန်းကျွန်း ရယူရေးအတွက်ကြိုးစားရာတွင် စစ်အင်အားအသုံးပြုမည် မဟုတ်ကြောင်း အမေရိကန်သမ္မတ ဒေါနယ်ထရမ့် ဇန်နဝါရီ ၂၁ ရက်တွင် ပြောကြားခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဆွစ်ဇာလန်နိုင်ငံ ဒါးဗို့စ်မြို့၌ ကျင်းပနေသည့် ကမ္ဘာ့စီးပွားရေး ဖိုရမ်တွင် အဆိုပါအတိုင်းပြောကြားခဲ့ခြင်းဖြစ်သည်။

မိမိအနေဖြင့် ဂရင်းလန်းကျွန်း ရယူရေးအတွက် ကြိုးပမ်းရာတွင် စစ်အင်အားအသုံးပြုရန် ဆန္ဒမရှိသကဲ့သို့ စစ်အင်အားကိုလည်း အသုံးပြုမည် မဟုတ်ကြောင်း သမ္မတဒေါနယ်ထရမ့်က ပြောကြားခဲ့သည်။

ဂရင်းလန်းကျွန်းသည် အမေရိကန်နိုင်ငံ၏ အမျိုးသားလုံခြုံရေးအတွက် အရေးပါသည်ဖြစ်ရာ အဆိုပါကျွန်း ရယူရေးအတွက် ကြိုးပမ်းရာတွင် စစ်အင်အားအသုံးပြုရေးကို ယခင်က ထည့်သွင်းစဉ်းစားထားကြောင်း သမ္မတဒေါနယ်ထရမ့်က ပြောကြားထားသည်။

အမေရိကန်သမ္မတ ဒေါနယ်ထရမ့်သည် ဒါးဗို့စ်ကမ္ဘာ့စီးပွားရေးဖိုရမ်တွင် မြောက်အတ္တလန္တိတ် စာချုပ်အဖွဲ့ (နေတိုး)အကြီးအကဲ မာ့ခ်ရပ်တီနှင့်တွေ့ဆုံ၍ ဂရင်းလန်းကျွန်းကိစ္စ ဆွေးနွေးခဲ့ကြောင်း သိရသည်။

ဂရင်းလန်းကျွန်းကို ရယူမည့် အမေရိကန်သမ္မတ ဒေါနယ်ထရမ့်၏ကြိုးပမ်းမှုများကို နေတိုးအဖွဲ့ဝင်နိုင်ငံအများအပြားက ကန့်ကွက်ထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အမေရိကန်နိုင်ငံ တရားဝင် နုတ်ထွက်

ဝါရှင်တန် ဇန်နဝါရီ ၂၂

အမေရိကန်နိုင်ငံသည် ယနေ့မှစ၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)မှ တရားဝင်နုတ်ထွက်မည်ဖြစ်ကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

အမေရိကန်သမ္မတ ဒေါနယ်ထရမ့်သည် သမ္မတရာထူး ဒုတိယအကြိမ်ရယူခဲ့သည့် ပထမဆုံးနေ့မှာပင် အမေရိကန်နိုင်ငံအနေဖြင့် WHO မှနုတ်ထွက်မည်ဟု ကြိုတင်အသိပေးထားကြောင်း သိရသည်။

WHO မှ အမေရိကန်နိုင်ငံ နုတ်ထွက်မှုသည် အမေရိကန်ပြည်သူများ၏ ကျန်းမာရေး၊ ကမ္ဘာ့ပြည်သူများ၏ ကျန်းမာရေးတို့အပေါ် ဆိုးကျိုးသက်ရောက်မှု ရှိလာနိုင်ကြောင်း WHO တာဝန်ရှိသူများက ပြောကြားထားသည်။

WHO ၏ စွမ်းဆောင်ရည် ကင်းမဲ့မှုကြောင့် အမေရိကန်နိုင်ငံ အနေဖြင့် အမေရိကန်ဒေါ်လာ ထရီလီယံနှင့်ချီ ဆုံးရှုံးခဲ့ရကြောင်း အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ယနေ့တွင် ပြောကြားထားသည်။

သို့ရာတွင် အမေရိကန်နိုင်ငံ အနေဖြင့် WHO မှ နုတ်ထွက်မှုကို ပြန်လည်စဉ်းစားသုံးသပ်၍ WHO နှင့် ပြန်လည်လက်တွဲမည်ဟု မိမိမျှော်လင့်ထားကြောင်း WHO အကြီးအကဲ ဂျီဘရီယေးဆပ်က သတင်းထောက်များနှင့် တွေ့ဆုံစဉ် ထုတ်ဖော်ပြောကြားထားသည်။

အမေရိကန်နိုင်ငံ၏ ဥပဒေတစ်ရပ်အရ WHO မှ နုတ်ထွက်မည် ဆိုပါက တစ်နှစ်ကြိုတင် အသိပေးရမည်ဖြစ်ပြီး နုတ်ထွက်ချိန်တွင် WHO သို့ ထည့်ဝင်ပေးရမည့် ထည့်ဝင်ကြေး ကြွေးကျန်များအားလုံးကို ပေးချေထည့်ဝင်ရမည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

ဆီးရီးယားအရှေ့မြောက်ပိုင်းမှ အိုင်အက်စ်အကျဉ်းသားများကို အီရတ်အကျဉ်းထောင်များသို့ အမေရိကန်တပ်မတော် စတင်ပို့ဆောင်

ဒမတ်စကတ် ဇန်နဝါရီ ၂၂

ဆီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်း၌ ဖမ်းဆီးထိန်းသိမ်းထားသည့် အစ္စလာမ္မစ် အကြမ်းဖက်အုပ်စု (အိုင်အက်စ်) အကျဉ်းသားများကို အမေရိကန်တပ်မတော်က အီရတ်နိုင်ငံသို့ စတင်ပြောင်းရွှေ့နေကြောင်း ဇန်နဝါရီ ၂၁ ရက်သတင်းများတွင် ရေးသားထားသည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဇန်နဝါရီ ၂၁ ရက်တွင် အိုင်အက်စ် အကျဉ်းသားဦးရေ ၁၅၀ တို့ကို ဆီးရီးယားနိုင်ငံမှတစ်ဆင့် လုံခြုံရေးပိုမိုကောင်းမွန်သော အီရတ် အကျဉ်းထောင်များသို့ လွှဲပြောင်းပို့ဆောင်ခဲ့ကြောင်း အမေရိကန်တပ်မတော်က သတင်းထုတ်ပြန်ထားသည်။

အမေရိကန်တပ်မတော်အနေဖြင့် ဆီးရီးယား အနောက်မြောက်ပိုင်း၌ ဖမ်းဆီး ထိန်းသိမ်းထားသော အိုင်အက်စ်အုပ်စုဝင်များ အနက် ဦးရေ ၇၀၀၀ ကို အီရတ်အကျဉ်းထောင်များသို့ လွှဲပြောင်းပို့ဆောင်ရဖွယ်ရှိကြောင်း သိရသည်။

လက်ရှိတွင် ဆီးရီးယားအရှေ့မြောက်ပိုင်း အကျဉ်းစခန်းများ၌ အိုင်အက်စ်အုပ်စုဝင် ဦးရေ ၉၀၀၀ ကို ထိန်းသိမ်းထားသည်။

ဆီးရီးယားနိုင်ငံရှိ အိုင်အက်စ် အကျဉ်းသားများကို အီရတ်နိုင်ငံသို့ ပြောင်းရွှေ့ထိန်းသိမ်းရေးအတွက် မိမိတို့အနေဖြင့် အီရတ် အပါအဝင် ဒေသတွင်း မိတ်ဖက်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

ဆီးရီးယား အရှေ့မြောက်ပိုင်းရှိ အကျဉ်းစခန်းများကို လက်ရှိတွင် ကာ့ဒ်လူမျိုးများ ဦးဆောင်သည့် ဆီးရီးယား ဒီမိုကရက်တစ်တပ်ဖွဲ့(အက်စ်ဒီအက်ဖ်)က တာဝန်ယူထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

SCIENCE AND TECHNOLOGY

အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်အတွက် ဂြိုဟ်တုအုပ်စုတစ်ခုကို တရုတ်အမျိုးသားအာကာသအေဂျင်စီ လွှတ်တင်ခဲ့

ပေကျင်း ဇန်နဝါရီ ၂၂

အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်အတွက် ဂြိုဟ်တုအုပ်စုတစ်ခုကို တရုတ်အမျိုးသားအာကာသအေဂျင်စီက ဇန်နဝါရီ ၂၁ ရက်တွင် လွှတ်တင်ခဲ့ကြောင်း သိရသည်။

အဆိုပါ အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုအုပ်စုကို လောင်းမတ်ချ်-၁၂ ဒုံးပျံဖြင့် တရုတ်နိုင်ငံတောင်ပိုင်း ဟိုင်နန်ပြည်နယ်မှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး မကြာမီမှာပင် လောင်းမတ်ချ်-၁၂ ဒုံးပျံသည် သယ်ဆောင်ထားသည့် အင်တာနက် ဝန်ဆောင်မှုဂြိုဟ်တုများကို သတ်မှတ် ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့သည်။

အဆိုပါမစ်ရှင်သည် အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုကွန်ရက်အတွက် တရုတ်အမျိုးသားအာကာသအေဂျင်စီက လွှတ်တင်ခဲ့သည့် ၁၉ ကြိမ်မြောက် အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုအုပ်စုဖြစ်ကြောင်း သိရသည်။

ထို့ပြင် အထက်ပါမစ်ရှင်သည် တရုတ်အမျိုးသားအာကာသ အေဂျင်စီက ယခုနှစ်အတွင်း လွှတ်တင်ခဲ့သည့် ၃တိယမြောက် အမျိုးသား အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုကွန်ရက်မစ်ရှင်ဖြစ်သည်။

အဆိုပါ လွှတ်တင်ထားသည့် အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုကွန်ရက်များကို ပေကျင်းအခြေစိုက် ဂလက်ဆီစပေ့စ်ကုမ္ပဏီက တည်ဆောက် ပေးထားခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

ရှင်တီယန်အာကာသရေဒီယိုတယ်လီစကုပ်ကို လွှတ်တင်နိုင်ရေးအတွက် တရုတ်အမျိုးသားအာကာသအေဂျင်စီက ပြင်ဆင်မှုများစတင်နေပြီဖြစ်

ပေကျင်း ဇန်နဝါရီ ၂၂

ရှင်တီယန်အမည်ရှိအာကာသ ရေဒီယိုတယ်လီစကုပ်ကို လွှတ်တင်နိုင်ရေးအတွက် တရုတ်အမျိုးသား အာကာသ အေဂျင်စီက ပြင်ဆင်မှုများ စတင်နေပြီဖြစ်ကြောင်း ဇန်နဝါရီ ၂၁ ရက် သတင်းများအရသိရသည်။

တရုတ်အမျိုးသား အာကာသ အေဂျင်စီ သိပ္ပံပညာရှင်များသည် ရှင်တီယန် အာကာသရေဒီယိုတယ်လီစကုပ်၏ စူးစမ်းလေ့လာရေးစနစ်များစမ်းသပ်မှုကို အောင်မြင်စွာ ပြုလုပ်နိုင်ခဲ့ကြောင်း သိရသည်။

ရှင်တီယန် အာကာသရေဒီယိုတယ်လီစကုပ်ကို ၂၀၂၇ခုနှစ် နှစ်စဉ်ပိုင်းတွင် လွှတ်တင်ရန် တရုတ်အမျိုးသားအာကာသ အေဂျင်စီက သတင်း ထုတ်ပြန်ထားကြောင်း သိရသည်။

တရုတ်အမျိုးသားအာကာသ အေဂျင်စီသည် ရှင်တီယန် အာကာသ ရေဒီယိုတယ်လီစကုပ်ကို လောင်းမတ်ချ်-၅ ဘီ ဒုံးပျံဖြင့် လွှတ်တင်မည်ဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီးနောက် ရှင်တီယန် အာကာသရေဒီယိုတယ်လီစကုပ်သည် ကမ္ဘာပတ်လမ်းအနိမ့်ပိုင်း၌ သီးခြားပျံသန်းမည်ဖြစ်ပြီး ပြုပြင်ထိန်းသိမ်းရန် လိုအပ်လာပါက တီယန်ကောင်း အာကာသ စခန်း၌ ဆိုက်ကပ်မည်ဖြစ်ကြောင်း တရုတ် အမျိုးသားအာကာသ အေဂျင်စီ တာဝန်ရှိသူများက ပြောကြားသည်။

ရှင်တီယန်အာကာသ ရေဒီယိုတယ်လီစကုပ်သည် အမေရိကန် အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေး အေဂျင်စီ (နာဆာ)က လွှတ်တင်ထားသည့် ဟက်ဘယ်အာကာသ ရေဒီယိုတယ်လီစကုပ်ထက် စူးစမ်းလေ့လာနိုင်စွမ်း ပိုမိုအားကောင်းကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

အင်္ဂါဂြိုဟ်အနေဖြင့် တစ်ချိန်သောအခါက ကမ္ဘာဂြိုဟ်ပေါ်ရှိ အာတိတ်သမုဒ္ဒရာအရွယ်အစားတမျှကြီးမားသည့် သမုဒ္ဒရာတစ်စင်းကို ပိုင်ဆိုင်ခဲ့ဖွယ်ရှိ

ဘန်း ဇန်နဝါရီ ၂၂

အင်္ဂါဂြိုဟ်အနေဖြင့် တစ်ချိန်သောအခါက ကမ္ဘာဂြိုဟ်ပေါ်ရှိ အာတိတ်သမုဒ္ဒရာ အရွယ်အစားတမျှကြီးမားသည့် သမုဒ္ဒရာတစ်စင်းကို ပိုင်ဆိုင်ခဲ့ဖွယ်ရှိကြောင်း သိပ္ပံပညာရှင်များ၏အဆိုကို ကိုးကား၍ ဇန်နဝါရီ ၂၁ ရက် သတင်းများအရ သိရသည်။

ဆွစ်ဇာလန်နိုင်ငံ ဘန်းတက္ကသိုလ်မှ သိပ္ပံပညာရှင်များသည် ဥရောပ အာကာသအေဂျင်စီနှင့် အမေရိကန် အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသ စီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)တို့က လွှတ်တင်ထားသည့် အင်္ဂါဂြိုဟ်လေ့လာရေး အာကာသယာဉ်များမှ ရရှိလာသော ဓာတ်ပုံအထောက်အထားများကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ရရှိသည့် အချက်အလက်များအရ အင်္ဂါဂြိုဟ်ပေါ်တွင် ပရိတ်ချာစမာအမည်ရှိ ချောက်ကမ်းပါးနယ်မြေမှ အနည်ကျလွှာများသည် ရှေးခေတ် ကမ်းရိုးတန်းတစ်ခု၏ အကြွင်းအကျန်များဖြစ်သည်။

အဆိုပါ အထောက်အထားအရ တစ်ချိန်သောအခါက အင်္ဂါဂြိုဟ် မြောက်ယဉ်စွန်းတန်းနယ်မြေ၌သမုဒ္ဒရာတစ်စင်းရှိခဲ့ကြောင်းကို ပြသနေခြင်းဖြစ်သည်ဟု သိပ္ပံပညာရှင်များက ပြောကြားသည်။

အင်္ဂါဂြိုဟ်ပေါ်၌ အဆိုပါ သမုဒ္ဒရာတည်ရှိခဲ့သည့် အချိန်သည် လွန်ခဲ့သောနှစ်ပေါင်း ၃ ဒသမ ၃၇ ဘီလီယံခန့်က ဖြစ်နိုင်သည်ဟု သိပ္ပံပညာရှင်များက တွက်ချက်ထားကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

HEALTH

အူမကြီးနှင့်အသည်းကင်ဆာဆဲလ်များကြီးထွားမှုကို တားဆီးနိုင်မည့် ကုထုံးသစ်များပေါ်ထွက်လာနိုင်

လန်ဒန် ဇန်နဝါရီ ၂၂

အူမကြီးကင်ဆာဆဲလ်များနှင့် အသည်းကင်ဆာဆဲလ်များ ကြီးထွားမှုကို တားဆီးနိုင်မည့် ကုထုံးသစ်များ မကြာမီပေါ်ထွက်လာနိုင်ကြောင်း ဇန်နဝါရီ ၂၁ ရက် သတင်းများအရ သိရသည်။

ဗြိတိန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ မျိုးဗီဇ ဖောက်ပြန်မှုကြောင့် ကင်ဆာရောဂါများသည် ဆဲလ်များကြီးထွားရမည့်အချိန်၊ ကြီးထွားရမည့်နေရာတို့ကို ထိန်းချုပ်ပေးသည် WNT Pathway ခေါ် စနစ်ကို အသုံးချနိုင်ကြောင်း သိရသည်။

နောက်ဆက်တွဲအဖြစ် အူမကြီးကင်ဆာ၊ အသည်းကင်ဆာ လူနာများ၌ Nucleophosmin (NPM 1) ခေါ် ပရိတင်းတစ်မျိုး ပေါ်ထွက်မှုအဆင့် မြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

NPM 1 ပရိတင်းများ ပေါ်ထွက်မှုကို ထိန်းချုပ်နိုင်ခဲ့ပါက အူမကြီးကင်ဆာဆဲလ်များနှင့် အသည်းကင်ဆာဆဲလ်များ ကြီးထွားမှုကို တားဆီးနိုင်ဖွယ်ရှိကြောင်း ဗြိတိန် သုတေသန ပညာရှင်များက သုံးသပ်ထားသည်။

NPM 1 ပရိတင်းကို ပစ်မှတ်ထားသည့် ကုထုံးများသည် အူမကြီးကင်ဆာနှင့် အသည်းကင်ဆာ ကဲ့သို့ကုသရန်ခက်ခဲသော ကင်ဆာရောဂါများအတွက် ဘေးကင်းလုံခြုံသည့် ကုထုံးများဖြစ်လာနိုင်ကြောင်း သုတေသနပညာရှင်များက ယူဆထားသည်။

အူမကြီး ကင်ဆာရောဂါနှင့် အသည်းကင်ဆာရောဂါများသည် ကမ္ဘာ့ပြည်သူများကြား ဖြစ်ပွားမှုနှုန်းမြင့်တက်လာသည့် ကင်ဆာရောဂါများ ဖြစ်ကြကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

နေ့စဉ်အစားအစာစားသုံးမှု အလေ့အထများက Dementia ရောဂါဖြစ်နိုင်ခြေ မြင့်တက်လာနိုင်

လန်ဒန် ဇန်နဝါရီ ၂၂

နေ့စဉ် အစားအစာစားသုံးမှု အလေ့အထများသည် အသက်ရလာချိန်၌ ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါ (Dementia) ဖြစ်နိုင်ခြေ မြင့်တက်လာနိုင်ကြောင်း ဇန်နဝါရီ ၂၁ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ကိုယ်ခန္ဓာ၏ အချိန်ကာလ အလိုက် အစာချေဖျက်မှုပုံစံသည် ဦးနှောက် ကျန်းမာရေးအပေါ် အကျိုးသက်ရောက်မှု ရှိလာနိုင်ကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

ဗြိတိန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အစာစားပြီးနောက် သွေးအတွင်း သကြားဓာတ် မြင့်တက်လာမှုကြောင့် Dementia ရောဂါများဖြစ်နိုင်ခြေ မြင့်တက်လာနိုင်ကြောင်း သိရသည်။

ဗြိတိန် သုတေသနပညာရှင်များသည် လူပေါင်း ၃၅၀၀၀၀ ကျော်တို့၏ မျိုးဗီဇအချက်အလက်များနှင့် ကျန်းမာရေးအချက်အလက်များကို လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှပေါ်ထွက်လာသည့် ရလဒ်များအရ အစာစားပြီးနောက် နှစ်နာရီအကြာတွင် သွေးအတွင်း သကြားဓာတ်ပါဝင်မှုအဆင့် မြင့်တက်လာတတ်သူများ၌ အသက်ရလာချိန်တွင် အယ်ဇိုင်းမားရောဂါ ဖြစ်နိုင်ခြေ ၆၉ ရာခိုင်နှုန်း မြင့်တက်လာနိုင်ပြီး အယ်ဇိုင်းမားရောဂါသည် အဖြစ်အများဆုံး Dementia ရောဂါဖြစ်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

Ref : Sputnik News
Trs : KKO

နိုင်ငံတကာ
အားကစားသတင်းများ

ပဲလေ့စ်အသင်းတိုက်စစ်မှူး မာတီတာ အသင်းပြောင်းရွှေ့ခွင့်တောင်းဆို

လန်ဒန် ဇန်နဝါရီ ၂၂

ပဲလေ့စ်အသင်းနှင့် ပြင်သစ် လက်ရွေးစင် အသင်းတိုက်စစ်မှူး မာတီတာသည် အသင်းပြောင်းရွှေ့ခွင့်ပြုရန် ပဲလေ့စ်အသင်းထံ တောင်းဆိုခဲ့ကြောင်း The Mirror သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြထားသည်။

အသက် ၂၈ နှစ်ရှိ တိုက်စစ်မှူး မာတီတာသည် လက်ရှိတွင် ပဲလေ့စ်အသင်းနှင့် စာချုပ်သက်တမ်း ၁၈ လ ကျန်ရှိသော်လည်း ၎င်းကို အခြားပရီးမီးယားလိဂ် ကလပ်အသင်းများနှင့် ဥရောပကလပ်အသင်းများ၏ စိတ်ဝင်စားမှုများကြောင့် အသင်းပြောင်းရွှေ့ခွင့်ပြုရန် ပဲလေ့စ်အသင်းထံ တောင်းဆိုခဲ့ခြင်းဖြစ်သည်။

ထို့ပြင် လက်ရှိ ကစားသမား အပြောင်းအရွှေ့ ကာလအတွင်း မာတီတာကို အီတလီစီးရီးအေ ထိပ်သီးကလပ် ဂျူဗင်တပ်အသင်းက စတာလင်ပေါင် သန်း ၃၀ ဖြင့် ခေါ်ယူရန် ကြိုးပမ်းခဲ့သော်လည်း ပဲလေ့စ်အသင်းက ပြောင်းရွှေ့ကြေးကို စတာလင်ပေါင် သန်း ၄၀ သတ်မှတ်ခဲ့ခြင်းကြောင့် ဆွေးနွေးမှုကြန့်ကြာနေခြင်းဖြစ်သည်။

တိုက်စစ်မှူး မာတီတာသည် ပဲလေ့စ်အသင်းကို ၂၀၂၀-၂၀၂၁ ဘောလုံးရာသီက ဂျာမန်ကလပ် မိန့်ဇ်အသင်းမှ ပြောင်းရွှေ့ခဲ့ပြီး လက်ရှိဘောလုံးရာသီထိ ပဲလေ့စ်အသင်းတွင် ပြိုင်ပွဲစုံ ၁၈၄ ပွဲ၌ သွင်းဂိုး ၅၆ ဂိုးနှင့် ဂိုးဖန်တီးမှု ၁၂ ကြိမ် ပြုလုပ်ထားသည့်အပြင် ပြင်သစ် လက်ရွေးစင်အသင်းတွင် လည်း သုံးပွဲကစားပြီး နှစ်ဂိုး သွင်းယူထားကြောင်း သိရသည်။

Ref : The Mirror

Trs : ML

မြန်မာနေရှင်နယ်လိဂ် ပွဲစဉ်(၁၄)တွင် ရခိုင်ယူနိုက်တက်အသင်းနှင့် သစ္စာအားမာန်အသင်း၊ ရတနာပုံအက်ဖ်စီအသင်းနှင့် ရာမညယူနိုက်တက်အသင်းတို့ သရေရလဒ်ထွက်ပေါ်

ရန်ကုန် ဇန်နဝါရီ ၂၂

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပနေသည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၄) ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင် ကျင်းပခဲ့ရာ ရခိုင်ယူနိုက်တက်အသင်းနှင့် သစ္စာအားမာန်အသင်း၊ ရတနာပုံအက်ဖ်စီအသင်းနှင့် ရာမညယူနိုက်တက်အသင်းတို့ သရေရလဒ် ထွက်ပေါ်ခဲ့ကြကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၁၄)အဖြစ် ယနေ့ ညနေ ၃ နာရီခွဲက သီဟဒီပအားကစားကွင်းတွင် ရခိုင်ယူနိုက်တက်အသင်းနှင့် သစ္စာအားမာန်အသင်းတို့ ကစားခဲ့ရာ ဂိုးမရှိ သရေရလဒ်ဖြင့် ပွဲပြီးဆုံးခဲ့သည်။

အလားတူ ညနေ ၄ နာရီက သုဝဏ္ဏ အားကစားကွင်းတွင် ရတနာပုံအက်ဖ်စီ အသင်းနှင့် ရာမညယူနိုက်တက် အသင်းတို့ ကစားခဲ့ရာ တစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့ပြီး ရတနာပုံအက်ဖ်စီ အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၃၇ မိနစ်တွင် မျိုးဇော်ဦးက သွင်းယူခဲ့ပြီး ရာမညယူနိုက်တက်အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၇၂ မိနစ်တွင် အီမန်နူရယ်က သွင်းယူခဲ့သည်။

ဆက်လက်ပြီး မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၁၄)အဖြစ် ဇန်နဝါရီ ၂၃ ရက်တွင် ဒဂုံစတား အသင်းနှင့် ရှမ်းယူနိုက်တက် အသင်း၊ ရန်ကုန်ယူနိုက်တက် အသင်းနှင့် ဒဂုံပေါ့အသင်း၊ မဟာ ယူနိုက်တက်အသင်းနှင့် ISPE အသင်းတို့ အသီးသီး ဆက်လက် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

STA

ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် ဂျိုကိုဗစ်က ဖရန်ဆက်စကိုကို အနိုင်ရ

မဲလ်ဘုန်း ဇန်နဝါရီ ၂၂

ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့တွင် ကျင်းပနေသည့် ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ဆားဘီးယားတင်းနစ်ကစားသမား ဂျိုကိုဗစ်နှင့် အီတလီတင်းနစ်ကစားသမားဖရန်ဆက်စကိုတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဂျိုကိုဗစ်က(၆-၃၊ ၆-၂၊ ၆-၂)ရလဒ်ဖြင့် အနိုင်ရပြီး တတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း Tennis 365 သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျိုကိုဗစ်က ဂရန်းစလန်းဆုဖလားတစ်လုံး ထပ်မံဆွတ်ခူးရန် ပစ်မှတ်ထားနေပြီး ဆွတ်ခူးခဲ့ပါက တင်းနစ်လောကတွင် ဂရန်းစလန်းဆုဖလားအများဆုံး ကစားသမားအဖြစ် မှတ်တမ်းဝင်မည်ဖြစ်သည်။

ဂျိုကိုဗစ်အနေဖြင့် ဖရန်ဆက်စကိုနှင့် ပွဲစဉ်တွင် ချန်ပီယံလက်စွမ်းမျိုးပြသခဲ့ပြီး ပွဲငယ်သုံးပွဲလုံး၌ ပြတ်သားသည့် ရလဒ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

ဂျိုကိုဗစ်က တင်းနစ်ကစားသမားဘဝသက်တမ်းတစ်လျှောက် ဖရန်ဆက်စကိုနှင့် တစ်ကြိမ်မျှ ယှဉ်ပြိုင်ဖူးခြင်း မရှိသည့်အတွက် အကောင်းဆုံး ကစားနိုင်ရန် သေချာပြင်ဆင်ခဲ့ကြောင်း ပြောကြားခဲ့သည်။

ဂျိုကိုဗစ်က "ဖရန်ဆက်စကိုနဲ့က တစ်ကြိမ်တစ်ခါမှ ယှဉ်ပြိုင်ခဲ့ဖူးခြင်းမရှိသေးသလို သူ့အကြောင်းလဲ ကောင်းကောင်းမသိပါဘူး။ အကြောင်းမသိတဲ့ ပြိုင်ဘက်နဲ့ ကစားရတဲ့အခါ အမြဲအခက်တွေ့ပါတယ်။ ကျွန်တော့်အနေနဲ့ သူ့အကြောင်းမသိပေမဲ့လဲ သူ့ကို လေးစားမှုအပြည့်ရှိပါတယ်။ သူ့ကို အထင်သေးခြင်း လုံးဝမရှိဘဲ ကျွန်တော့်မှာရှိတဲ့ စွမ်းအင်တွေ အကုန်အသုံးပြီး ယှဉ်ပြိုင်ကစားခဲ့တာပါ။ ဖရန်ဆက်စကိုဟာ ဒီပွဲစဉ်မှာ အကောင်းဆုံး ကစားနိုင်ခဲ့ပါတယ်။ သူ့အနေနဲ့ ကမ္ဘာ့အဆင့် သတ်မှတ်ချက်မှာ ဒီထက်ပိုပြီးတော့ မြင့်မားလာပါစေလို့လဲ ဆုတောင်းပေးပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Tennis 365

Trs : AZL

အားကစားသတင်းအတိုအထွာများ

- ယခုနှစ်ဘောလုံးရာသီတွင် ဒဏ်ရာကြောင့် ကစားသမားများ အချိန်အကြာဆုံး အနားယူရသည့်အသင်းအဖြစ် နယူးကာဆယ်အသင်း ရပ်တည်နေကြောင်း သိရသည်။
- လီဗာပူးအသင်းခေါင်းဆောင် ဗန်ဒိုက်က ချန်ပီယံလိဂ်ပြိုင်ပွဲ ၁၆ သင်း ရှုံးထွက်အဆင့်သို့တက်ရောက်နိုင်ရန် အသင်းဖော်များကို တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။
- လိုက်ပ်ဇစ်အသင်းကစားသမား ဒီယိုမန်ဒီကို ခေါ်ယူရန် မန်ယူနှင့် စပါးအသင်းတို့ အပြိုင်ကြိုးပမ်းနေကြောင်း သိရသည်။
- လီဗာပူးအသင်းက ဝုဗ်အသင်းကွင်းလယ်ကစားသမား အန်ဒရီကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၂၆ ဒသမ ၂ သန်းဖြင့် ခေါ်ယူရန် ကနဦးကမ်းလှမ်းမှု ပြုလုပ်ထားကြောင်း သိရသည်။
- အင်တာမီလန်အသင်းက ဂိုးသမားဆွန်မာ၏နေရာတွင် အေဗီလာအသင်းဂိုးသမား မာတီနက်ဇ်နှင့်အစားထိုးရန် စီစဉ်နေကြောင်း သိရသည်။

ML

ဒါမက်အသင်းနှင့်ပွဲစဉ်တွင် သွင်းဂိုး တစ်ဂိုးသွင်းယူပြီးနောက် စီရော်နယ်ဒို၏ ပရော်ဖက်ရှင်နယ်သွင်းဂိုး ၉၆၀ ပြည့်မြောက်

ရီယာ့ဒ် ဇန်နဝါရီ ၂၂

ဆော်ဒီပရိုလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၇) အဖြစ်ကစားခဲ့သည့် ဒါမက်အသင်းနှင့် အယ်လ်နာဆာအသင်းတို့ ပွဲစဉ်တွင် အယ်လ်နာဆာအသင်း တိုက်စစ်မှူးစီရော်နယ်ဒိုက အသင်းအတွက် သွင်းဂိုး တစ်ဂိုး သွင်းယူပြီးနောက် ပရော်ဖက်ရှင်နယ်သွင်းဂိုး ၉၆၀ ပြည့်မြောက်ခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အယ်လ်နာဆာ အသင်းက အဝေးကွင်းတွင် ဒါမက်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သည့် ပွဲစဉ်တွင် စီရော်နယ်ဒိုက ပွဲချိန် မိနစ် ၅၀ ၌ အသင်းအတွက် သွင်းဂိုး တစ်ဂိုး သွင်းယူပြီးနောက် ပရော်ဖက်ရှင်နယ်သွင်းဂိုး ၉၆၀ ထိ ရှိလာခဲ့ခြင်းဖြစ်သည်။

အလားတူ စီရော်နယ်ဒိုသည် ယခုနှစ်ဘောလုံးရာသီ ဆော်ဒီပရိုလိဂ်ပြိုင်ပွဲ ၁၇ ပွဲတွင် ၁၆ ဂိုးသွင်းယူထားပြီး အယ်လ်အာလီအသင်းမှ တိုနေးထက် နှစ်ဂိုးအသာဖြင့် သွင်းဂိုးအများဆုံး ကစားသမား စာရင်းတွင် ထိပ်ဆုံးမှ ဦးဆောင်နေခြင်းဖြစ်သည်။

စီရော်နယ်ဒိုသည် အစောပိုင်းက တည်းက ဘောလုံးလောကတွင် သွင်းဂိုး ၁၀၀၀ ပြည့်မြောက်သည့် ပထမဆုံး ကစားသမားအဖြစ် မှတ်တမ်းဝင်ရန် ကြိုးပမ်းနေပြီး ယခုအခါ သွင်းဂိုး ၉၆၀ ပြည့်မြောက်ခဲ့သဖြင့် သွင်းဂိုး ၁၀၀၀ ပြည့်မြောက်သည့် ပထမဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ရန် နီးစပ်နေကြောင်း သိရသည်။

Ref : Fotmob

Trs : STA

လာမဲ့စနေနေ့ညမှာ ယှဉ်ပြိုင်ကစားမဲ့ ဥရောပအမှတ်ပေးပွဲစဉ်တွေထဲက နိုင်ပွဲပြန်လည်ရရှိလာမဲ့ မန်စီးတီးအသင်း၊ ဒေါ့မွန်အသင်း၊ ကိုမိုအသင်းတို့ကို အားပေးရမှာပါ

M
L

ဒီတစ်ပတ်မှာလဲ ဥရောပအမှတ်ပေးပြိုင်ပွဲတွေ ပုံမှန်အတိုင်း ယှဉ်ပြိုင်ကစားကြမှာဖြစ်သလို ကြားရက်ဥရောပချန်ပီယံလီဂ်ပြိုင်ပွဲ အနေနဲ့လဲ ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြပြီးဖြစ်ပါတယ်။ လက်ရှိ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီချန်ပီယံလီဂ်ပြိုင်ပွဲအနေနဲ့ အုပ်စုပွဲစဉ် တစ်ပွဲသာ ယှဉ်ပြိုင်ကစားဖို့ကျန်ရှိနေပေမဲ့ ပရီးမီးယားလီဂ်မှာ ခြေစွမ်းပြစွမ်းဆောင်ထားပြီး အမှတ်ပေးဇယားအဆင့်(၁)နေရာမှာ ရပ်တည်နေတဲ့ အာဆင်နယ်အသင်းအနေနဲ့ အင်တာမီလန်အသင်းရဲ့အိမ်ကွင်းမှာ သုံးဂိုးတစ်ဂိုးနဲ့ အကောင်းဆုံးစွမ်းဆောင်ထားနိုင်ခဲ့ကြပါတယ်။ ဒါကြောင့် သူတို့အသင်းအနေနဲ့ ပွဲစဉ်တစ်ပွဲအလိုမှာ ၁၆ သင်းအဆင့်ကို တက်ရောက်သွားနိုင်ခဲ့ပြီဖြစ်ပေမဲ့ မန်စီးတီးအသင်းကတော့ နော်ဝေကလပ် ဘိုဒိုဂလင့်ကို အံ့အားသင့်ဖွယ်ရာရှုံးနိမ့်ခဲ့တာကြောင့် နောက်တစ်ဆင့် တက်ရောက်ဖို့အတွက် ရုန်းကန်ကစားရအုံးမှာဖြစ်ပါတယ်။ ဒုတိယ ဥရောပထိပ်သီးအသင်းတွေရဲ့ ချန်ပီယံလီဂ်ပွဲစဉ်တစ်ချို့မှာတော့ ရီးရဲလ်မက်ဒရစ်၊ စပါး၊ ချဲလ်ဆီး၊ လီဗာပူး၊ နယူးကာဆယ်၊ ဂျူဗင်တပ်၊ ဘာစီလိုနာ၊ ဘိုင်ယန်မြူးနစ်အသင်းတို့နိုင်ပွဲရရှိခဲ့ပေမဲ့ အေတီကို၊ နာပိုလီ၊ ပီအက်စ်ဂျီ၊ ဒေါ့မွန်အသင်းတို့ နိုင်ပွဲပျောက်ဆုံးခဲ့တာကြောင့် ချန်ပီယံလီဂ်အုပ်စုနောက်ဆုံးပွဲစဉ်ထိ ကြိုးစားရုန်းကန်ရအုံးမှာဖြစ်တာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်တဲ့ပွဲစဉ်တွေကို ဆက်လက်တွေ့ဖြင်လာရဖွယ်ရှိနေပါတယ်။ ဒါပြင် ဒီအပတ်စနေနေ့၊တနင်္ဂနွေနေ့မှာလဲ ပရီးမီးယားလီဂ်အမှတ်ပေးပြိုင်ပွဲတွေအနက် အသင်းကြီးတွေ တွေ့ဆုံနေတဲ့ပွဲစဉ် အများအပြားပါဝင်နေပြီး အဲဒီထဲကမှ ပရီးမီးယားလီဂ်ပွဲစဉ်ဖြစ်တဲ့ အာဆင်နယ်နဲ့ မန်ယူအသင်း၊ စီးရီးအေပွဲစဉ်တွေဖြစ်တဲ့ ဂျူဗင်တပ်နဲ့ နာပိုလီအသင်း၊ ရိုးမားနဲ့ အေစီမီလန်အသင်းတို့ရဲ့ပွဲစဉ်ဟာလဲ ပရိသတ်တွေ စိတ်ဝင်စားစေမဲ့ပွဲစဉ်တွေပဲဖြစ်ပါတယ်။ ဒါကြောင့် ဒီအပတ်မှာလဲ အမှတ်ပေးပြိုင်ပွဲပွဲစဉ်တွေထဲက အကြိုက်တွေ့မိတဲ့ ပွဲစဉ်တချို့ကို ရွေးချယ်တင်ပြလိုက်ရပါတယ်။

မန်စီးတီးအသင်း နိုင်ပွဲရသွားပါလိမ့်မယ်

ပရီးမီးယားလီဂ်ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ မန်စီးတီးနဲ့ ဝုဗ်အသင်းတို့ရဲ့ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းဟာ ပရီးမီးယားလီဂ်ပွဲစဉ်(၂၃)အဖြစ် ဆက်လက်ယှဉ်ပြိုင်ကစားကြမှာဖြစ်ပါတယ်။ လက်ရှိမှာ မန်စီးတီးအသင်းအနေနဲ့ ပွဲစဉ် ၂၂ ပွဲကစားထားပြီး ၁၃ ပွဲနိုင် လေးပွဲသရေငါးပွဲရှုံးရလဒ်ရရှိထားကာ အမှတ်ပေးဇယားအဆင့်(၂)နေရာမှာရပ်တည်နေပြီး အဆင့်(၁)နေရာက အာဆင်နယ်အသင်းနဲ့ ခုနစ်မှတ်ထိ ကွာဟနေတာကို တွေ့ရပါတယ်။ ဒါပေမဲ့ မန်စီးတီးအသင်းအနေနဲ့ လက်ရှိမှာအသင်းရဲ့ကစားသမားတွေ ဒဏ်ရာရပြဿနာကြောင့်ရုန်းကန်နေရတာဖြစ်ပြီး နောက်ဆုံးနှစ်ပွဲဆက်ရှုံးနိမ့်ထားတဲ့ထိစွမ်းဆောင်ရည်ပိုင်းကလဲကျဆင်းနေတာဖြစ်ပါတယ်။ သူတို့အသင်းအနေနဲ့ပြီးခဲ့တဲ့ ပရီးမီးယားလီဂ်ပွဲစဉ်(၂၂) မှာ နည်းပြသစ်ကာရစ်ဦးဆောင်တဲ့မန်ယူအသင်းကို အဘက်ဘက်ကအသာစီးရယူကစားနိုင်ခြင်းမရှိဘဲ နှစ်ဂိုးဂိုးမရှိနဲ့ ရှုံးနိမ့်ခဲ့ရသလို နော်ဝေကလပ်ဘိုဒိုဂလင့်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရတဲ့ ချန်ပီယံလီဂ်အုပ်စုပွဲစဉ်မှာလဲ နောက်ခံကစားသမားတွေရဲ့အသင်းလိုက်စွမ်းဆောင်ရည်ကျဆင်းမှုနဲ့အတူ သုံးဂိုး၊ တစ်ဂိုးဆိုတဲ့ရလဒ်နဲ့ရှုံးနိမ့်ခဲ့ရတာကိုတွေ့ရပါတယ်။ ဒါကြောင့် မန်စီးတီးအသင်း နည်းပြဂွါဒီယိုလာအနေနဲ့ အခုအိမ်ကွင်းပွဲစဉ်မှာ ရလဒ်ကောင်းနိုင်ဖို့ အကောင်းဆုံးပြန်လည်ပြင်ဆင်လာနိုင်ပါလိမ့်မယ်။

ဝုဗ်အသင်းကတော့ လက်ရှိမှာ ပရီးမီးယားလီဂ်ပွဲစဉ် ၂၂ ပွဲကစားထားပြီး တစ်ပွဲသာအနိုင်ရရှိထားကာ ငါးပွဲသရေ ၁၆ ပွဲရှုံးရလဒ်နဲ့ အမှတ်ပေးဇယားတန်းဆင်းဇုန်အတွင်း ရပ်တည်နေပါတယ်။ သူတို့အသင်းရဲ့စွမ်းဆောင်ရည်ပိုင်းက လက်ရှိဘောလုံးရာသီမှာ အဆိုးရွားဆုံးဖြစ်နေကာ ခံစစ်ပိုင်းအနေနဲ့ ကျဆင်းနေတာကြောင့် အခုလိုရလဒ်ပိုင်းတွေရရှိနေတာပါ။ ဝုဗ်အသင်းအနေနဲ့ လက်ရှိဘောလုံးရာသီဒုတိယအကျော့မှာ တန်းဆင်းဇုန်အတွင်းက လွတ်ကင်းဖို့ ကြိုးစားကစားနေပြီး နောက်ဆုံးပရီးမီးယားလီဂ်လေးပွဲမှာ သုံးပွဲသရေတစ်ပွဲအနိုင်ရထားတယ်ဆိုပေမဲ့ အမှတ်ပေးဇယားအဆင့်(၁၇)နေရာက နော်တင်ဟမ်အသင်းနဲ့ ရမှတ် ၁၄ မှတ်ထိကွာဟနေတာဖြစ်လို့ တန်းကျန်ရစ်ဖို့ ရာခိုင်နှုန်းနည်းပါးနေတယ်လို့ဆိုရမှာပါ။ ဒါပြင် အခုပွဲစဉ်ဟာ ရှုံးပွဲဆက်နေတဲ့ မန်စီးတီးအသင်းရဲ့အိမ်ကွင်းမှာ ယှဉ်ပြိုင်ကစားရမှာဖြစ်တာကြောင့် ဝုဗ်အသင်းအတွက် တိုက်စစ်ထက် ခံစစ်ကိုသာ ဦးစားပေးကစားလာရဖွယ်ရှိနေပါတယ်။ ဒါကြောင့် ဒီနှစ်သင်းကြား အဘက်ဘက်က အသာရနေတဲ့မန်စီးတီးအသင်းပဲ နိုင်ပွဲရသွားပါလိမ့်မယ်။

မန်စီးတီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

မန်စီးတီး	၁	-	၁	ဘရိုက်တန်
မန်စီးတီး	၁၀	-	၁	အိတ်စတာ
နယူးကာဆယ်	၀	-	၂	မန်စီးတီး
မန်ယူ	၂	-	၀	မန်စီးတီး
ဘိုဒိုဂလင့်	၃	-	၁	မန်စီးတီး

ဝုဗ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

မန်ယူ	၁	-	၁	ဝုဗ်
ဝုဗ်	၃	-	၀	ဝက်စ်ဟမ်း
အဲဗာတန်	၁	-	၁	ဝုဗ်
ဝုဗ်	၆	-	၁	ရှရီးဘူရီ
ဝုဗ်	၀	-	၀	နယူးကာဆယ်

ဒေါ့မွန်အသင်းကို အားပေးရမှာပါ

ဒီတစ်ပတ်ရဲ့နောက်ထပ်အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ ယူနိုယံဘာလင်နဲ့ ဒေါ့မွန်အသင်းတို့ရဲ့ ဂျာမန်ဘွန်ဒက်လီဂါပွဲစဉ် (၁၉)ပဲဖြစ်ပါတယ်။ လက်ရှိမှာ ယူနိုယံဘာလင်အသင်းဟာ ဘွန်ဒက်လီဂါပွဲစဉ် ၁၈ ပွဲ ကစားထားပြီး ခြောက်ပွဲနိုင် ခြောက်ပွဲသရေ ခြောက်ပွဲရှုံးရလဒ်နဲ့ အမှတ်ပေးဇယားအဆင့်(၉)နေရာမှာ ရပ်တည်နေတာပါ။ သူတို့အသင်းအနေနဲ့ ပြီးခဲ့တဲ့အဝေးကွင်းပွဲစဉ်မှာ စတုဂတ်အသင်းကို တစ်ဂိုးစီသရေကျခဲ့တဲ့ပွဲစဉ်အပါအဝင် နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲစလုံး သရေရလဒ်ရရှိထားတာကိုတွေ့ရပါတယ်။ ဒါကြောင့် သူတို့အသင်းအနေနဲ့ လက်ရှိမှာ တိုက်စစ်ပိုင်းနဲ့ အသင်းလိုက်စွမ်းဆောင်ရည်ကျဆင်းနေတယ်လို့ဆိုရမှာဖြစ်ပြီး အသင်းရဲ့အဓိကတိုက်စစ်မှူးတွေဖြစ်တဲ့ အိုင်လစ်၊ဘာရူတို့ကလဲ ခြေစွမ်းပိုင်းရုန်းကန်နေရပါတယ်။ဒါပြင် ယူနိုယံဘာလင်အသင်းဟာ ဒီနှစ်ဘောလုံးရာသီမှာ အိမ်ကွင်းစွမ်းဆောင်ရည်ပိုင်းသာမန်သာရှိတဲ့အသင်းဖြစ်ပြီး အိမ်ကွင်းပွဲစဉ်ကိုးပွဲထိ ကစားပြီးချိန်မှာ သုံးပွဲသာ အနိုင်ရရှိထားကာ လေးပွဲသရေ နှစ်ပွဲရှုံးရလဒ်ရရှိထားတာကြောင့် အခုလိုဒေါ့မွန်အသင်းနဲ့ပွဲစဉ်မှာ ရလဒ်ကောင်းနိုင်ပါ့မလားဆိုတာ စောင့်ကြည့်ရအုံးမှာပါ။

ဒေါ့မွန်အသင်းကတော့ ပြီးခဲ့တဲ့ကြားရက် ချန်ပီယံလီဂ်ပွဲစဉ်မှာ ပရီးမီးယားလီဂ်ကလပ် စပါးအသင်းကို ရှုံးနိမ့်ခဲ့ပြီး နောက်တစ်ဆင့်တက်ရောက်ဖို့ ဆက်လက်ရုန်းကန်ကစားရအုံးမှာဖြစ်ပေမဲ့ ဘွန်ဒက်လီဂါ အမှတ်ပေးပြိုင်ပွဲမှာတော့ ရလဒ်ပိုင်းနဲ့ ခြေစွမ်းပိုင်းကောင်းမွန်နေတယ်လို့ဆိုရမှာပါ။ သူတို့အသင်းဟာ အမှတ်ပေးပွဲစဉ်ခြောက်ပွဲဆက်မှာ လေးပွဲထိ အနိုင်ရကာ နှစ်ပွဲသရေရလဒ်နဲ့ လက်ရှိတိုက်စစ်ပိုင်းကလဲ ကောင်းမွန်နေတာဖြစ်ပါတယ်။ ဒါပြင် ဒေါ့မွန်အသင်းအနေနဲ့ အမှတ်ပေးဇယားမှာ အဆင့်(၁)နေရာက ဘိုင်ယန်မြူးနစ်အသင်းနဲ့ ရမှတ် ၁၁ မှတ်ထိကွာဟပြီး အဆင့်(၂) နေရာမှာရပ်တည်နေတယ်ဆိုပေမဲ့ အဆင့်(၃)နေရာက ဟော်ဖန်ဟိမ်းအသင်းနဲ့လဲရမှတ်ကွာဟမှုကျဉ်းမြောင်းနေတာကြောင့် နောက်ပိုင်းပွဲစဉ်တွေမှာ အကောင်းဆုံးပြင်ဆင်ကစားလာတာကိုတွေ့ရပါတယ်။ ဒီနှစ်သင်းရဲ့နောက်ဆုံးတွေ့ဆုံမှုခြောက်ကြိမ်မှာ ဒေါ့မွန်အသင်းက ငါးပွဲထိအနိုင်ရထားပြီးတစ်ပွဲသာရှုံးနိမ့်ထားတာကြောင့်လဲ သူတို့အသင်းဟာ ယူနိုယံဘာလင်အသင်းနဲ့ပွဲစဉ်တိုင်းမှာ အဘက်ဘက်က အသာစီးရယူကစားလာနိုင်တယ်လို့ဆိုရမှာပါ။ ဒါကြောင့် အခုပွဲစဉ်မှာ ဒေါ့မွန်အသင်းကိုပဲအားပေးရမှာပါ။

ယူနိုယံဘာလင်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

ကိုလုံး	၀	-	၁	ယူနိုယံဘာလင်
အဲဂျီဘတ်ဂ်	၁	-	၂	ယူနိုယံဘာလင်
ယူနိုယံဘာလင်	၂	-	၂	မိန့်ဓ်
အော့စ်ဘတ်	၁	-	၁	ယူနိုယံဘာလင်
စတုဂတ်	၁	-	၁	ယူနိုယံဘာလင်

ဒေါ့မွန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

ဒေါ့မွန်	၂	-	၀	ဂလာဘတ်
ဖရန့်ဖတ်	၃	-	၃	ဒေါ့မွန်
ဒေါ့မွန်	၃	-	၀	ဝါဒါဘရီမင်
ဒေါ့မွန်	၃	-	၂	စိန့်ပေါ်လီ
စပါး	၂	-	၀	ဒေါ့မွန်

ကိုမိုအသင်း ရလဒ်ကောင်းသွားမှာပါ

နောက်ထပ်စိတ်ဝင်စားမိတဲ့ပွဲစဉ်ကတော့ အီတလီစီးရီးအေပွဲစဉ်တွေထဲက ကိုမိုအသင်းနဲ့ တိုရီနိုအသင်းတို့ရဲ့ ပွဲစဉ်(၂၂)ပဲဖြစ်ပါတယ်။ ပြီးခဲ့တဲ့ပွဲစဉ်မှာ ကိုမိုအသင်းက လာဇီယိုလိုအသင်းရဲ့အိမ်ကွင်းမှာ သုံးဂိုးပြတ်နဲ့ ခြေစွမ်းပြကစားနိုင်ခဲ့သလို တိုရီနိုအသင်းကတော့ အိမ်ကွင်းမှာပဲ ရိုးမားအသင်းကို နှစ်ဂိုးပြတ်ရှုံးနိမ့်ခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာ နည်းပြ ဖာဘာရီဂတ် ဦးဆောင်နေတဲ့ကိုမိုအသင်းအနေနဲ့ ခြေစွမ်းပိုင်းအကောင်းဆုံးပုံစံမှာရှိနေပြီး စီးရီးအေပွဲစဉ် ၂၁ ပွဲ ယှဉ်ပြိုင်ကစားထားပြီးချိန်မှာ ၁၀ ပွဲနိုင်၊ ခုနစ်ပွဲသရေ၊ လေးပွဲရှုံးရလဒ်နဲ့ အမှတ်ပေးဇယားအဆင့်(၅) နေရာမှာရပ်တည်နေတာပါ။ သူတို့အသင်းအနေနဲ့ လာမဲ့ဘောလုံးရာသီမှာ ဥရောပဝင်ခွင့်ရရှိရေးအကောင်းဆုံးပြင်ဆင်ကစားနေတာဖြစ်ပြီး လက်ရှိမှာ အသင်းရဲ့ခြေစွမ်းပိုင်းအနေနဲ့လဲ အကောင်းဆုံးစွမ်းဆောင်ထားနိုင်တာကြောင့် အသင်းကြီးတွေကိုပါ ဖိအားပေးကစားလာနိုင်တာကို တွေ့ရပါတယ်။

တိုရီနိုအသင်းကတော့ လက်ရှိဘောလုံးရာသီမှာ ခြေစွမ်းပိုင်းတည်ငြိမ်ဖို့ ရုန်းကန်ကစားနေရတဲ့အသင်းလို့ဆိုရမှာပါ။ သူတို့အသင်းအနေနဲ့ ပွဲစဉ် ၂၁ ပွဲယှဉ်ပြိုင်ကစားထားအပြီးမှာ ခြောက်ပွဲသာအနိုင်ရရှိထားပြီး ငါးပွဲသရေ ၁၀ ပွဲရှုံးရလဒ်နဲ့ အမှတ်ပေးဇယားအဆင့်(၁၄)နေရာမှာ ရပ်တည်နေပါတယ်။ ဒါပြင် စီးရီးအေနောက်ဆုံးငါးပွဲမှာ တစ်ပွဲသာအနိုင်ရထားပြီး လေးပွဲထိရှုံးနိမ့်ထားတာကြောင့် ခြေစွမ်းပိုင်းနဲ့ တိုက်စစ်ပိုင်းထက်မြက်နေတဲ့ကိုမိုအသင်းရဲ့အိမ်ကွင်းပွဲစဉ်မှာလဲ ရလဒ်ကောင်းဖို့ ဆက်လက်ရုန်းကန်ကစားရအုံးမှာပါ။ တိုရီနိုအသင်းအနေနဲ့ ပြီးခဲ့တဲ့အိမ်ကွင်းပွဲစဉ်မှာဆိုရင် တိုက်စစ်ပိုင်းနဲ့ ဖိအားပေးကစားတတ်တဲ့ ရိုးမားအသင်းကို အဘက်ဘက်က ထိန်းချုပ်ကစားနိုင်ခြင်းမရှိဘဲ နှစ်ဂိုးပြတ်ရှုံးနိမ့်ထားတာကြောင့် အခုကိုမိုအသင်းနဲ့ပွဲစဉ်မှာလဲ ခံစစ်ပိုင်းက ထိန်းချုပ်ကစားနိုင်ဖို့ ခက်ခဲနေအုံးမှာပါ။ ဒါကြောင့် အခုပွဲစဉ်မှာ ခြေစွမ်းပိုင်းအသာရနေတဲ့ကိုမိုအသင်းပဲ ရလဒ်ကောင်းသွားမှာပါ။

ကိုမိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

ကိုမို	၁	-	၀	အူဒီးနီးစ်
ပီဆာ	၀	-	၃	ကိုမို
ကိုမို	၁	-	၁	ဘိုလော့ဂ်နာ
ကိုမို	၁	-	၃	အေစီမီလန်
လာဇီယို	၀	-	၃	ကိုမို

တိုရီနိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

ဗီရိုနာ	၀	-	၃	တိုရီနို
တိုရီနို	၁	-	၂	အူဒီးနီးစ်
အတ္တလန္တာ	၂	-	၀	တိုရီနို
ရိုးမား	၂	-	၃	တိုရီနို
တိုရီနို	၀	-	၂	ရိုးမား

ကွာရှင်းခြင်းနှင့် ပစ္စည်းခွဲဝေခြင်းအကြောင်းသိကောင်းစရာ

စိန်လှိုင်ဗိုလ်

တရားရုံး တရားခွင်နယ်ပယ်တွင် အချို့အချို့သော ဥပဒေသမားများက ရာဇဝတ်မှုစီရင်ချက်သည် တရားမမှုတွင် သက်ဆိုင်ခြင်းမရှိကြောင်း ပြောဆိုကြသည်ကို ကြားသိရဖူးသည်။ ထိုအချက်နှင့် ပတ်သက်၍ သက်သေခံအက်ဥပဒေပုဒ်မ ၄၃ တွင် အကျုံးဝင်သည့် ပုဒ်မ ၄၂ ပြဋ္ဌာန်းချက်အရဆိုလျှင် ပြစ်မှုဆိုင်ရာမှုခင်းများမှ အလုံးစုံသောစီရင်ချက်တို့သည် တရားမမှုများတွင် အကြွင်းမဲ့သက်ဆိုင်ခြင်းမရှိဟု တထစ်ချကောက်ယူနိုင်မည်မဟုတ်ကြောင်း လမ်းညွှန်စီရင်ထုံးတစ်ခုကို ကိုးကားရေးသားတင်ပြပါဦးမည်။

သာယာဝတီခရိုင်တရားရုံး ၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ်(၂ဖ)တွင် တရားလို ဦးကျော်ဌေးက တရားပြိုင် ဒေါ်ရီရီမြင့် အပေါ် လင်မယားနှစ်ဦးပိုင် လက်ထက်ပွားပစ္စည်းများကို လက်ရောက်ရလိုမှုစွဲဆိုရာ စရိတ်နှင့်တကွပလပ်သည့် ဒီကရီချမှတ်ခဲ့သည်။ ၎င်းဒီကရီကို ဦးကျော်ဌေးက ကျေနပ်မှုမရှိသဖြင့် ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် ၂၀၁၉ ခုနှစ် တရားမပထမအယူခံမှုအမှတ်(၁၄၃)ဖြင့် အယူခံဝင်ရာ အောင်မြင်မှုမရသဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ တရားမအယူခံမှုတင်သွင်းခဲ့သည်။

မူလရုံး၏ အဆိုလွှာတွင် တရားလိုနှင့် တရားပြိုင်တို့သည် ဗမာလူမျိုး ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်ပြီး တရားဝင်လင်မယားအဖြစ် အုတ်ဖိုမြို့နယ် ပြည်တော်သာရွာတွင် ပေါင်းသင်းနေထိုင်ခဲ့ကြောင်း၊ ထိုသို့ပေါင်းသင်းစဉ် တရားပြိုင်နှင့် အိမ်ထောင်ရေးအဆင်မပြေသည့်အပြင် အကျင့်စာရိတ္တကိုအကြောင်းပြု၍ လွန်ခဲ့သော ခုနှစ်နှစ်မှစ၍ ခွဲခွာနေထိုင်ခဲ့ကြောင်း၊ ခွဲခွာနေထိုင်စဉ် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် တရားပြိုင် ဒေါ်ရီရီမြင့်သည် ခမည်းခမက်တော်သူ ဦးရဲစိုးနှင့် တစ်အိမ်တည်းအတူနေပြီး လင်မယားအဖြစ် ပြောင်ပြောင်တင်းတင်းပေါင်းသင်းနေထိုင်သည်ဟုဆိုသည်။

အုတ်ဖိုမြို့နယ်တရားရုံး ရာဇဝတ်ကြီးမှုအမှတ်(၇ဖ၈/၂၀၁ဖ)ဖြင့် ဦးရဲစိုးကို တရားစွဲဆိုရာ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် ရာဇသတ်ကြီးပုဒ်မ ၄၉၇ အရထောင်ဒဏ်တစ်နှစ်ပြစ်ဒဏ်ချမှတ်ခံခဲ့ရကြောင်း၊ တရားလို ဦးကျော်ဌေးက တရားပြိုင် ဒေါ်ရီရီမြင့် အပေါ် လင်မယားကွာရှင်းပေးရန် အုတ်ဖိုမြို့နယ် တရားရုံး ၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်(၉ဖ)ဖြင့် စွဲဆိုရာ လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲစေသည့် ဒီကရီချမှတ်ခဲ့ကြောင်း၊ တရားပြိုင်သည် ကြီးလေးသော အိမ်ထောင်ရေးပြစ်မှုကျူးလွန်သူဖြစ်၍ ၎င်းလက်ဝယ်ရှိ နှစ်ဦးပိုင် ပစ္စည်းများဖြစ်သော အဆိုလွှာနောက်ဆက်တွဲပါ ပစ္စည်းအားလုံးကို တရားလိုက လက်ရောက်ရခွင့်ရှိကြောင်း အဆိုပြုသည်။ တရားပြိုင်ဘက်မှ လွန်ခဲ့သည့် ခုနှစ်နှစ်မတိုင်မီ ကိုယ်ကျင့်တရားပျက်ပြားခြင်းမရှိကြောင်း၊ ထိုစဉ်က တရားလို၏ လင့်ဝတ္တရားမကျေပွန်မှု၊ နှစ်ဦးပိုင်ပစ္စည်းများကို လောဘကြီးစွာရယူလိုမှုကြောင့် ၂၀၁၃ ခုနှစ် အောက်တိုဘာလတွင် နှစ်ဦးသဘောတူကွာရှင်းရန် ကတိပြုခဲ့ကြပြီး နှစ်ဦးပိုင်ပစ္စည်းများကို သဘောတူခွဲဝေခဲ့ကြကြောင်း၊ ထိုသို့ ကွာရှင်းခြင်းနှင့် ပစ္စည်းခွဲဝေခြင်းပြီးမှသာ ၂၀၁၅ ခုနှစ်တွင် ဦးရဲစိုးနှင့် ပေါင်းသင်းနေထိုင်ခဲ့ခြင်းဖြစ်ကြောင်း ချေပသည်။

တရားလိုသည် အုတ်ဖိုမြို့နယ်တရားရုံးရှေ့ရှိ တိုက်အိမ်နှင့် ရွှေ ၁၂ ကျပ်သားကိုယူခဲ့ပြီး တရားပြိုင်က ပြည်တော်သာရွာရှိ လယ် ၁၀ ဧကနှင့် အိမ်ခြံကို ရယူခဲ့ကြောင်း၊ လယ်များမှာ တရားပြိုင်အမည်ပေါက်ဖြစ်ပြီး ၎င်းလက်ရှိနေသောအိမ်မှာ ဦးရဲစိုးပိုင် အိမ်ခြံဖြစ်ကြောင်း၊ တရားလိုနှင့် တရားပြိုင်တို့ ပေါင်းသင်းနေထိုင်သည့် အိမ်ခြံမှာ ယခုတရားလိုလက်ဝယ်တွင်ရှိကြောင်း၊ တရားလိုနှင့် တရားပြိုင်တို့သည် ပေါင်းသင်းနေထိုင်ခဲ့ကြသည့် ပြည်တော်သာရွာရှိ နေအိမ်နှင့် ခြံမြေ၊ အုတ်ဖိုတရားရုံးရှေ့ရှိ တိုက်အိမ်၊ ရွှေ ၁၂ ကျပ်သားတို့မှာ တရားလိုလက်ဝယ်ရှိပြီးဖြစ်ကြောင်း၊ လယ်များမှာ တရားပြိုင်အမည်ဖြင့် ဦးပိုင်ပေါက်ပြီးဖြစ်၍ တရားလိုမှရထိုက်ခွင့်မရှိကြောင်း ချေပသည်။

သာယာဝတီခရိုင်တရားရုံးက တရားပြိုင်လက်ဝယ်တွင် လင်မယားနှစ်ဦးပိုင် လက်ထက်ပွားပစ္စည်းများရှိသည်မှာ မမှန်ကြောင်း၊ တရားပြိုင်သည် တရားလိုအပေါ် ကြီးလေးသောအိမ်ထောင်ရေးပြစ်မှုကျူးလွန်ခဲ့သည်ဆိုသည်မှာ မမှန်ကြောင်း၊ သို့သော် ၂၀၁၃ ခုနှစ် အောက်တိုဘာလအတွင်းက နှစ်ဦးသဘောတူပစ္စည်းများခွဲဝေပြီးဖြစ်၍ ခွဲဝေရန်ပစ္စည်းကျန်ရှိခြင်းမရှိကြောင်း သုံးသပ်ပြီး တရားလိုစွဲဆိုသောအမှုကို ပလပ်ခဲ့သည်။

ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်က တရားလိုနှင့် တရားပြိုင်တို့သည် နှစ်ဦးသဘောတူ လင်မယားကွာရှင်းပြီးဖြစ်ကြောင်း၊ ၂၀၁၃ ခုနှစ် အောက်တိုဘာလတွင် တရားလို၊ တရားပြိုင်နှင့် သားသမီးမိသားစု လေးဦးတို့သည် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးသို့သွားရောက်ပြီး လင်ခန်း၊ မယားခန်း ပြတ်စဲလိုသောဆန္ဒသဘောတူညီချက်ကို ဖော်ထုတ်ပြသကာ ပစ္စည်းခွဲဝေပေးခဲ့ပြီးဖြစ်ကြောင်း၊ တရားပြိုင်သည် တရားလိုနှင့်ကွာရှင်းကာ ပစ္စည်းခွဲဝေပြီးနောက် ၂၀၁၅ ခုနှစ်တွင်မှ ဦးရဲစိုးနှင့် ပေါင်းသင်းနေထိုင်ခဲ့ခြင်းဖြစ်ကြောင်း ချေပသည်။

တရားလိုက တရားပြိုင်သည် ဦးရဲစိုးနှင့် ပေါင်းသင်းနေထိုင်သဖြင့် ဦးရဲစိုးအပေါ် အုတ်ဖိုမြို့နယ်တရားရုံးတွင် ရာဇဝတ်ကြီးမှုအမှတ် (၇ဖ၈/၂၀၁ဖ) ရာဇသတ်ကြီးပုဒ်မ ၄၉၇ အရစွဲဆိုရာ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသော်လည်း **မဂ်လာသုခဆန်စက်ကုမ္ပဏီလီမိတက်နှင့် ဦးသန်းစိန် အမှု ၁၉ဖဖ ခုနှစ်၊ မတစ စာ-၇၉၄ အမှုတွင် ရာဇဝတ်မှု၏ စီရင်ချက်သည် တရားမရုံးတွင်အတည်ဖြစ်မည် မဟုတ်ဟု လမ်းညွှန်ထုံးပြုထားသဖြင့် ရာဇဝတ်မှု၏ စီရင်ချက်ကို အထောက်အထားပြု၍ အမှုအား ဆုံးဖြတ်နိုင်မည်မဟုတ်ကြောင်း၊ ထို့ပြင် အုတ်ဖိုမြို့နယ်တရားရုံး တရားမကြီးမှုအမှတ် (၉ဖ/၂၀၁၈) သည် တရားလိုက မိမိမယားမဟုတ်သူ တရားပြိုင်အပေါ် ကွာရှင်းပေးရန် စွဲဆိုခြင်းဖြစ်၍ ယခုအမှုတွင် အဓိကအထောက်အထားဖြင့် ထည့်သွင်းသုံးသပ်နိုင်မည်မဟုတ်ကြောင်း အယူခံမှုကို စရိတ်နှင့်တကွ ပလပ်သည့်အမိန့်ချမှတ်ခဲ့သည်။**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ သုံးသပ်ဆုံးဖြတ်ချက်

မူလရုံးအမှုတွဲအား စိစစ်ကြည့်ရှုရာ တရားလိုနှင့် တရားပြိုင်တို့သည် ဗမာလူမျိုးဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်ပြီး လွန်ခဲ့သောနှစ်ပေါင်း ၃၀ ခန့်က ပေါင်းသင်းကာ သမီး မသိမ့်သီရိဌေးနှင့် သားမောင်ထူးကျော်ကျော်တို့ကို မွေးဖွားခဲ့သည်။ သမီး မသိမ့်သီရိဌေး (လိုပြ-၃)၏ ခင်ပွန်းမှာ ကိုရဲဝင်းနိုင် (လိုပြ-၄)ဖြစ်ပြီး ကိုရဲဝင်းနိုင်၏ ဖခင်မှာ ဦးရဲစိုး ဖြစ်သည်။ သမီး မသိမ့်သီရိဌေး (လိုပြ-၃) နှင့် ကိုရဲဝင်းနိုင် (လိုပြ-၄)တို့သည် တရားလိုပြ သက်သေများဖြစ်ပြီး သားမောင်ထူးကျော်ကျော် (ပြိုင်ပြ-၅) နှင့် ဦးရဲစိုးတို့မှာ တရားပြိုင်ပြသက်သေများအဖြစ် ထွက်ဆိုအစစ်ခံခဲ့သည်။

တရားလို၏ အဆိုလွှာအပိုဒ် -၃ တွင် တရားလို၏ မယားဖြစ်သူ တရားပြိုင်ကို လင်ကြီးရှိမှန်းသိလျက် လင်မယားအဖြစ် ပေါင်းသင်းနေသော ဦးရဲစိုးကို အရေးယူပေးရန် အုတ်ဖိုမြို့နယ်တရားရုံးတွင် တိုင်ကြားလျှောက်ထားခဲ့ရာ ရာဇဝတ်ကြီးမှုအမှတ် (၇ဖ၈/၂၀၁ဖ)ဖြင့် လက်ခံစစ်ဆေးခဲ့ပြီး ဦးရဲစိုးအပေါ် ရာဇသတ်ကြီးပုဒ်မ ၄၉၇ အရ အလုပ်နှင့်ထောင်ဒဏ် တစ်နှစ်ကျခံစေရန် ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်က ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း အဆိုပြုထားသည်။

သက်သေခံအက်ဥပဒေပုဒ်မ ၄၀၊ ၄၁၊ ၄၂၊ ၄၃၊ ၄၄ တို့တွင် ယခင်တည်ရှိပြီးဖြစ်သော တရားရုံးများ၏ စီရင်ချက်များသည် နောင်အမှုတွင် မည်သည့်အခါတွင် သက်ဆိုင်၍ မည်သည့်အခါတွင် မသက်ဆိုင်ကြောင်း ပြဋ္ဌာန်းထားသည်။ စီရင်ချက်မှာ နှစ်မျိုးနှစ်စားရှိသည်။ တစ်မျိုးမှာ အမှုတွင်ပါဝင်သည့် အမှုသည်များ သို့မဟုတ် ၎င်းတို့မှ တစ်ဆင့် အကျိုးခံစားခွင့်ရသူများအပေါ်တွင်သာ အတည်ဖြစ်သည်။ ၎င်းစီရင်ချက်မျိုးကို ပုဂ္ဂိုလ်ဆိုင်ရာ စီရင်ချက်ဟုခေါ်သည်။ အခြားစီရင်ချက်မျိုးမှာ အမှုတွင်ပါဝင်သောအမှုသည်များအပေါ်တွင်သာမက အကြွင်းမရှိသော အားလုံးသော လူပုဂ္ဂိုလ်သိမ်းတို့အပေါ်တွင် အတည်ဖြစ်သည်။ ၎င်းစီရင်ချက်မျိုးကို လူပုဂ္ဂိုလ်သိမ်းနှင့် အကျုံးဝင်သော စီရင်ချက်ဟုခေါ်သည်။ ဤပုဒ်မ ၏ ပြဋ္ဌာန်းချက်မှာ ဒုတိယအမျိုးအစားဖြစ်သော လူပုဂ္ဂိုလ်သိမ်းနှင့် အကျုံးဝင်သည့် စီရင်ချက်နှင့် သက်ဆိုင်သည်။ စီရင်ထုံးများသည် သက်ဆိုင်ရာ အမှုတွင် ပေါ်ပေါက်ချက်အသီးသီး သက်သေခံချက်များအပေါ် စိစစ်သုံးသပ်ဆုံးဖြတ်ခဲ့ခြင်းသာဖြစ်ပြီး အလားတူ အမှုများတွင် လိုက်နာသုံးသပ်နိုင်ရန် ထုံးပြုလမ်းညွှန်ထားခြင်းဖြစ်သည်။ သတိချပ်ရန်လိုအပ်သည်။ အဆိုပါ မဂ်လာသုခဆန်စက်ကုမ္ပဏီ လီမိတက်နှင့် ဦးသန်းစိန် အမှုစီရင်ထုံးပါ အမှုဖြစ်စဉ်သည် ယခုအမှုဖြစ်စဉ်နှင့် တူညီခြင်းမရှိကြောင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စိစစ်ဝေဖန်သုံးသပ်ခဲ့ပါသည်။

ထို့ကြောင့် ပုဒ်မ ၄၃ တွင် အကျုံးဝင်သည့် ပုဒ်မ ၄၂ ပြဋ္ဌာန်းချက်အရဆိုလျှင်လည်း ပြစ်မှုဆိုင်ရာ မှုခင်းများမှ အလုံးစုံသောစီရင်ချက်တို့သည် တရားမမှုများတွင် အကြွင်းမဲ့သက်ဆိုင်ခြင်းမရှိဟုကောက်ယူနိုင်မည်မဟုတ်ပေ။ သာဓကအားဖြင့် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာဌားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂(၁)(ဂ)အရ အိမ်ငှားကို နှင်လိုမှုတွင် အိမ်ငှားက ဥပစာကို တရားဥပဒေနှင့် ဆန့်ကျင်သော ကိစ္စအလို့ငှာ အသုံးပြုခြင်း သို့မဟုတ် အသုံးပြုစေခြင်းကြောင့် ပြစ်မှုထင်ရှားစီရင်ခံရခြင်းသည် အမှုနှင့် စပ်ဆိုင်သော သက်သေခံချက်ဖြစ်သည်။ ဒေါ်ရှုပဝတီ ပါ ၂ နှင့် ဦးအိုက်မောင်ပါ ၃ အမှု ၁၉၈၄ ခုနှစ် မတစ စာ-၁၈၆ ကို ရည်ညွှန်းခဲ့ပါသည်။

အုတ်ဖိုမြို့နယ်တရားရုံး၏ ရာဇဝတ်ကြီးမှုအမှတ် (၇ဖ၈/၂၀၁ဖ)တွင် ချမှတ်ခဲ့သည့် ၂၀၀၇ ခုနှစ် နိုဝင်ဘာ ၁၅ ရက်ပါ သက်သေခံ(က) စီရင်ချက်သည်လည်းကောင်း၊ တရားမကြီးအမှုအမှတ်(၉ဖ/၂၀၁၈) တွင်ချမှတ်ခဲ့သည့် သက်သေခံ(ခ) စီရင်ချက်နှင့် ဒီကရီသည်လည်းကောင်း သက်သေခံအက်ဥပဒေ ပုဒ်မ ၄၁ အရ လက်ထပ်ထိမ်းမြားခြင်းနှင့် သက်ဆိုင်သောအမှုများတွင် အကျုံးဝင်သောစီရင်ချက်ဖြစ်၍ တရားလိုနှင့် တရားပြိုင်တို့သည် တရားဝင်သော အခြေအနေ ဟုတ်၊ မဟုတ် မှတ်ယူနိုင်ရန် စပ်ဆိုင်သော အကြောင်းခြင်းရာများဖြစ်သည်မှာ မြင်သာကြောင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စိစစ်သုံးသပ်ဝေဖန်ခဲ့ပါသည်။

ယခုအမှုတွင် တရားလိုက နှစ်ဦးပိုင်လက်ထက်ပွားပစ္စည်းများဖြစ်သည့် အုတ်ဖိုမြို့ အေးမြသာယာ အုပ်စု ပြည်တော်သာကျေးရွာမှ အလျား ပေ ၁၂၀၊ အကျယ် ပေ ၈၀ အကျယ်ရှိသည့် ခြံမြေကွက်နှင့် ထိုခြံမြေပေါ်တွင် ဆောက်ထားသော လေးပင်သုံးခန်း ပျဉ်ခင်းပျဉ်ကာ သွပ်မိုးနေအိမ်၊ အုတ်ဖိုမြို့ အေးမြသာယာအုပ်စု ပြည်တော်သာကျေးရွာရှိ လယ်မြေ ၁၂ ဒသမ ၇၇ ဧကများသည် တရားပြိုင် လက်ဝယ်တွင်ကျန်ခဲ့သည့် နှစ်ဦးပိုင်ပစ္စည်းများဖြစ်ကြောင်း အဆိုပြုထားသည်ကို ရုံးတော်ကစစ်ဆေးတွေ့ရှိရသည်။ အမှုတွင် ပေါ်ပေါက်လျက်ရှိသော သက်သေခံချက်များအရ တရားလိုနှင့်တရားပြိုင်တို့သည် ယခုအမှုမစွဲဆိုမီ ခုနစ်နှစ် ၂၀၁၂ ခန့်ကတည်းက စိတ်သဘောထားချင်းမတိုက်ဆိုင်၍ သီးခြားခွဲခွာနေထိုင်ခဲ့ကြပြီး ၂၀၁၃ ခုနှစ်တွင် နှစ်ဦးပိုင်ပစ္စည်းများကို သက်သေလူကြီးများရှေ့တွင် ခွဲဝေယူခဲ့ကြောင်း ပေါ်ပေါက်သည်။ ၎င်းနောက် သုံးနှစ်အကြာ ၂၀၁၆ ခုနှစ်တွင် တရားလိုနှင့်တရားပြိုင်တို့ကြား တရားလိုက တရားပြိုင်အပေါ် လင်မယားကွာရှင်းပေးစေလိုမှုစွဲဆိုရာ အနိုင်ဒီကရီရရှိသော်လည်း ယခုတောင်းဆိုသော ပစ္စည်းခန်းဆိုင်ရာ သက်သာခွင့်ဖြစ်သည့် လင်မယားနှစ်ဦးပိုင် လက်ထက်ပွားပစ္စည်းများကို လက်ရောက်ရလိုမှု သာယာဝတီခရိုင်တရားရုံး ၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ်(၂ဖ)ကို စွဲဆိုလာခြင်းဖြစ်ကြောင်း ထူးခြားစွာတွေ့မြင်ရသည်ဟု ပြည်ထောင်စုတရားလွှတ်တော်ချုပ်က မှတ်ချက်ပြုပါသည်။

စာမျက်နှာ ၁၁ သို့ ခံ

၇၉ ကြိမ်မြောက် မွန်အမျိုးသားနေ့အခမ်းအနားကို ဒဂုံမြို့နယ်ရှိ အမျိုးသားဇာတ်ရုံတွင် ကျင်းပသွားမည်ဖြစ်

ရန်ကုန် ဇန်နဝါရီ ၂၂

၇၉ ကြိမ်မြောက် မွန်အမျိုးသားနေ့အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ အမျိုးသားဇာတ်ရုံ၌ ဖေဖော်ဝါရီ ၂ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း မွန်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)မှ ဗဟိုအလုပ်အမှုဆောင် ဦးနိုင်ထော်ဦးထံမှ သိရသည်။

အဆိုပါ ၇၉ ကြိမ်မြောက် မွန်အမျိုးသားနေ့အခမ်းအနားကို မွန်လူမျိုးတို့၏ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရန်၊ ဖွံ့ဖြိုးတိုးတက်စေရန်၊ မွန်အမျိုးသားတို့၏ ဇာတိသွေး၊ ဇာတိမာန် ရှင်သန်နိုးကြားရန်၊ မွန်စာပေ၊ ယဉ်ကျေးမှုကို ဖော်ထုတ်မြှင့်တင်လိုစိတ်၊ တိုးတက်လိုစိတ်ရှိစေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

"အခမ်းအနားကို ဖေဖော်ဝါရီ ၂ ရက်မှာ ကျင်းပသွားမှာ ဖြစ်ပါတယ်။ မနက် ၈ နာရီမှာ အလံတင်အခမ်းအနားကို ကျင်းပမှာဖြစ်ပြီး တော့ မနက် ၁၀ နာရီမှာ မွန်စာပေနဲ့ယဉ်ကျေးမှုအသင်းက ကျင်းပခဲ့တဲ့ မွန်စာပေနဲ့ မွန်ရိုးရာ အဆို၊ အက၊ အတီးပြိုင်ပွဲတွေမှာ ဆုရရှိသူတွေကို ဆုချီးမြှင့်ပြီး ဂုဏ်ပြုလွှာပေးအပ်သွားမှာ ဖြစ်ပါတယ်" ဟု ဦးနိုင်ထော်ဦးက ပြောပြသည်။

မွန်အမျိုးသားနေ့ အခမ်းအနားကို မွန်လူမျိုးများ အများအပြားနေထိုင်ရာ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ပြည်ပနိုင်ငံများရောက် မွန်လူမျိုးတို့ကလည်း မွန်အမျိုးသားနေ့ အခမ်းအနားကို ကျင်းပလေ့ရှိကြောင်း မွန်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)မှ ဗဟိုအလုပ်အမှုဆောင် ဦးနိုင်ထော်ဦးက ပြောပြ၍ သိရသည်။

ASH

Searchlight ၏ Behemoth! ဇာတ်ကားခွဲ မင်းသား အားရစ်ဂရစ်ဖင် ပါဝင်မည်

နယူးယောက် ဇန်နဝါရီ ၂၂

Searchlight ရုပ်ရှင်ကုမ္ပဏီသည် Behemoth! ဇာတ်ကားခွဲ ဟာသမင်းသား အားရစ်ဂရစ်ဖင်လည်း ပါဝင်လာကြောင်း ဇန်နဝါရီ ၂၁ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်။

Behemoth! ဇာတ်ကားခွဲ အားရစ်ဂရစ်ဖင် ပါဝင်သရုပ်ဆောင်ရမည့် ဇာတ်ကောင်နေရာကို Searchlight ကုမ္ပဏီက ကြေညာခြင်းမရှိသေးပေ။

အဆိုပါ ဇာတ်ကားတွင် အားရစ်ဂရစ်ဖင်သည် မင်းသားပက်ဒရိုပါစကယ်၊ မင်းသမီး အိုလီဗီယာဝိုင်း၊ အီဗာဗစ်တာတို့နှင့် အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

Behemoth! ဇာတ်ကားသည် ဂီတသမား တစ်ဦး၏ အချစ်ဇာတ်လမ်းကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

Behemoth! ဇာတ်ကားကို ဒါရိုက်တာ တိုနီကျိရိုင်းက တာဝန်ယူ ရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထု၊ ဇာတ်ညွှန်းကိုလည်း ၎င်းကိုယ်တိုင် ရေးသားထားပြီး အဆိုပါ ဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုကို ယခုနှစ် အောက်တိုဘာလတွင် လေ့စ်အိန်ဂျလိစ်မြို့၌ စတင်မည် ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

တေးသံရှင် လေးဖြူ၏ တစ်ကိုယ်တော်တေးဂီတဖျော်ဖြေပွဲကို မရမ်းကုန်းမြို့နယ်ရှိ Yangon Social F & B, Music, Kids Playground တွင် ပြုလုပ်မည်

ရန်ကုန် ဇန်နဝါရီ ၂၂

တေးသံရှင် လေးဖြူ၏ တစ်ကိုယ်တော်တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ Yangon Social F & B, Music, Kids Playground ၌ ဇန်နဝါရီ ၃၁ ရက်တွင် ပြုလုပ်မည်ဖြစ်ကြောင်း တေးသံရှင် လေးဖြူထံမှ သိရသည်။

တေးသံရှင် လေးဖြူ၏ တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင် လေးဖြူနှင့်အတူ Rock Star Music Band တေးဂီတအဖွဲ့ကလည်း အကောင်းဆုံးပါဝင်ပံ့ပိုးတီးခတ် ပေးသွားမည်ဖြစ်ပြီး ရှေ့ခ်တေးသီချင်းများကို ဇန်နဝါရီ ၃၁ ရက် ည ၇ နာရီမှစတင်ကာ ဖျော်ဖြေသီဆို ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"Yangon Social F & B, Music, Kids Playground မှာ Rock Star Music Band နဲ့အတူ လာမဲ့ဇန်နဝါရီ ၃၁ ရက်ညမှာ အတူတူရှိနေပါမယ်။ အားလုံးကို လာခဲ့ကြဖို့ ဖိတ်ခေါ်ပါတယ်"ဟု တေးသံရှင် လေးဖြူက ပြောပြသည်။

အဆိုပါ တေးသံရှင် လေးဖြူ၏ တစ်ကိုယ်တော်တေးဂီတ ဖျော်ဖြေပွဲကို မရမ်းကုန်းမြို့နယ်ရှိ Yangon Social F & B, Music, Kids Playground ၌ ဇန်နဝါရီ ၃၁ ရက် ည ၇ နာရီတွင် စတင် ဖျော်ဖြေသွားမည် ဖြစ်ကြောင်း သိရသည်။

ASH

Somedays ဒရာမာဇာတ်ကားခွဲ မင်းသမီး ပါမီလာအန်ဒါဆန် ပါဝင်မည်

နယူးယောက် ဇန်နဝါရီ ၂၂

Tucker Tooley Entertainment ကုမ္ပဏီ၏ Somedays အမည်ရှိ ဒရာမာဇာတ်ကားခွဲ မင်းသမီး ပါမီလာအန်ဒါဆန် ပါဝင်သရုပ်ဆောင်မည် ဖြစ်ကြောင်း ဇန်နဝါရီ ၂၁ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်။

Somedays ဇာတ်ကားတွင် ပါမီလာအန်ဒါဆန်သည် အော်စကာဆုရ မင်းသားကြီး ဘီလီ ဘော့သွန်တန်၊ မင်းသမီး အာရီယာနာဂရင်းဘလပ် တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

Somedays ဇာတ်ကားသည် အသက်ရှင်ရန် အချိန်သိပ်မကျန်တော့သည့် ပစ္စည်းပို့အလုပ်သမား တစ်ဦးနှင့် ဒုက္ခသည်မိန်းမတစ်ဦး တို့ကြား ဆက်ဆံရေးကို ပုံဖော်ရိုက်ကူးမည့် ဒရာမာဇာတ်ကားဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ ဘရိုင်ယန်ကလပ်မင်းက တာဝန်ယူ ရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထု၊ ဇာတ်ညွှန်းကိုလည်း ကိုယ်တိုင်ရေးသားထားသည်။

လက်ရှိတွင် Somedays ဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုကို နယူးဂျာစီပြည်နယ်၌ စတင်နေပြီ ဖြစ်ကြောင်း သိရသည်။

Somedays ဇာတ်ကားရုံတင်ပြသမည့်ရက်ကို Tucker Tooley Entertainment က ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

á **စာမျက်နှာ ၁၀ မှအဆက်**

ထို့ကြောင့် လွန်ခဲ့သည့် ခုနစ်နှစ်ခန့်က ပစ္စည်းများခွဲဝေခဲ့ကြပြီး သီးခြားစီနေထိုင်ခဲ့ကြသည့် တရားလိုနှင့် တရားပြိုင်တို့အပေါ် အုတ်ဖိုမြို့နယ်တရားရုံး၏ **၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်(၉၆)အရ လင်မယားအဖြစ်မှ ကွာရှင်းခွင့်ပြုကြောင်း အမိန့်ချမှတ်သည့်အချိန်တွင် ခွဲဝေရန်ပစ္စည်းကျန်ရစ်သည်ဟု ဆိုနိုင်မည်မဟုတ်ကြောင်း** ရုံးတော်က စိစစ်သုံးသပ်ခဲ့ပါသည်။

အထက်ဖော်ပြပါ သုံးသပ်တွေ့ရှိချက်များအရ ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်က တရားပြိုင်သည် တရားလိုအပေါ် ကြီးလေးသော အိမ်ထောင်ရေးပြစ်မှုကျူးလွန်ကြောင်း ခရိုင်တရားရုံးက ငြင်းချက်အမှတ်(၂)၏ ဖြေဆိုချက်အပေါ် ပြင်ဆင်ဖြေဆိုခဲ့ခြင်းသည် အမှုတွဲပါ သက်သေခံချက်များနှင့် ကိုက်ညီမှုရှိသည်ဟု ဆိုနိုင်မည်မဟုတ်ပေ။

သို့ဖြစ်၍ သာယာဝတီခရိုင်တရားရုံးက တရားပြိုင်သည် တရားလိုအပေါ် ကြီးလေးသော အိမ်ထောင်ရေးပြစ်မှုကျူးလွန်သည်ဆိုတာ မှန်ကြောင်း၊ သို့သော် တရားလိုနှင့်တရားပြိုင်တို့သည် လင်မယားနှစ်ဦးပိုင်ပစ္စည်းများကို ၂၀၁၃ ခုနှစ် အောက်တိုဘာလအတွင်းကပင် ခွဲဝေရယူခဲ့ကြပြီးဖြစ်၍ နှစ်ဦးပိုင်ပစ္စည်းမရှိတော့ကြောင်း ဆုံးဖြတ်ကာ တရားလိုစွဲဆိုသည့်အမှုကို စရိတ်နှင့်တကွ ပလပ်ခဲ့သည့် စီရင်ချက်နှင့် ဒီကရီကိုအတည်ပြုပြီး တရားမအယူခံမှုကို စရိတ်နှင့်တကွ ပလပ်ခဲ့ပါသည်။

လူကြီးစုံရာရှေ့တွင် ကွာရှင်းပြီး ပစ္စည်းခွဲဝေခဲ့ကြပြီးနောက်တွင်မှ ဇနီးသည်က နောက်အိမ်ထောင်ပြုခြင်းအပေါ် အိမ်ထောင်ရေးပြစ်မှုကျူးလွန်သည်ဟုအကြောင်းပြုပြီး ခင်ပွန်းက ပစ္စည်းခန်းနှင့် ပတ်သက်၍ တောင်းဆိုခွင့်မရှိကြောင်းဖြစ်ပါသည်။ **ဦးကျော်ဌေးနှင့် ဒေါ်ရီရီမြင့် ၂၀၂၃ ခုနှစ်၊ တရားမအယူခံမှုအမှတ်(၂)** စီရင်ထုံးဖြစ်ပါသည်။

Vice Chairman of State Security and Peace Commission Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win receives delegation led by Head of the Neighbouring Countries Coordination Center (NCCC) of Army Operations Center, Office of the Commander-in-Chief of Royal Thai Army



Vice-Senior General Soe Win receives General Direk Bongkarn, Head of the Neighbouring Countries Coordination Center (NCCC) of Army Operations Center, Office of the Commander-in-Chief of Royal Thai Army and his delegation.

Nay Pyi Taw January 22

Vice Chairman of State Security and Peace Commission Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win received General Direk Bongkarn, Head of the Neighbouring Countries Coordination Center (NCCC) of Army Operations Center, Office of the Commander-in-Chief of Royal Thai Army and his delegation at the parlour of BayintnaungVilla here this afternoon.

Also present at the call together with the Vice-Senior General were Lt-Gen Nyunt Win Swe from the Office of Commander-in-Chief (Army) and senior military officers. The Thai general was accompanied by Thai Military Attache (Army) to Myanmar Senior Colonel Pongphan Puttha and officials of the Office of the Commander-in-Chief of Royal Thai Army and NCCC.

During the talks, cordial discussions were centred on improving relations and friendship between the armed forces of the two countries due to the guidance of the military leaders and efforts for their sustainability, continued implementation of the bilateral agreements between the two countries and endeavour for enhancing cooperation, cooperative efforts between the governments and armed forces of the two countries, peace and security at the border areas for restoring trade and commodity flow, illicit trade and illegal business through control measures, energetic efforts being made to prevent the reappearance of the online scam and gambling and to launch counternarcotic operations as a national task and promoting bilateral cooperation including information sharing process, success in holding the phases 1 and 2 of the 2025 multiparty democracy general election and the holding of the phase 3 on 25 January.

After the call, the Vice-Senior General and the Thai general exchanged commemorative gifts and posed for documentary photos together with attendees. 100

From Page 13

one 10x10 ft zinc-roofed brick hut, one 20x20 ft zinc-roofed brick hut, and one 10x10 ft zinc-roofed bamboo-wall hut. Additionally, two underground log bunkers, a communication trench 300 feet long, 3 feet wide, and 3 feet deep, two 2-person bamboo-roofed huts, and one 5-person bamboo-roofed hut were found. The seizure also included one 24x12 ft zinc-roofed brick building, one 15x12 ft zinc-roofed brick building, one 24x24 ft two-story zinc-roofed wooden building, one 30x20 ft zinc-roofed brick building, one 20x20 ft zinc-roofed brick building, one 24x15 ft zinc-roofed brick building with a garage, one 12x8 ft zinc-roofed brick bathroom, one 10x5 ft zinc-roofed brick double-toilet, and one 6x6 ft zinc-roofed brick guard post.

Tatmadaw columns conducted field intelligence operations within Hsipaw and Mongyai Townships in Northern Shan State. Collaborating with residents through their tip-offs, multi-agency joint teams divided into columns to carry out operations against online fraud and narcotics. From January 9 to January 22, 2026, they successfully uncovered and cleared 13 drug production sites and 2 sites suspected of operating online gambling and fraud. A large quantity of drug production equipment and related materials were seized. Furthermore, one SSA outpost and one fortified base located near the drug production sites were discovered and captured.

The seized equipment used in drug production will be thoroughly inspected by joint teams, handed over to relevant departments, and systematically destroyed by fire or controlled explosions. It is requested that any information regarding narcotics be reported promptly to the authorities. It is also reported that any organization primarily involved in these drug-related cases will face effective and severe legal action. 100



Equipment and buildings used for drug manufacturing seized at around 5:00 p.m. on January 18, approximately 20 kilometers west of Manphyet Village.

Photo of one steel distillation pot discovered

Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

Five additional drug manufacturing sites discovered and seized in Hsipaw and Mongyal Townships

Seizure of SSA camp sites near Namlan area in Hsipaw Township and near Mongyal town, along with locations used for online scam gambling operations and drug manufacturing, together with related equipment.

Nay Pyi Taw January 22

The Union Government is continuously carrying out drug eradication and suppression operations, which undermine national dignity and cause devastating harm to all humanity, by mobilizing all available forces and resources nationwide in cooperation with the public, as well as working together with regional and international organizations.

Regarding these anti-drug efforts, which are being undertaken as a national duty, continuous and vigorous operations to prevent and suppress drug production and illicit trafficking nationwide have led to the discovery and seizure of drug manufacturing sites and related equipment in Hsipaw Township and Mongyal Township. Information on these seizures was previously released on 11, 15, and 16 January.

Continuing these efforts, joint teams comprising security forces carried out area clearance operations in the said regions, supported by intelligence provided by local residents, as well as necessary aerial reconnaissance and ground intelligence operations, with the aim of completely eradicating drug manufacturing activities. As a result, at around 4:00 p.m. on 18 January 2026, approximately 10 kilometers southwest of Seinkyawt Village and about 2 kilometers northwest of the site seized on 16 January, the following were discovered and seized: three warehouses containing "1888" brand packaging materials; 15 glass containers; one hut containing 24 drying trays; eight living huts; one hut housing seven distillation machines; one warehouse containing 500 sacks of (under verification) chemical substances; one warehouse containing 103 sacks of caustic soda and 200 sacks of sodium sulfate; 18 sacks of alum; 28 sacks of charcoal powder; 469 gas cylinders; three refrigerators; one cooking shelter; nine electric stoves; and two machines used in drug manufacturing.

At around 5:00 p.m. on 18 January, approximately 20 kilometers west of Manphyet Village and about 7 kilometers southwest of the site seized on 11 January, the following were seized: 17 living huts; eight warehouses; four drug production huts; two large generators; 54 blue plastic barrels containing acid; 190 blue plastic barrel shells; 76 metal drum shells; 75 white five-gallon containers containing acid; 60 sacks of caustic soda; one steel distillation pot used in drug production; and 39 small glass containers. At around 6:00 p.m. the same day, approximately 6 kilometers northwest of that location, the following were seized: 67 plastic barrel shells; seven metal drum shells; two generators; four living huts; one warehouse containing cardboard packaging; one cooking shelter; six metal-framed storage racks; one gas cylinder; and 50 pieces of sawn timber of various sizes.

At around 9:00 a.m. on 19 January, approximately 10 kilometers southwest of Mongyal Town and about 9 kilometers northeast of the site seized on 16 January, the following were seized: five drug production huts; five warehouses; eight living huts; five six-foot boilers; five five-foot boilers; four steel mixers; 60 steel trays; 120 glass tubes used in drug production; four tablet-press machines; 120 gas cylinder shells; 250 blue plastic barrel shells; 50 metal drum shells; two large generators; and two six-wheel blue trucks.

At around 3:00 p.m. the same day, approximately 18 kilometers southwest of Manphyet Village and about 4 kilometers southeast of the site seized on 18 January, the following were seized: one tarpaulin-covered living hut measuring 25 feet by 15 feet; one tarpaulin-covered cooking shelter measuring 20 feet by 10 feet; one backhoe excavator; and related equipment.

Furthermore, at around 7:00 p.m. on 20 January, approximately 8 kilometers southwest of the said area, additional structures suspected of being used for online fraud and gambling activities were discovered and seized. These included two two-storey metal-roofed buildings measuring 180 feet by 50 feet and 22 feet in height; one under-construction two-storey building measuring 120 feet by 60 feet and 22 feet in height; and one steel-framed, panel-clad building measuring 200 feet by 20 feet and 12 feet in height.

Furthermore, security forces conducted area clearance operations on the morning of January 22. Upon reaching a location approximately 18 kilometers northwest of Man Phyat village and 4 kilometers southwest of the site seized on January 16, they captured a large camp previously occupied by SSA armed groups without encountering resistance. The camp, which is believed to have provided close security for drug production, consisted of fortified structures: one 40x20 ft zinc-roofed brick building, one 40x25 ft zinc-roofed brick kitchen, one 20x20 ft zinc-roofed bamboo hut, one 20x15 ft zinc-roofed brick hut,

See Page 12

Equipment and buildings used for drug manufacturing seized at around 5:00 p.m. on January 18, approximately 20 kilometers west of Manphyet Village.

Photo of eight warehouses discovered

Photo of four drug manufacturing sites discovered

Equipment and buildings used for drug manufacturing seized at around 5:00 p.m. on January 18, approximately 20 kilometers west of Manphyet Village.

Photo of 60 sacks containing caustic soda discovered

Equipment and buildings used for drug manufacturing seized at around 6:00 p.m. on January 18, approximately 21 kilometers northwest of Manphyet Village.

နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

အိန္ဒိယ IG Defence ကုမ္ပဏီက ကြည်းတပ်နှင့် ရေတပ်ကို ဒရုန်းတိုက်ဖျက်ရေးစနစ်များ ရောင်းချပေးသွားမည်

အိန္ဒိယအခြေစိုက် ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှု လုပ်ငန်းတစ်ခုဖြစ်သည့် IG Defence ကုမ္ပဏီသည် ၎င်းတို့ကိုယ်တိုင် ဒီဇိုင်းရေးဆွဲထုတ်လုပ်ထားသော IG T-Shul Pulse အမည်ရှိ ဒရုန်းတိုက်ဖျက်ရေးစနစ်များကို ရောင်းချရန် အိန္ဒိယကြည်းတပ်နှင့် ရေတပ်တို့ထံမှ အမှာစာများ လက်ခံရရှိခဲ့ကြောင်း The Defense Post သတင်းဌာနက ဧန်နဝါရီ ၁၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤလုပ်ဆောင်ချက်သည် အိန္ဒိယအစိုးရ၏ Make in India စီမံကိန်းအရ ပြည်တွင်းကာကွယ်ရေး နည်းပညာမြှင့်တင်ရေးနှင့် ကိုယ့်အားကိုယ်ကိုးနိုင်ရေးမူဝါဒများနှင့် တစ်ထပ်တည်း ကျလျက်ရှိသည်။

စာချုပ်တန်ဖိုးနှင့် ဝယ်ယူသည့် အရေအတွက်ကို ထုတ်ဖော်ပြောကြားခြင်း မရှိသော်လည်း အဆိုပါဒရုန်းတိုက်ဖျက်ရေးစနစ်များကို လာမည့်တစ်လအတွင်း စစ်ဘက်ဆိုင်ရာတပ်ဖွဲ့များတွင် တရားဝင် စတင်တပ်ဖြန့်အသုံးပြုသွားမည်ဖြစ်ကြောင်း Telegraph India သတင်းဌာနက ဖော်ပြခဲ့သည်။ အိန္ဒိယလက်နက်ကိုင်တပ်ဖွဲ့များသည် လက်ရှိတွင် ပြည်တွင်းထုတ် ဒရုန်းရန်ကာကွယ်ရေးကဏ္ဍကို အရှိန်အဟုန်ဖြင့် တိုးချဲ့လျက်ရှိရာ ယခင်ကလည်း Axiscades Technologies၊ Paras Anti-Drone Technologies နှင့် Zen Technologies Limited ကုမ္ပဏီတို့ထံမှ အဆင့်မြင့်ဒရုန်းတိုက်ဖျက်ရေးစနစ်များနှင့် လှိုင်းဖြတ်တောက်ရေး Jammer စနစ်များကို မှာယူခဲ့ဖူးကြောင်း သိရသည်။

IG T-Shul Pulse ဒရုန်းတိုက်ဖျက်ရေးစနစ်သည် လူတစ်ကိုယ်စာ သယ်ဆောင်နိုင်ပြီး အီလက်ထရွန်နစ်စစ်ဆင်ရေးကို အခြေခံထားသည့်လက်ကိုင်ဒရုန်းဖျက် Jammer စနစ်တစ်ခုဖြစ်သည်။ ၎င်းသည် နှစ်ကီလိုမီတာ အကွာအဝေး အတွင်းရှိ ရန်သူ့ဒရုန်းများကို လှိုင်းဖြတ်တောက်ခြင်းဖြင့် ထိန်းချုပ်မှု ကင်းမဲ့သွားအောင် လုပ်ဆောင်နိုင်စွမ်းရှိကြောင်း သိရသည်။

ရှေ့တန်းတပ်ဖွဲ့များ၊ စစ်အခြေစိုက်စခန်းများနှင့် အရေးကြီးသော မဟာဗျူဟာမြောက်နေရာများကို ကာကွယ်ရန် ဒီဇိုင်းထုတ်ထားသည့် ဤစနစ်သည် Multi-band နည်းပညာကို အသုံးပြုထားပြီး မိမိဘက်တော်သားများ၏ ဆက်သွယ်ရေးနှင့် ရေတပ်စနစ်များကို ထိခိုက်မှုမရှိစေဘဲ ရန်သူ့ဒရုန်းများကိုသာ ရွေးချယ်ဖြတ်တောက်နိုင်သည့် အားသာချက်ရှိကြောင်း သိရသည်။

အလေးချိန်ပေါ့ပါးပြီး အချိန်မရွေး လျင်မြန်စွာ အသုံးပြုနိုင်သည့် ဤစနစ်သည် ယခင်က အသုံးပြုခဲ့သော လုပ်ဆောင်ချက် တစ်ခုတည်းသာရှိသည့် Jammer စနစ်ဟောင်းများထက် များစွာ အဆင့်မြင့်ကြောင်း IG Defence ကုမ္ပဏီက ထုတ်ပြန်ခဲ့သည်။ လက်ရှိတွင် ဤစနစ်များကို ရာနှင့်ချီ၍ထုတ်လုပ်လျက်ရှိပြီး လိုအပ်ချက်အရ ထုတ်လုပ်မှုကို ပိုမိုတိုးမြှင့်သွားနိုင်ရန် ပြင်ဆင်ထားကြောင်း သိရသည်။

ဤကဲ့သို့ ပြည်တွင်းဖြစ် အဆင့်မြင့် ဒရုန်းတိုက်ဖျက်ရေးစနစ်များကို မှာယူတပ်ဆင်ခြင်းသည် အိန္ဒိယနိုင်ငံအနေဖြင့် နယ်စပ်လုံခြုံရေးနှင့် ပင်လယ်ပြင်စိုးမိုးရေးတို့တွင် ခေတ်သစ်စစ်ပွဲ၏ခြိမ်းခြောက်မှုများကို အီလက်ထရွန်နစ်နည်းပညာဖြင့် တန်ပြန်ရန် ပြင်ဆင်လာခြင်းပင်ဖြစ်သည်။ ဤလုပ်ဆောင်ချက်သည် ပြည်ပမှ စစ်လက်နက်ပစ္စည်း တင်သွင်းမှုအပေါ် မှီခိုနေရခြင်းကို လျှော့ချရုံသာမက အာရှဒေသတွင်းတွင် အိန္ဒိယ၏ စစ်ရေးနည်းပညာအသာစီးရမှုကိုပါ ခိုင်မာစေမည်ဖြစ်ကြောင်း စစ်ရေးပညာရှင်များက သုံးသပ်ထားကြသည်။

India's IG Defence Clinches Indigenous Anti-Drone System Orders From Army, Navy ကို ဘာသာပြန်ဆိုထားပါသည်။

တရုတ်၏ အအေးပေးစနစ်သုံး ရေဒါချစ်ပ်ပြားများက ကိုယ်ပျောက်တိုက်လေယာဉ်များ၏ ထောက်လှမ်းနိုင်စွမ်းကို မြှင့်တင်ပေးနိုင်



တရုတ်နိုင်ငံ၏ အအေးပေးစနစ်သုံး ရေဒါချစ်ပ်ပြားများက ကိုယ်ပျောက်တိုက်လေယာဉ်များ၏ ထောက်လှမ်းနိုင်စွမ်းကို မြှင့်တင်ပေးနိုင်ကြောင်း Interesting Engineering သတင်းဌာနက ဧန်နဝါရီ ၁၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

တရုတ်နိုင်ငံ အနောက်မြောက်ဒေသရှိ Xidian တက္ကသိုလ်မှ သိပ္ပံပညာရှင်များသည် စစ်ဘက်သုံးရေဒါများနှင့် အနာဂတ်ဝိုင်ယာလက်ကွန်ရက်များ၏ စွမ်းဆောင်ရည်ကို သိသိသာသာမြှင့်တင်ပေးနိုင်မည့် အအေးပေးစနစ်သုံး ရေဒါချစ်ပ်ပြားနည်းပညာရပ်တစ်ခုကို အောင်မြင်စွာဖော်ထုတ်နိုင်ခဲ့ရာ ၎င်းနည်းပညာသည် တိုက်လေယာဉ်များ၏ ထောက်လှမ်းနိုင်စွမ်းကို ၄၀ ရာခိုင်နှုန်းခန့်ထိ မြှင့်တင်ပေးနိုင်သည်။

ယခုတွေ့ရှိချက်သည် စွမ်းအားမြင့် အီလက်ထရွန်နစ်ပစ္စည်းများတွင် အဓိကရင်ဆိုင်နေရသည့် အပူလွန်ကဲမှုပြဿနာကို ဖြေရှင်းနိုင်ရန် ရည်ရွယ်ခြင်းဖြစ်သည်။ အအေးပေးစနစ်သုံး ရေဒါချစ်ပ်ပြားများသည် လျှပ်စစ်ဗို့အားမြင့်နှင့် ကြိမ်နှုန်းမြင့် လှိုင်းများကို ကိုင်တွယ်နိုင်စွမ်းရှိသော်လည်း အပူလွန်ကဲမှုကြောင့် ၎င်းတို့၏ စွမ်းဆောင်ရည်ကို အပြည့်အဝ အသုံးမပြုနိုင်ဘဲ ကန့်သတ်ချက်များ ရှိနေသည်။

တရုတ်နိုင်ငံ၏ နောက်ဆုံးပေါ်ကိုယ်ပျောက် တိုက်လေယာဉ်များဖြစ်သည့် J-20 နှင့် J-35 တို့တွင် အအေးပေးစနစ်သုံး ရေဒါချစ်ပ်ပြားများကို အသုံးပြုထားပြီးဖြစ်ရာ ယခုနည်းပညာသစ်ကြောင့် ၎င်းတို့၏ ထောက်လှမ်းနိုင်စွမ်းမှာ ယခင်ကထက် ပိုမိုဆောင်ရွက်လာနိုင်သည်။ နှိုင်းယှဉ်ချက်အရ အမေရိကန်၏ F-22 တိုက်လေယာဉ်များသည် ယခင်နည်းပညာဟောင်းများကိုသာ အားကိုးနေရဆဲဖြစ်ပြီး F-35 တိုက်လေယာဉ်များတွင် ရေဒါများ အဆင့်မြှင့်တင်ရန်မှာလည်း ၂၀၃၁ ခုနှစ်ထိ ကြန့်ကြာဖွယ်ရှိသည်။

ထို့ပြင် တရုတ်နိုင်ငံသည် ကမ္ဘာပေါ်တွင် Gallium သတ္တုကို အများဆုံးထုတ်လုပ်သည့်နိုင်ငံဖြစ်ပြီး အမေရိကန်စစ်ဘက်အသုံးပြုသူများထံသို့ အဆိုပါသတ္တုတင်ပို့မှုကို ကန့်သတ်ထားခြင်းကြောင့် ချစ်ပ်ပြားဒီဇိုင်းနှင့်ကုန်ကြမ်းပစ္စည်းနှစ်ရပ်စလုံးတွင် တရုတ်နိုင်ငံက အသာစီးရရှိထားသည်။

သုတေသနအဖွဲ့ခေါင်းဆောင် Zhou Hong ၏ ပြောကြားချက်အရ ရေဒါချစ်ပ်ပြားအတွင်းပိုင်းရှိ ပစ္စည်းများကို ချိတ်ဆက်ရာတွင် အသုံးပြုသည့် အလွှာများ၌ အပူအောင်းခြင်းကို သိသိသာသာ လျှော့ချနိုင်ခဲ့ကြောင်း သိရသည်။ ၎င်းတို့သည် အလွှာများကြား ချောမွေ့ညီညာမှုရှိစေရန် တိကျစွာထိန်းချုပ်နိုင်သည့် နည်းလမ်းသစ်ကို တီထွင်ခဲ့ရာ အပူခံနိုင်ရည်မှာ ယခင်ထက် သုံးပုံတစ်ပုံခန့် လျော့ကျသွားခဲ့သည်။

ဤသို့ အပူထုတ်လွှတ်မှု ကောင်းမွန်သွားခြင်းကြောင့် ရေဒါစနစ်များသည် ပစ္စည်းအရွယ်အစား ပိုမိုကြီးမားလာခြင်း မရှိဘဲ ပိုမိုအားကောင်းသော အချက်ပြလှိုင်းများကို ထုတ်လွှင့်နိုင်ပြီး အလွန်အားနည်းသော ပဲ့တင်သံများကိုပင် ဖမ်းယူနိုင်တော့မည်ဖြစ်သည်။ ဤနည်းပညာသည် စစ်ဘက်သုံးတွင်သာမက အရပ်ဘက်သုံး 5G နှင့် အနာဂတ် 6G မိုဘိုင်းကွန်ရက်များတွင်လည်း လျှပ်စစ်သုံးစွဲမှု လျှော့ချရန်နှင့် လွှမ်းခြုံမှုဧရိယာ ချဲ့ထွင်ရန်အတွက် များစွာအကျိုးပြုမည်ဖြစ်သည်။

တရုတ်နိုင်ငံ၏ ဤနည်းပညာ အောင်မြင်မှုသည် တတိယမျိုးဆက် နည်းပညာလောကတွင် ၎င်းတို့၏ယှဉ်ပြိုင်နိုင်စွမ်းကို ပိုမိုခိုင်မာစေရုံသာမက ကမ္ဘာ့လေကြောင်း စိုးမိုးရေးအားပြိုင်မှုတွင်လည်း ကိုယ်ပျောက်တိုက်လေယာဉ်များ၏ ထောက်လှမ်းရေးစွမ်းရည်ကို တစ်ပန်းသာစေမည့်အရေးပါသော ခြေလှမ်းတစ်ခုဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

China's supercooled radar chips could boost stealth jet detection power by 40% ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပြောင်း လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့

မင်းကင်း ဇန်နဝါရီ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပြောင်း လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မင်းကင်းမြို့နယ်တွင် အစေ့ထုတ်ပြောင်း ၁၁၁၆ ဧကနှင့် ဖူးစားပြောင်း ၆၀၂၂ ဧက စုစုပေါင်း ၇၁၃၈ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် အစေ့ထုတ်ပြောင်း ၁၁၄၇ ဧကနှင့် ဖူးစားပြောင်း ၆၂၆၃ ဧက စုစုပေါင်း ဧက ၇၄၁၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီဆောင်းသီးနှံ စိုက်ပျိုးရာသီ မင်းကင်းမြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်း ၇၁၃၈ ဧက လျာထားစိုက်ပျိုးခဲ့ရာမှာ ဧက ၇၄၁၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့နဲ့ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေတယ်"ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။

မင်းကင်းမြို့နယ်တွင် ပြောင်းသီးနှံစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြောင်တောင်ပိုး ကြိုတင်ကာကွယ်ခြင်း၊ သဘာဝမြေသြဇာ ပြုလုပ်သုံးစွဲခြင်း စသည့်စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြောင်းသီးနှံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပြောင်းသီးနှံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း ကင်းမွန်ပိဿာချိန် ၆၄၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့

ဒေးဒရဲ ဇန်နဝါရီ ၂၂

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ကင်းမွန်ပိဿာချိန် ၆၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဒေးဒရဲမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးအေးက ပြောပြသည်။

ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် နိုဝင်ဘာလအတွင်းက ကင်းမွန်ပိဿာချိန် ၄၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဒီဇင်ဘာလအတွင်း ကင်းမွန်ပိဿာချိန် ၆၄၀၀၀ ထိ တင်ပို့ရောင်းချ နိုင်ခဲ့ကြောင်း၊ အဆိုပါ ကင်းမွန်များကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုအား ကောင်းလာခြင်းကြောင့် တင်ပို့အားတက်လာခြင်း ဖြစ်ကြောင်း သိရသည်။

"ဒေးဒရဲမြို့နယ်ကနေ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း ကင်းမွန်ပိဿာချိန် ၆၄၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ကင်းမွန်တွေ အဝယ်လိုက်လာတာကြောင့် ဒီဘက်ကနေ ရန်ကုန်ဈေးကွက်ကို ပိုမိုတင်ပို့ရောင်းချခဲ့ရတာပါ။ ကုန်တင်ပို့အား တက်လာတော့ ရေလုပ်ငန်းနဲ့ ဆက်စပ်နေသူတွေ အဆင်ပြေပါတယ်။ ဒီဘက် ဒေသထွက် ကင်းမွန်အပါအဝင် ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိက တင်ပို့ရောင်းချနေပါတယ်"ဟု ဒေးဒရဲမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးအေးက ပြောပြသည်။

ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့သည့် အဆိုပါ ကင်းမွန်တစ်ပိဿာလျှင် ငွေကျပ် ၂၅၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

လေးမျက်နှာမြို့နယ် ဝါးရုံချောင်းကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

လေးမျက်နှာ ဇန်နဝါရီ ၂၂

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ဝါးရုံချောင်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း(VDP) စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇန်နဝါရီ ၂၁ ရက်နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လေးမျက်နှာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယဉ်မင်းဦးက VDP စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ စည်းကမ်းသတ်မှတ်ချက်များ၊ ကော်မတီဝင်များ၏ တာဝန်နှင့် ရပိုင်ခွင့်များ၊ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကျေးရွာနေပြည်သူလူထုက ပူးပေါင်းပါဝင်ဆောင်ရွက်ပေးရမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာကြသော မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်ခုနစ်ဦးကို အများသဘောဆန္ဒနှင့် အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဝါးရုံချောင်းကျေးရွာ၌ VDP စီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀ ဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း လေးမျက်နှာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

သံသာ

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

နိုင်ငံဓေတ်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။

မင်းလှမြို့နယ် ရှားတောကွင်းကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု စစ်ဆေး

မင်းလှ ဇန်နဝါရီ ၂၂

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ရှားတောကွင်းကျေးရွာ၌ ကွန်ကရစ်ဘီး လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဇန်နဝါရီ ၂၁ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာယာဝတီခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးညွန့်ဇော်နှင့် ဝန်ထမ်းများက ရှားတောကွင်းကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့် တွေ့ဆုံကာ ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီး လုပ်ငန်းများ ရေရှည်တည်တံ့စေရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေး မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ လမ်းတစ်ဖက်လျှင် အရှည်ပေ ၉၀၀၊ အကျယ် ၂ ပေ၊ အမြင့် ၆ လက်မစီရှိ ကွန်ကရစ်ဘီးလမ်းခင်းခြင်း လုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်းဖြင့် ဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ၂၀၂၅ ခုနှစ် အောက်တိုဘာလစတုတ္ထပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်း လုပ်ငန်း ရာနှုန်းပြည့် ဆောင်ရွက်နိုင်မှုကြောင့် ကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပြီး ယခင်ကထက် လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားတိုးတက်လာမည် ဖြစ်ကြောင်း မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

သုတ

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ်ရုံး Army Operation Center ၊ Neighboring Countries Coordination Center (NCCC) ဌာန၏အကြီးအကဲ General Direk Bongkarn တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

ရှေ့ဖုံးမှအဆက်

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးညွှန့်ဝင်းဆွေနှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ်ရုံး (NCCC)ဌာန၏အကြီးအကဲနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းဘုရင့်ကြည်းတပ်စစ်သံမှူး Senior Colonel Pongphan Puttha နှင့် ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ်ရုံးနှင့်(NCCC) ဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံတပ်မတော်အကြီးအကဲများ၏ဦးဆောင်မှုဖြင့် တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးကောင်းမွန်လျက်ရှိပြီး ချစ်ကြည်ရင်းနှီးမှုများတိုးတက်လျက်ရှိသည့်အခြေအနေများနှင့် ရေရှည်တည်တံ့ခိုင်မြဲအောင် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများ၊ နှစ်နိုင်ငံအကြားသဘောတူညီချက်များအား ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည့် အခြေအနေများနှင့်ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်နေစေရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည့် အခြေအနေများ၊ နှစ်နိုင်ငံကုန်သွယ်မှု၊ ကုန်စည်စီးဆင်းမှုများ ပြန်လည်ကောင်းမွန်ရေးအတွက် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးကို နှစ်နိုင်ငံအစိုးရနှင့် တပ်မတော်နှစ်ရပ်အကြား ပူးပေါင်း၍ ထိန်းသိမ်းဆောင်ရွက်သွားနိုင်မည့်အခြေအနေများနှင့် နယ်စပ်ဒေသများတွင် တရားမဝင်ကုန်သွယ်မှုများနှင့် တရားမဝင်လုပ်ငန်းများ လုပ်ကိုင်မှုမရှိစေရေးထိန်းသိမ်းဆောင်ရွက်သွားရန်လိုအပ်သည့် အခြေအနေများ၊ မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ တစ်ကျော့ပြန်မပေါ်ပေါက်လာစေရေးနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူ၍ အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် နှစ်နိုင်ငံသတင်းအချက်အလက်များဖလှယ်ခြင်းများအပါအဝင် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့်အခြေအနေများ၊ မြန်မာနိုင်ငံတွင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၁)နှင့် အပိုင်း(၂)ကို အောင်မြင်စွာကျင်းပပြီးစီးခဲ့သည့် အခြေအနေများနှင့် လာမည့်ဇန်နဝါရီ ၂၅ ရက်တွင် အပိုင်း(၃)ကို ဆက်လက်ကျင်းပသွားမည်ဖြစ်သည့်အခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့် ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ်ရုံး (NCCC)ဌာန၏ အကြီးအကဲတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ပြီး တက်ရောက်လာကြသူများနှင့် အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

Myanmar Football Academies Tournament 2025-2026 ပြိုင်ပွဲတွင် ပထမဆုနှင့် အသန့်ရှင်းဆုံးအသင်းဆုရရှိခဲ့သည့် တပ်မတော်ဘောလုံးအကယ်ဒမီအသင်းကို ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၂

Myanmar Football Academies Tournament 2025-2026 ပြိုင်ပွဲတွင် ပထမဆုနှင့် အသန့်ရှင်းဆုံးအသင်းဆု (Fair Play Award)ရရှိခဲ့သည့် တပ်မတော်ဘောလုံးအကယ်ဒမီအသင်းဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ဇေယျာသီရိဘောလုံးအားကစားကွင်း၌ကျင်းပရာ တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဇော်ဟိန်း၊ တပ်မတော်ဘောလုံးကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်ရဲထွဋ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ တပ်မတော်ဘောလုံးအကယ်ဒမီအုပ်ချုပ်ရေးမှူး၊ Myanmar Football Academies Tournament 2025-2026 ပြိုင်ပွဲတွင် ပထမဆုနှင့် အသန့်ရှင်းဆုံးအသင်းဆု(Fair Play Award) ရရှိခဲ့သည့် တပ်မတော်ဘောလုံးအကယ်ဒမီအသင်းမှ နည်းပြအဖွဲ့ဝင်များ၊ အားကစားသမားများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဇော်ဟိန်း တပ်မတော်ဘောလုံးအကယ်ဒမီအသင်းကို ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်စဉ်။

ဦးစွာ တပ်မတော်အားကစားနှင့်ကာယပညာအုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဇော်ဟိန်းက အဖွင့်အမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၀ သိန်းပေးအပ်ရာ တပ်မတော်ဘောလုံးအကယ်ဒမီ အုပ်ချုပ်ရေးမှူးနှင့် အသင်းခေါင်းဆောင်တို့က လက်ခံရယူကြသည်။

ထို့နောက် တပ်မတော်ဘောလုံးအကယ်ဒမီအုပ်ချုပ်ရေးမှူး ဗိုလ်မှူးခင်မောင်စိုးက တပ်မတော်ဘောလုံးကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်ရဲထွဋ်ထံ ချန်ပီယံဆုဖလားကိုအပ်နှင်းသည်။

ယင်းနောက် တပ်မတော်ဘောလုံးအကယ်ဒမီအသင်းနည်းပြချုပ် ဦးညီညီလတ်က ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မြန်မာဘောလုံးအကယ်ဒမီများပြိုင်ပွဲကို ယခုနှစ် ဇန်နဝါရီ ၃ ရက်မှ ၁၁ ရက်ထိ ရန်ကုန်မြို့၌ ပြိုင်ပွဲဝင်အသင်း ရှစ်သင်းဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဗိုလ်လုပွဲကို ဇန်နဝါရီ ၁၁ ရက်တွင် ယှဉ်ပြိုင်ကစားခဲ့ရာ တပ်မတော်ဘောလုံးအကယ်ဒမီအသင်းက မြန်မာဘောလုံးအကယ်ဒမီ(မန္တလေး)အသင်းကို သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

၅၄ ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ တက်ရောက်နိုင်

နေပြည်တော် ဇန်နဝါရီ ၂၂

၅၄ ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံကို ဆေးသုတေသနဆောင်ရွက်မှုများမှသည် ပိုမိုကောင်းမွန်သော ကျန်းမာရေးဆီသို့- Better Health through Medical Research ဟူသောဆောင်ပုဒ်နှင့် ကျင်းပမည်ဖြစ်သည်။

ညီလာခံတွင် သုတေသနစာတမ်း ၇၁ စောင်နှင့် သုတေသနပိုစတာ ၄၅ စောင်တို့ကို တင်သွင်းဖတ်ကြားပြသသွားရန် စီစဉ်ထားရှိကြောင်း သိရှိရသည်။

ညီလာခံသို့ ပြည်တွင်း၊ ပြည်ပမှ သုတေသီများတက်ရောက်ကြမည်ဖြစ်ပြီး ပညာရပ်ဆိုင်ရာဟောပြောပွဲ(Symposium) လေးခုနှင့် (Scientific Talk)နှစ်ခုတို့ကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

ညီလာခံကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၆ ရက် မှ ၃၀ ရက်ထိ ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ်-၅၊ ဇီဝကလမ်းရှိဆေးသုတေသနဦးစီးဌာန(ရုံးချုပ်)တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်သူများထံ အသိပေးပန်ကြားချက်

- အရေးကြီး၊ အရေးပေါ်ဖြင့် ပြည်ပသို့သွားရောက်လိုသူများ Onilne Booking တင်ရာတွင်လည်းကောင်း၊ ရုံးတွင်းဆောင်ရွက်ရာတွင်လည်းကောင်း စောင့်ဆိုင်းရန်မလိုဘဲ အမြန်ဝန်ဆောင်မှု(Express Service)ဖြင့် လျှောက်ထားနိုင်ရေးစီစဉ်ထားပါကြောင်း၊
- လျှောက်လွှာလက်ခံပြီး ငါးရက်အကြာတွင် နိုင်ငံကူးလက်မှတ်စာအုပ်ရမည်ဖြစ်ပါကြောင်း၊
- အမြန်ဝန်ဆောင်ခမှာ စာအုပ်ဖိုးအပါအဝင် ၅၄၅၀၀၀ ကျပ်ဖြစ်ပါကြောင်း၊
- အသေးစိတ်အချက်အလက်များကို မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့ website ဖြစ်သည့် www.passport.gov.mm တွင် ဖော်ပြထားပါကြောင်း၊
- အမြန်ဝန်ဆောင်မှု(Express Service)ကို၅-၁-၂၀၂၆ ရက်မှ စတင်မည်ဖြစ်ပါကြောင်း အသိပေးပန်ကြားအပ်ပါသည်။

ပြည်သူလူထုသို့ အသိပေးနှိုးဆော်ချက်

ICJ ကြားနာပွဲတွင် မြန်မာနိုင်ငံကိုယ်စား သွားရောက်ဖြေရှင်းနေသည့် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ဦးဆောင်သော Agent of Myanmar အဖွဲ့အား ပြည်သူတစ်ရပ်လုံးအနေဖြင့် အားပေးထောက်ခံလျက်ရှိသည်ကို ဝမ်းသာဂုဏ်ယူဖွယ်မြင်တွေ့ရပါသည်။

အဖွဲ့အစည်းအသီးသီးမှ လူမှုကွန်ရက်ပေါ်တွင် ထောက်ခံအားပေးသည့် Post များရေးသားခြင်း၊ ထုတ်ပြန်ချက်များထုတ်ပြန်ခြင်း၊ မြေပြင်ထောက်ခံပွဲများပြုလုပ်ခြင်းများကို မည်သူ့တိုက်တွန်းချက်မှမပါဘဲ အားတက်သရောလုပ်ဆောင်နေကြသည်ကို လေးစားဂုဏ်ယူဖွယ်အသိအမှတ်ပြုပါသည်။

သို့ရာတွင် Agent of Myanmar အဖွဲ့အနေဖြင့် နိုင်ငံတကာဥပဒေများနှင့်အညီ တရားရင်ဆိုင်ဆဲကာလဖြစ်သဖြင့် အားပေးထောက်ခံမှုများအား လူမှုကွန်ရက်ပေါ်တွင်လည်းကောင်း၊အဖွဲ့အစည်းများမှမြို့ရွာအသီးသီးတွင် ထောက်ခံပွဲများပြုလုပ်ရာတွင်လည်းကောင်း အောက်ပါအချက်များအား အထူးသတိပြုလိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်-

(၁) ICJ တရားရုံးနှင့် တရားသူကြီးများအား ဝေဖန်ပုတ်ခတ်ခြင်း၊ ဖိအားပေးသည့်သဘောရေးသားပြောဆိုခြင်းများ လုံးဝမပြုလုပ်ကြပါရန်။

(၂) လူမျိုးရေးခွဲခြားသည့် အသုံးအနှုန်းများ ရေးသားပြောဆိုခြင်း၊ လက်ကိုင်ဆိုင်းဘုတ်ပြုလုပ်ခြင်းများ မပြုလုပ်ကြပါရန်။

(၃) တိုင်းရင်းသားအမျိုးအမည်တွင် မပါဝင်သည့်၊ တိုင်းရင်းသားအဖြစ် မသတ်မှတ်ထားသည့် လူမျိုးအမည်အားသုံးစွဲပြီး ထိုအမည်အား အမုန်းစကား(Hate Speech)များ မပြုလုပ်ကြပါရန်။

(၄) Agent of Myanmar အဖွဲ့အနေဖြင့် နိုင်ငံတကာဥပဒေများနှင့်အညီ သက်သေအထောက်အထားခိုင်လုံစွာဖြင့် တရားရုံးတွင် ရင်ဆိုင်ဖြေရှင်းနေကြောင်းကိုသာ ထောက်ခံရေးသားပြောဆိုကြပါရန်။

သတင်းအဖွဲ့

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃)တွင် ပါဝင်သည့် ချမ်းမြသာစည်မြို့နယ်၊ ပုသိမ်ကြီးမြို့နယ်အတွင်း မဲရုံများဖွင့်လှစ်ပြင်ဆင်ဆောင်ရွက်နေမှုတို့ကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် လိုက်လံကြည့်ရှုစစ်ဆေး

မန္တလေး ဇန်နဝါရီ ၂၂

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများလိုက်ပါပြီး ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃)၌ မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ် ရှစ်မြို့နယ်တွင်ပါဝင်သည့် ချမ်းမြသာစည်မြို့နယ်၊ ပုသိမ်ကြီးမြို့နယ်တို့၌ မဲရုံများ စနစ်တကျဖွင့်လှစ်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ယနေ့နံနက်ပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးရာ ချမ်းမြသာစည်မြို့နယ်တွင် သံလျက်မှော်(တောင်)ရပ်ကွက်ရှိ ဖူဆယ်ကွင်း၊ ဒေသန္တရဆေးပေးခန်းနှင့် အမှတ်(၁၃) အခြေခံပညာမူလတန်းကျောင်း၊ ချမ်းမြသာစည်(တောင်)ရပ်ကွက်ရှိ နားမကြားသောကလေးများကျောင်း၊ မြို့သစ်အမှတ်(၄)ရပ်ကွက်ရှိ အောင်ပန်းမြေကိုယ်ပိုင်ကျောင်း၊ကန်သာယာရပ်ကွက်ရှိ အမှတ်(၂၃) အခြေခံပညာမူလတန်းကျောင်း၊ အမှတ်(၃၁) အခြေခံပညာအထက်တန်းကျောင်း၊ (အုန်းချော)၊ အခြေခံပညာအထက်တန်း ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးထွန်တုံးရပ်ကွက်ရှိ ကိုယ်ပိုင်ကျောင်း၊ မြရည်နန္ဒာရပ်ကွက်ရှိ အမှတ်(၃၅)အခြေခံပညာအထက်တန်းကျောင်း၊ ပုသိမ်ကြီးမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း(ကျောက်မီး)သို့သွားရောက်ပြီး မဲရုံများ ဖွင့်လှစ်ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကော်မရှင်အဆင့်ဆင့်မှတာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ရပ်ကျေးအုပ်ချုပ်ရေးမှူးများ၊ မဲရုံမှူးများ၊ ဒုတိယမဲရုံမှူးများ၊ မဲရုံများတွင် တာဝန်ထမ်းဆောင်ကြသူများအနေဖြင့် မဲဆန္ဒရှင်ပြည်သူများအတွက် မဲရုံများအလိုက် ဖွင့်လှစ်ပြင်ဆင်ဆောင်ရွက်ရာတွင် မဲဆန္ဒရှင်ပြည်သူများစိတ်ချမ်းအေးမှုအဆင်ပြေချောမွေ့မှုတို့ဖြင့် ဆောင်ရွက်နိုင်ရေးအလေးထားကာ ကြပ်မတ်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်းဖြင့် မှာကြားပြီး တာဝန်ရှိသူများက ချမ်းမြသာစည်မြို့နယ်တွင် မဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင် ၁၄၂၄၁၂ ဦးအတွက် မဲရုံ ၈၇ ရုံနှင့် ပုသိမ်ကြီးမြို့နယ်တွင် မဲဆန္ဒရှင် ၁၇၇၁၄၄ ဦးအတွက် မဲရုံ ၁၃၉ ရုံ ဖွင့်လှစ် ပြင်ဆင်ဆောင်ရွက်ထားမှုနှင့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုများရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

မျိုးကျော်

စစ်တွေမြို့တည် နှစ် ၂၀၀ ပြည့် အထိမ်းအမှတ်ပွဲတော် ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၂

ရခိုင်ပြည်နယ် စစ်တွေမြို့တည် နှစ် ၂၀၀ပြည့်အထိမ်းအမှတ်ပွဲတော်(၁၈၂၆-၂၀၂၆) ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါမြို့ရှိ ဝက်ပါကွင်း၌ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာဦးနှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက စစ်တွေမြို့တည် နှစ် ၂၀၀ ပြည့်အထိမ်းအမှတ် ပွဲတော်မှခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် ဝက်ပါကွင်းအနီးရှိ အတုလမာရဇိန်ပြည်လုံးချမ်းသာဘုရားကြီးအား ပန်း၊ ရေချမ်း၊ ဆီမီးများကပ်လှူပူဇော်၍ စစ်တွေမြို့ နန္ဒာရာမ ပရိယတ္တိစာသင်တိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရုဘဒ္ဒန္တနန္ဒာသီရိ အမှူးပြုသော ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုပြီး နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများသည် ဝက်ပါကွင်းအတွင်း စည်ကားသိုက်မြိုက်စွာကျင်းပသည့် စစ်တွေမြို့တည် နှစ် ၂၀၀ ပြည့်အထိမ်းအမှတ်ပွဲတော်သို့ တက်ရောက်ကြသည်။ ဦးစွာ ရခိုင်မင်္ဂလာစည်တော်အဖွဲ့က "ပိုဒ်စုံရတု"ကိုဖတ်ကြားသီဆိုဖွင့်လှစ်ပြီး တေးသံရှင်များက "ငါရို့ချစ်တယ် မြို့စစ်တွေ" တေးသီချင်း၊ "စစ်တွေမြို့တည် နှစ် ၂၀၀ ပြည့် အထိမ်းအမှတ်" တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းမှူး၊ တာဝန်ရှိသူများနှင့်အတူ စစ်တွေမြို့တည် နှစ် ၂၀၀ ပြည့်အထိမ်းအမှတ် အဖြစ်ကျင်းပသည့် အမျိုးသား၊ အမျိုးသမီး မိနီမာရသွန်ပြိုင်ပွဲများတွင် ဆုရရှိကြသူများ၊ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် ပန်းချီပြိုင်ပွဲများတွင် ဆုရရှိကြသူများကို ဂုဏ်ပြုဆုတံဆိပ်နှင့် ချီးမြှင့်ငွေများ အသီးသီးပေးအပ်ကြသည်။

ယင်းနောက် စစ်တွေမြို့တည် နှစ် ၂၀၀ ပြည့်အထိမ်းအမှတ်ပွဲတော်ကျင်းပရေးဦးစီးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး သာကီမဏ္ဍိုင်ရခိုင်ရိုးရာယဉ်ကျေးမှုဖော်ထုတ်ရေးအဖွဲ့က ရခိုင်ရိုးရာအိုးစည်ယိမ်းအကဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ပွဲတော်အထိမ်းအမှတ်အဖြစ် ဖွင့်လှစ်ပြသထားသည့်ပြခန်းများကို လှည့်လည်ကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။ အဆိုပါပွဲတော်ကို ဇန်နဝါရီ ၂၃ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(၅၀၁)**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း စစ်တွေမြို့တည် နှစ် ၂၀၀ ပြည့်အထိမ်းအမှတ် ဆုရရှိသူတစ်ဦးကို ဆုပေးအပ်ချီးမြှင့်စဉ်။

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန အသိပေးကြေညာချက်

မော်တော်ယာဉ်များတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ထုတ်ပေးသည့် မော်တော်ယာဉ်နံပါတ်ပြားမဟုတ်ဘဲ အခြားနံပါတ်ပြားတပ်ဆင်ခြင်း၊ မူလနံပါတ်ပြားကို အလှဆင်ပြုပြင်ထားသည့် နံပါတ်ပြားများတပ်ဆင်ခြင်း၊ အလှဆင်နံပါတ်ပြားများတပ်ဆင်ခြင်း၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးတပ်ယာဉ်များတွင် အသံပိုမိုကျယ်လောင်စေရန် အသံထိန်းကိရိယာများ ပြောင်းလဲတပ်ဆင်ခြင်း၊ အသံထိန်းကိရိယာဖြုတ်၍ မောင်းနှင်ခြင်း၊ ဆူညံသံဖြစ်ပေါ်စေသည့် ကိရိယာတပ်ဆင်အသုံးမပြုကြရန်နှင့် တပ်ဆင်အသုံးပြုသော မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးတပ်ယာဉ်များကို ၂၀၂၀ ပြည့်နှစ် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့်မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ယာဉ်ထိန်းရဲတပ်ဖွဲ့

တိပိဋကရ တိပိဋကကောဝိဒ သဘောရေးဖြေအရှင်မြတ်များ၏ အောင်စာရင်းထုတ်ပြန်

၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း (၅)ရက် (ကြာသပတေးနေ့) ၂၂-၁-၂၀၂၆ ရက်၊ နံနက် ၀၈ ၀၀ နာရီအချိန်တွင် ကျင်းပသော တိပိဋကရေ တိပိဋကကောဝိဒရွေးချယ်ရေး ဩဝါဒါစရိယဆရာတော်ကြီးများနှင့် တိပိဋကရေ တိပိဋကကောဝိဒ ရွေးချယ်ရေးအဖွဲ့ နှစ်ဖွဲ့ပေါင်း (၂/၇၈)ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ အောက်ဖော်ပြပါ သဘောရေးဖြေအရှင်မြတ်များ၏ အောင်စာရင်းကို ထုတ်ပြန်လိုက်သည်-

သဘောရေးဖြေအောင်စာရင်း

အဘိဓမ္မပိဋက၊ အဘိဓမ္မာ (ဒုတိယပိုင်း)နှစ်ကျမ်း သဘောရေးဖြေအောင်

အဘိဓမ္မကောဝိဒ၊ တိပိဋကရေ တိပိဋကကောဝိဒ (၁)ပါး

၁။ ပလ္လင်အမှတ် (၂၆၂) အရှင်ဝိစိတ္တသာရ၊ အသက် (၅၁)နှစ်၊ သိက္ခာ (၃၁)ဝါ
တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

သုတ္တန္တပိဋက၊ ဒီဃနိကာယ်သုံးကျမ်း သဘောရေးဖြေအောင်

ဒီဃနိကာယကောဝိဒ (၃)ပါး

၁။ ပလ္လင်အမှတ် (၂၉၃) အရှင်ခေမာသိရီလင်္ကာရ၊ အသက် (၄၃)နှစ်၊ သိက္ခာ (၂၃)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး။

၂။ ပလ္လင်အမှတ် (၃၀၅) အရှင်သုမင်္ဂလ၊ အသက် (၃၉)နှစ်၊ သိက္ခာ (၁၈)ဝါ
တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၃။ ပလ္လင်အမှတ် (၃၁၆) အရှင်ဝိမလာလင်္ကာရ၊ အသက် (၃၄)နှစ်၊ သိက္ခာ (၁၄)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊
စစ်ကိုင်းတိုင်းဒေသကြီး။

ဝိနယပိဋက၊ ဝိနည်းဒုတိယပိုင်းသုံးကျမ်း သဘောရေးဖြေအောင်

ဝိနယကောဝိဒ (၇)ပါး

၁။ ပလ္လင်အမှတ် (၃၃၃) အရှင်ကောသလ္လ၊ အသက် (၄၇)နှစ်၊ သိက္ခာ (၂၆)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊
စစ်ကိုင်းတိုင်းဒေသကြီး။

၂။ ပလ္လင်အမှတ် (၃၇၁) အရှင်သိရိဥာဏာလင်္ကာရ၊ အသက် (၃၆)နှစ်၊ သိက္ခာ (၁၄)ဝါ
တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၃။ ပလ္လင်အမှတ် (၃၇၇) အရှင်ပညာဝံသာလင်္ကာရ၊ အသက် (၃၃)နှစ်၊ သိက္ခာ (၁၃)ဝါ
တိပိဋကစုဆန်းလီကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၄။ ပလ္လင်အမှတ် (၃၈၁) အရှင်ပညာသိရီလင်္ကာရ၊ အသက် (၃၂)နှစ်၊ သိက္ခာ (၁၁)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ ရွာငံမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)။

၅။ ပလ္လင်အမှတ် (၃၈၂) အရှင်ကုသလ၊ အသက် (၃၀)နှစ်၊ သိက္ခာ (၁၁)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ ရွာငံမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)။

၆။ ပလ္လင်အမှတ် (၃၈၃) အရှင်အဂ္ဂညာဏာလင်္ကာရ၊ အသက် (၃၂)နှစ်၊ သိက္ခာ (၁၀)ဝါ
တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၇။ ပလ္လင်အမှတ် (၃၈၄) အရှင်သုစိတ္တာလင်္ကာရ၊ အသက် (၃၁)နှစ်၊ သိက္ခာ (၁၀)ဝါ
တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ဝိနယပိဋက၊ ဝိနည်းပထမပိုင်းနှစ်ကျမ်း သဘောရေးဖြေအောင်

ဥဘတောဝိဘင်္ဂကောဝိဒ (၁၁)ပါး

၁။ ပလ္လင်အမှတ် (၄၂၇) အရှင်နန္ဒိယာလင်္ကာရ(ဒီပဲယင်း)၊ အသက် (၃၇)နှစ်၊ သိက္ခာ (၁၇)ဝါ
တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂။ ပလ္လင်အမှတ် (၄၃၁) အရှင်အဂ္ဂညာဏ၊ အသက် (၃၇)နှစ်၊ သိက္ခာ (၁၇)ဝါ
တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၃။ ပလ္လင်အမှတ် (၄၄၉) အရှင်ပညာသာရ၊ အသက် (၃၅)နှစ်၊ သိက္ခာ (၁၅)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊
စစ်ကိုင်းတိုင်းဒေသကြီး။

၄။ ပလ္လင်အမှတ် (၄၅၁) အရှင်ကုမာရ၊ အသက် (၃၅)နှစ်၊ သိက္ခာ (၁၅)ဝါ
ပိဋကသုံးပုံနိကာယ်စာသင်တိုက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

၅။ ပလ္လင်အမှတ် (၄၅၃) အရှင်နန္ဒိယာလင်္ကာရ၊ အသက် (၃၇)နှစ်၊ သိက္ခာ (၁၄)ဝါ
တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၆။ ပလ္လင်အမှတ် (၄၅၄) အရှင်ကိတ္တိဝိဒါလင်္ကာရ၊ အသက် (၃၅)နှစ်၊ သိက္ခာ (၁၄)ဝါ
ထေရဝါဒမမ္မရောင်ခြည်ပရိယတ္တိစာသင်တိုက်၊
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၇။ ပလ္လင်အမှတ် (၄၆၆) အရှင်သောဘိတာလင်္ကာရ(ဝက်လက်)၊ အသက် (၃၄)နှစ်၊ သိက္ခာ (၁၃)ဝါ
တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၈။ ပလ္လင်အမှတ် (၄၈၃) အရှင်ပညာနန္ဒ၊ အသက် (၃၃)နှစ်၊ သိက္ခာ (၁၂)ဝါ
မေတ္တာနန္ဒကျောင်းတိုက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)။

၉။ ပလ္လင်အမှတ် (၅၀၂) အရှင်ကုသလာလင်္ကာရ၊ အသက် (၃၁)နှစ်၊ သိက္ခာ (၁၀)ဝါ
သာမဏေကျော်ပရိယတ္တိစာသင်တိုက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး။

၁၀။ ပလ္လင်အမှတ် (၅၀၅) အရှင်ဝိဇာတာလင်္ကာရ၊ အသက် (၃၀)နှစ်၊ သိက္ခာ (၁၀)ဝါ
တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၁။ ပလ္လင်အမှတ် (၅၂၆) အရှင်ကုမာရာလင်္ကာရ၊ အသက် (၂၇)နှစ်၊ သိက္ခာ (၇)ဝါ
မဟူလိန္ဒာပရိယတ္တိစာသင်တိုက်၊ ရမည်းသင်းမြို့၊
မန္တလေးတိုင်းဒေသကြီး။

တိပိဋကရေ တိပိဋကကောဝိဒ အာဂုံပြန် အရှင်မြတ်များအား သဘောရေးဖြေခွင့်ပြု

၁၃၈၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် (၁၂)ရက် (ဗုဒ္ဓဟူးနေ့) ၁၄-၁-၂၀၂၆ ရက်၊ နံနက် ၀၈ ၀၀ အချိန်တွင် ကျင်းပသော တိပိဋကရေ တိပိဋကကောဝိဒ ရွေးချယ်ရေးဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် တိပိဋကရေ တိပိဋကကောဝိဒ ရွေးချယ်ရေးအဖွဲ့တို့၏ (၁/၇၈)ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ အောက်ဖော်ပြပါ အာဂုံပြန် အရှင်မြတ်များအား သဘောရေးဖြေခွင့်ပြုလိုက်သည်-

အဘိဓမ္မပိဋက၊ အဘိဓမ္မာရှေ့ပိုင်း ငါးကျမ်းအာဂုံအောင်

မူလအာဘိဓမ္မိက (၃)ပါး

၁။ ပလ္လင်အမှတ်(၂) အရှင်ဂန္ဓမာ၊ အသက် (၄၃)နှစ်၊ သိက္ခာ (၂၃)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂။ ပလ္လင်အမှတ်(၃) အရှင်အစ္ဆရိယ၊ အသက် (၄၂)နှစ်၊ သိက္ခာ (၂၂)ဝါ
တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၃။ ပလ္လင်အမှတ်(၄) အရှင်ပညာစာရာလင်္ကာရ၊ အသက် (၄၂)နှစ်၊ သိက္ခာ (၂၁)ဝါ
တိပိဋကကမ္ဘောဇကျောင်းတိုက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။

သုတ္တန္တပိဋက၊ ဒီဃနိကာယ် သုံးကျမ်းအာဂုံအောင်

ဒီဃဘာဏက (၁)ပါး

၁။ ပလ္လင်အမှတ်(၈) အရှင်နေမိန္ဒာလင်္ကာရ၊ အသက် (၃၉)နှစ်၊ သိက္ခာ (၁၉)ဝါ
ဝဇီရာနန္ဒသုဗောဓာရုံကျောင်းတိုက်၊ နေပြည်တော်။

ဝိနယပိဋက၊ ဝိနည်းဒုတိယပိုင်း သုံးကျမ်းအာဂုံအောင်

ဝိနယရေ (၂၈)ပါး

၁။ ပလ္လင်အမှတ်(၁၂) အရှင်ပညာသိရီ၊ အသက် (၄၀)နှစ်၊ သိက္ခာ (၂၁)ဝါ
တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂။ ပလ္လင်အမှတ်(၁၄) အရှင်ပရမ၊ အသက် (၄၀)နှစ်၊ သိက္ခာ (၂၀)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ ရွာငံမြို့၊ ရှမ်းပြည်နယ် (တောင်ပိုင်း)။

၃။ ပလ္လင်အမှတ်(၂၅) အရှင်ပညာဓဇ၊ အသက် (၃၅)နှစ်၊ သိက္ခာ (၁၅)ဝါ
တိပိဋကစုဆန်းလီကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၄။ ပလ္လင်အမှတ်(၂၆) အရှင်သုဇာတ၊ အသက် (၃၅)နှစ်၊ သိက္ခာ (၁၅)ဝါ
တိပိဋကဓမ္မပါလမဟာဝိဟာရကျောင်းတိုက်၊ မုံရွာမြို့၊
စစ်ကိုင်းတိုင်းဒေသကြီး။

၅။ ပလ္လင်အမှတ်(၃၁) အရှင်အာစာရ၊ အသက် (၃၄)နှစ်၊ သိက္ခာ (၁၄)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မင်းကွန်း၊ မိုးမိတ်ကုန်းမြေ၊ စစ်ကိုင်းမြို့၊
စစ်ကိုင်းတိုင်းဒေသကြီး။

၆။ ပလ္လင်အမှတ်(၃၄) အရှင်ဓမ္မိက၊ အသက် (၃၄)နှစ်၊ သိက္ခာ (၁၄)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မင်းကွန်း၊ မိုးမိတ်ကုန်းမြေ၊ စစ်ကိုင်းမြို့၊
စစ်ကိုင်းတိုင်းဒေသကြီး။

၇။ ပလ္လင်အမှတ်(၃၈) အရှင်ဣန္ဒကာလင်္ကာရ (နတ်မောက်)၊ အသက် (၃၅)နှစ်၊ သိက္ခာ(၁၃)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ ရွာငံမြို့၊ ရှမ်းပြည်နယ် (တောင်ပိုင်း)။

၈။ ပလ္လင်အမှတ်(၄၅) အရှင်သောဘိတ၊ အသက် (၃၂)နှစ်၊ သိက္ခာ (၁၂)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မင်းကွန်း၊ မိုးမိတ်ကုန်းမြေ၊ စစ်ကိုင်းမြို့၊
စစ်ကိုင်းတိုင်းဒေသကြီး။

၉။ ပလ္လင်အမှတ်(၅၁) အရှင်ဣန္ဒကာလင်္ကာရ (ဟိုပုံး)၊ အသက် (၃၁)နှစ်၊ သိက္ခာ (၁၁)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ ရွာငံမြို့၊ ရှမ်းပြည်နယ် (တောင်ပိုင်း)။

၁၀။ ပလ္လင်အမှတ်(၆၃) အရှင်ရာဓိန္ဒာလင်္ကာရ၊ အသက် (၂၉)နှစ်၊ သိက္ခာ (၈)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ ရွာငံမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)။

၁၁။ ပလ္လင်အမှတ်(၆၄) အရှင်ဝိသာရဒါလင်္ကာရ၊ အသက် (၂၉)နှစ်၊ သိက္ခာ (၈)ဝါ
တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

စာမျက်နှာ ၁၉ သို့

စာမျက်နှာ ၁၈ မှအဆက်

၁၂။ ပလ္လင်အမှတ်(၆၅) အရှင်အာလောက၊ အသက် (၂၉)နှစ်၊ သိက္ခာ (၈)ဝါ
တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၃။ ပလ္လင်အမှတ်(၆၉) အရှင်ပညာဝံသာလင်္ကာရ၊ အသက် (၂၅)နှစ်၊ သိက္ခာ (၆)ဝါ
တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၄။ ပလ္လင်အမှတ်(၇၀) အရှင်သုဇန (နမ္မတူ)၊ အသက် (၃၈)နှစ်၊ သိက္ခာ (၁၈)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ ရွာငံမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)။

၁၅။ ပလ္လင်အမှတ်(၇၇) အရှင်ဃောသိတ၊ အသက် (၃၆)နှစ်၊ သိက္ခာ (၁၆)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ ရွာငံမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)။

၁၆။ ပလ္လင်အမှတ်(၈၃) အရှင်အဂ္ဂါနန္ဒ၊ အသက် (၃၅)နှစ်၊ သိက္ခာ (၁၅)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မင်းကွန်း၊ မိုးမိတ်ကုန်းမြေ၊ စစ်ကိုင်းမြို့၊
စစ်ကိုင်းတိုင်းဒေသကြီး။

၁၇။ ပလ္လင်အမှတ်(၉၄) အရှင်တိက္ခဉာဏာလင်္ကာရ၊ အသက် (၃၅)နှစ်၊ သိက္ခာ (၁၂)ဝါ
တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၈။ ပလ္လင်အမှတ်(၉၆) အရှင်ဇဝန၊ အသက် (၃၄)နှစ်၊ သိက္ခာ (၁၂)ဝါ
တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၉။ ပလ္လင်အမှတ်(၉၉) အရှင်ဇဝန၊ အသက် (၃၁)နှစ်၊ သိက္ခာ (၁၂)ဝါ
တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂၀။ ပလ္လင်အမှတ်(၁၀၀) အရှင်ကောသလ္လ၊ အသက် (၃၂)နှစ်၊ သိက္ခာ (၁၁)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ ရွာငံမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)။

၂၁။ ပလ္လင်အမှတ်(၁၀၃) အရှင်တိက္ခဉာဏ၊ အသက် (၃၁)နှစ်၊ သိက္ခာ (၁၁)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မင်းကွန်း၊ မိုးမိတ်ကုန်းမြေ၊ စစ်ကိုင်းမြို့၊
စစ်ကိုင်းတိုင်းဒေသကြီး။

၂၂။ ပလ္လင်အမှတ်(၁၁၀) အရှင်စက္ကိန္ဒ၊ အသက် (၃၀)နှစ်၊ သိက္ခာ (၁၀)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ ရွာငံမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)။

၂၃။ ပလ္လင်အမှတ်(၁၁၁) အရှင်နန္ဒိသေနာလင်္ကာရ၊ အသက် (၃၀)နှစ်၊ သိက္ခာ (၁၀)ဝါ
တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂၄။ ပလ္လင်အမှတ်(၁၁၃) အရှင်တေဇသာရ၊ အသက် (၂၉)နှစ်၊ သိက္ခာ (၁၀)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မင်းကွန်း၊ မိုးမိတ်ကုန်းမြေ၊ စစ်ကိုင်းမြို့၊
စစ်ကိုင်းတိုင်းဒေသကြီး။

၂၅။ ပလ္လင်အမှတ်(၁၁၇) အရှင်စန္ဒဇောတျာလင်္ကာရ၊ အသက် (၃၁)နှစ်၊ သိက္ခာ (၉)ဝါ
တိပိဋကစိန်ရွှေဖူးကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂၆။ ပလ္လင်အမှတ်(၁၁၈) အရှင်သုစိတ္တ၊ အသက် (၂၉)နှစ်၊ သိက္ခာ (၉)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ ရွာငံမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)။

၂၇။ ပလ္လင်အမှတ်(၁၂၂) အရှင်စန္ဒိမာ၊ အသက် (၂၈)နှစ်၊ သိက္ခာ (၉)ဝါ
တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂၈။ ပလ္လင်အမှတ်(၁၂၆) အရှင်ဉာဏာစာရာလင်္ကာရ၊ အသက် (၂၈)နှစ်၊ သိက္ခာ (၈)ဝါ
တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ဝိနယပိဋက၊ ဝိနည်းပထမပိုင်း နှစ်ကျမ်းအာဂုံအောင်
ဥဘတောဝိဘင်္ဂဓရ (၄၆)ပါး

၁။ ပလ္လင်အမှတ်(၁၃၁) အရှင်ဓမ္မသေနာလင်္ကာရ၊ အသက် (၃၈)နှစ်၊ သိက္ခာ (၁၇)ဝါ
မဏိမန္တလာဇေယျုံကျောင်း၊ ညောင်လေးပင်မြို့၊ ပဲခူးတိုင်းဒေသကြီး။

၂။ ပလ္လင်အမှတ်(၁၃၂) အရှင်ဇယဇောတ၊ အသက် (၃၇)နှစ်၊ သိက္ခာ (၁၇)ဝါ
မင်္ဂလသိရီပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊

၃။ ပလ္လင်အမှတ်(၁၃၇) အရှင်သီလာစာရ၊ အသက် (၃၅)နှစ်၊ သိက္ခာ (၁၄)ဝါ
တိပိဋကစုဆန်းလီကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၄။ ပလ္လင်အမှတ်(၁၃၉) အရှင်ဩဘာသာလင်္ကာရ၊ အသက် (၃၃)နှစ်၊ သိက္ခာ (၁၃)ဝါ
တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၅။ ပလ္လင်အမှတ်(၁၄၀) အရှင်ဟိတေသက၊ အသက် (၃၃)နှစ်၊ သိက္ခာ (၁၃)ဝါ
တိပိဋကနိကာယမော်လမြိုင်ကျောင်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၆။ ပလ္လင်အမှတ်(၁၄၂) အရှင်နန္ဒဝံသ၊ အသက် (၃၂)နှစ်၊ သိက္ခာ (၁၂)ဝါ
တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၇။ ပလ္လင်အမှတ်(၁၄၄) အရှင်အဂ္ဂသာရ၊ အသက် (၃၂)နှစ်၊ သိက္ခာ (၁၂)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မင်းကွန်း၊ မိုးမိတ်ကုန်းမြေ၊ စစ်ကိုင်းမြို့၊
စစ်ကိုင်းတိုင်းဒေသကြီး။

၈။ ပလ္လင်အမှတ်(၁၄၇) အရှင်ကုဏ္ဍလ၊ အသက် (၃၃)နှစ်၊ သိက္ခာ (၁၀)ဝါ
တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၉။ ပလ္လင်အမှတ်(၁၄၈) အရှင်စန္ဒသိရီ (ပျော်ဘွယ်)၊ အသက် (၃၃)နှစ်၊ သိက္ခာ (၁၀)ဝါ
တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၀။ ပလ္လင်အမှတ်(၁၄၉) အရှင်ဝါသဝါလင်္ကာရ၊ အသက် (၃၁)နှစ်၊ သိက္ခာ (၁၀)ဝါ
ပညာရောင်ခြည်ကျောင်းတိုက်၊
ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၁။ ပလ္လင်အမှတ်(၁၅၁) အရှင်ပညိန္ဒ၊ အသက် (၃၀)နှစ်၊ သိက္ခာ (၁၀)ဝါ
တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၂။ ပလ္လင်အမှတ်(၁၅၇) အရှင်ကောမလဝရာလင်္ကာရ၊ အသက် (၂၉)နှစ်၊ သိက္ခာ (၈)ဝါ
ရွာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၃။ ပလ္လင်အမှတ်(၁၅၈) အရှင်စန္ဒောဘာသာလင်္ကာရ၊ အသက် (၂၈)နှစ်၊ သိက္ခာ (၈)ဝါ
တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၄။ ပလ္လင်အမှတ်(၁၅၉) အရှင်ကောဝိဒ၊ အသက် (၂၈)နှစ်၊ သိက္ခာ (၈)ဝါ
တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၅။ ပလ္လင်အမှတ်(၁၆၅) အရှင်ဇောတိသာရာလင်္ကာရ၊ အသက် (၂၆)နှစ်၊ သိက္ခာ (၇)ဝါ
ရွာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၆။ ပလ္လင်အမှတ်(၁၆၈) အရှင်ရာဟုလာလင်္ကာရ၊ အသက် (၂၆)နှစ်၊ သိက္ခာ (၆)ဝါ
ရွာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၇။ ပလ္လင်အမှတ်(၁၆၉) အရှင်ရာဇဓမ္မ၊ အသက် (၂၆)နှစ်၊ သိက္ခာ (၆)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ ရွာငံမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)။

၁၈။ ပလ္လင်အမှတ်(၁၇၂) အရှင်နန္ဒိသေနာဇညာလင်္ကာရ၊ အသက် (၂၇)နှစ်၊ သိက္ခာ (၃)ဝါ
မနာပဒါယီပညာရေးစင်တာကျောင်းတိုက်၊
လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၉။ ပလ္လင်အမှတ်(၁၇၄) အရှင်ပညာစက္ကာလင်္ကာရ၊ အသက် (၁၉)နှစ်၊
မဟာဝိဟာရကျောင်းတိုက်၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂၀။ ပလ္လင်အမှတ်(၁၈၁) အရှင်သုဝီရ၊ အသက် (၃၃)နှစ်၊ သိက္ခာ (၁၃)ဝါ
တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂၁။ ပလ္လင်အမှတ်(၁၈၂) အရှင်ကေတုမာလာ၊ အသက် (၃၃)နှစ်၊ သိက္ခာ (၁၃)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ ရွာငံမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)။

၂၂။ ပလ္လင်အမှတ်(၁၈၉) အရှင်ကုန္ဒောဘာသ၊ အသက် (၃၃)နှစ်၊ သိက္ခာ (၁၁)ဝါ
သာမဏေကျော်စာသင်တိုက်၊ ဥဿာမြို့သစ်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး။

၂၃။ ပလ္လင်အမှတ်(၁၉၄) အရှင်ယသဓမ္မ၊ အသက် (၃၀)နှစ်၊ သိက္ခာ (၁၁)ဝါ
တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂၄။ ပလ္လင်အမှတ်(၁၉၇) အရှင်သီဟ၊ အသက် (၃၀)နှစ်၊ သိက္ခာ (၁၀)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ ရွာငံမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)။

၂၅။ ပလ္လင်အမှတ်(၂၀၂) အရှင်ကုသလ၊ အသက် (၂၉)နှစ်၊ သိက္ခာ (၁၀)ဝါ
ဥဿာသီရိစာသင်တိုက်၊ နန်းတော်ရာရပ်ကွက်၊
ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး။

၂၆။ ပလ္လင်အမှတ်(၂၀၃) အရှင်ဆေကိန္ဒာလင်္ကာရ၊ အသက် (၃၁)နှစ်၊ သိက္ခာ (၉)ဝါ
တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂၇။ ပလ္လင်အမှတ်(၂၀၉) အရှင်နန္ဒိယာလင်္ကာရ၊ အသက် (၂၈)နှစ်၊ သိက္ခာ (၈)ဝါ
ရွာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂၈။ ပလ္လင်အမှတ်(၂၁၃) အရှင်ဩသဓာလင်္ကာရ၊ အသက် (၂၇)နှစ်၊ သိက္ခာ (၆)ဝါ
ခေမဝတီသာသနာရောင်ခြည်ကျောင်း၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၂၉။ ပလ္လင်အမှတ်(၂၁၅) အရှင်ထာဝရာလင်္ကာရ၊ အသက် (၂၇)နှစ်၊ သိက္ခာ (၄)ဝါ
တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၃၀။ ပလ္လင်အမှတ်(၂၁၆) အရှင်ဥေယျဓမ္မာလင်္ကာရ၊ အသက် (၂၆)နှစ်၊ သိက္ခာ (၄)ဝါ
ရွာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၃၁။ ပလ္လင်အမှတ်(၂၁၇) အရှင်နန္ဒိယာလင်္ကာရ၊ အသက် (၂၅)နှစ်၊ သိက္ခာ (၄)ဝါ
ရွာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၃၂။ ပလ္လင်အမှတ်(၂၂၀) အရှင်ဝိစိတ္တ၊ အသက် (၄၀)နှစ်၊ သိက္ခာ (၂၀)ဝါ
တိပိဋကစုဆန်းလီကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၃၃။ ပလ္လင်အမှတ်(၂၂၇) အရှင်တေဇိန္ဒ၊ အသက် (၃၅)နှစ်၊ သိက္ခာ (၁၅)ဝါ
တိပိဋကဓမ္မပါလမဟာဝိဟာရကျောင်းတိုက်၊မုံရွာမြို့၊စစ်ကိုင်းတိုင်းဒေသကြီး။

၃၄။ ပလ္လင်အမှတ်(၂၃၀) အရှင်ကောဝိဒ၊ အသက် (၃၄)နှစ်၊ သိက္ခာ (၁၄)ဝါ
တိပိဋကဓမ္မပါလမဟာဝိဟာရကျောင်းတိုက်၊ မုံရွာမြို့၊
စစ်ကိုင်းတိုင်းဒေသကြီး။

စာမျက်နှာ ၂၀ သို့

၇၈ ကြိမ်မြောက် တိပိဋကရေ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ ၁၈ ပါးမြောက် တိပိဋကရေ တိပိဋကကောဝိဒ သာသနာ့အာဇာနည်အရှင်မြတ် တစ်ပါး ပေါ်ထွန်းတော်မူခြင်း

နေပြည်တော် ဇန်နဝါရီ ၂၂

၇၈ ကြိမ်မြောက် တိပိဋကရေတိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်မှ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၂ ရက်ထိ ၃၃ ရက်တိုင်တိုင် အောင်မြင်စွာ ကျင်းပဆောင်ရွက်ပြီးစီးခဲ့ပြီးဖြစ်သည်။

၇၈ ကြိမ်မြောက် တိပိဋကရေတိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးတွင် အရှင်ဝိစိတ္တသာရ သက်တော် ၅၁ နှစ်၊ သိက္ခာ ၃၁ ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက် ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် ရန်ကုန်တိုင်းဒေသကြီးသည် တိပိဋကရေ တိပိဋကကောဝိဒ ၁၈ ပါးမြောက် သာသနာ့အာဇာနည် ဆရာတော်အဖြစ် ပေါ်ထွန်းတော်မူခဲ့သည်။

တိပိဋကရေတိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးကို ၁၃၁၀ ပြည့်နှစ် (၁၉၄၈ ခုနှစ်)တွင် စတင်ကျင်းပခဲ့ရာ ယခုအချိန်ထိ ၇၈ ကြိမ်မြောက် ကျင်းပခဲ့ပြီးဖြစ်သည်။ ပထမအကြိမ်မှ ၇၇ ကြိမ်ထိ တိပိဋကရေ တိပိဋကကောဝိဒ ဆရာတော် ၁၇ ပါး ပေါ်ထွန်းခဲ့ပြီး ၇၇ ကြိမ်မြောက် တိပိဋကရေ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးတွင် ၁၇ ပါးမြောက် တိပိဋကရေ တိပိဋကကောဝိဒ ဆရာတော် ပေါ်ထွန်းခဲ့ပြီးနောက် နှစ်မခြားဘဲ ယခုနှစ် ၁၃၈၇ ခုနှစ် (၂၀၂၆ ခုနှစ်) ၇၈ ကြိမ်မြောက် တိပိဋကရေ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးတွင် ၁၈ ပါးမြောက်အဖြစ် တိပိဋကရေ တိပိဋကကောဝိဒ ဆရာတော် တစ်ပါး ထပ်မံပေါ်ထွန်းလာခဲ့ခြင်းဖြစ်သည်။

တိပိဋကရေ တိပိဋကကောဝိဒ ရွေးချယ်စာမေးပွဲကြီးတွင် ဝိနယပိဋကဝိနည်းပထမပိုင်း နှစ်ကျမ်း၊ ဝိနယပိဋကဝိနည်းဒုတိယပိုင်းသုံးကျမ်း၊ သုတ္တန္တပိဋကဒီဃနိကာယ်သုံးကျမ်း၊ အဘိဓမ္မပိဋကအဘိဓမ္မာပထမပိုင်းငါးကျမ်းနှင့် အဘိဓမ္မပိဋက အဘိဓမ္မာဒုတိယပိုင်းနှစ်ကျမ်းတို့ကို "တိပိဋကရေ" ဘွဲ့အတွက် အာဂုံပြန်ဆိုရပြီး "တိပိဋကကောဝိဒ" ဘွဲ့အတွက် သဘောရေးဖြေစာမေးပွဲ ဖြေဆိုရကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်မှ အဘိဓမ္မကောဝိဒဘွဲ့နှင့် တိပိဋကရေ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ကို ခံယူတော်မူမည့် အရှင်ဝိစိတ္တသာရ(ဒီပဲယင်းတိပိဋကဆရာတော်)၏ ထေရုပ္ပတ္တိအကျဉ်း

ဖွားရာဇာတိနှင့် ဖွားသက္ကရာဇ်

အရှင်ဝိစိတ္တသာရသည် စစ်ကိုင်းတိုင်းဒေသကြီး ရွှောဘိုခရိုင် ဒီပဲယင်းမြို့နယ် ဝန်းရံကျေးရွာ ခမည်းတော် ဦးဌေး + မယ်တော် ဒေါ်ကြင်နီတို့မှ ၁၃၃၆ ခုနှစ် ကဆုန်လပြည့်ကျော် ၁၀ ရက် ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်သော သားရတနာဖြစ်ပါသည်။

ဥပသမ္မဒမဂ်လာ

အရှင်ဝိစိတ္တသာရသည် ၁၃၅၆ ခုနှစ် တန်ဆောင်မုန်းလဆန်း ၈ ရက်တွင် ရေဦးမြို့နယ် တင်းတိန်ရံစျေးခမ္မိကာရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကေသရိန္ဒာဘိဝံသကို ဥပဇ္ဈာယ်ပြုလျက် ဦးဌေးသောင်+ဒေါ်တင်စု မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပြီး ကျေးဇူးရှင် မိဘနှစ်ပါး မိသားစု၊ ဦးအောင်ဌေး+ဒေါ်လေးနီ မိသားစု၊ နောင်ချို့မြို့နေ ဒေါက်တာမြင့်ကြွယ် + ဒေါ်အေးအေးသိန်း မိသားစု၊ ဒေါ်မူမူစန်း၊ ဒေါ်ကြူကြူသန်း (ရွှေမင်းသမီးရှေ့ပင်စင်တာ) မိသားစု၊ ပြည်မြို့ ဦးစန်းမြင့်+ဒေါ်အေးပို မိသားစု၊ သုံးခွမြို့ ဦးတင်ဝင်း+အဂ္ဂမဟာသီရိသုမင္ဂလသီဂီ ဒေါ်ခင်ကြည် (ဆန်းကိုကိုဘီစကွတ်) မိသားစု၊ ရန်ကုန်မြို့ ဦးလွင်မြင့်+ ဒေါ်ရီရီထွေး မိသားစု၊ မိုးကုတ်မြို့ ပန်းမရပ်နေ ကိုလှမျိုးသန့်+ မဥမ္မာချို (ရွှေသရဖူ) မိသားစု၊ သုဝဏ္ဏ ဦးအောင်ဆန်းဝင်း+ ဒေါ်စန်းယုမော် (ဆန်းကိုကိုဘီစကွတ်) မိသားစု၊ ရန်ကုန်မြို့ ဦးသန်းကျော်ထူး+ ဒေါ်သက်ထားတင်(ငွေကံ့ကော်ရွှေဆိုင်) မိသားစု၊ နေပြည်တော် ဦးကြင်စိန် + အဂ္ဂမဟာသီရိသုမင္ဂလသီဂီ ဒေါ်နီနီအေး၊ ကိုဂင်ထက်နိုင်+ သမီး မမော်လီလင်း (တဖထရေးဒင်းကုမ္ပဏီ)၊ လမ်းမတော်မြို့ ဦးမိန်တက်+ ဒေါ်သန်းသန်းမော် (မေလင်းအင်ဂျိုင်းသရီးဂိုးစတားကုမ္ပဏီ)

မိသားစု၊ ရန်ကုန်မြို့ ဦးဆင်ကျော်+ဒေါ်ခင်မျိုးကြွေ မိသားစု၊ ယုဇနဥယျာဉ်မြို့တော် ဦးမောင်ကျေး+ ဒေါ်ချိုချိုပြုံး မိသားစု၊ တာမွေမြို့နယ် မွန်မြတ်မေတ္တာအိမ်ရာနေ ဦးလှထွန်း+ဒေါ်လှ မိသားစု၊ ခရမ်းမြို့ ကိုကျော်စွာမင်း+ မအေးအေးနိုင် (မင်းဘုန်းရွှေကုမ္ပဏီ) မိသားစု၊ ရန်ကုန်မြို့နေ ဒေါ်ချို မိသားစု၊ တောင်ကြီးမြို့နေ ဒေါ်ချောစုလှိုင် သားသမီးများ မိသားစု၊ တောင်ဥက္ကလာပမြို့နေ ဦးခိုင်ဇော်လင်း+ ဒေါ်ဝါဝါဝင်းတို့ကိုအမှူးထား၍ ဒေါ်ထက်ယမင်းခိုင် (ယမင်းဂျပန်စာသင်တန်းကျောင်း) မိသားစု၊ ရန်ကုန်မြို့နေ ဒေါ်ခင်သီတာနှင့် မောင်နှမတစ်စု (မိုးဦးပန်းပရိဘောဂ)၊ တာမွေမြို့နေ ဦးသိန်းအောင်နှင့် သားသမီးများ၊ ကဝမြို့နယ် စျေးဖလုံကျေးရွာ ကိုဌေးလင်း+ မသီသီအောင် မိသားစု၊ ပဲခူးမြို့နေ ဦးသောင်းဝင်း+ ဒေါ်သန်းကြွယ် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ သိက္ခာထပ်မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ကျေးဇူးရှင်ဆရာတော်ကြီးများ

ဒီပဲယင်းမြို့နယ် ဝန်းရန်ကျောင်းငယ်ဆရာတော် ဘဒ္ဒန္တဇောတိက၊ အနန္တဂုဏ်ရည်ကျောင်းဆရာတော် ဘဒ္ဒန္တစန္ဒိမာ၊ တောင်ငူမြို့ ဝိသုဒ္ဓါရုံမြို့ထောင့်ကျောင်းဆရာတော် ဘဒ္ဒန္တဥတ္တမဝံသနှင့် စာချဆရာတော်များ၊ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် စည်ရှင်မဟာနာယကဆရာတော် ဘဒ္ဒန္တသြမာဝီရာဘိဝံသ၊ ရွှေကျင်နိကာယဥဃဥက္ကဋ္ဌ မဟာနာယက စည်ရှင်ဆရာတော် ဘဒ္ဒန္တအဂ္ဂညာနာဘိဝံသနှင့် စာချဆရာတော်များ၊ မန္တလေးမြို့ ခမ္မမာနိတာရုံကျောင်းဆရာတော် ဘဒ္ဒန္တမာနိတာဘိဝံသ၊ မဟာဝိသုဒ္ဓါရုံတိုက်သစ် အတုလဂုဏ်ရည်ကျောင်းဆရာတော် ဘဒ္ဒန္တသြဒါတသိရီဘိဝံသ၊ နောင်ချိုမြို့ ကတီပင်ကျောင်းဆရာတော် ဘဒ္ဒန္တဥတ္တမ၊ ရွှေပြည်သာမြို့နယ် သာခုကန်ကျောင်းဆရာတော် ဘဒ္ဒန္တတေဇိန္ဒ၊ မန္တလေးမြို့ မစိုးရိမ်တိုက်သစ်ခမ္မဝိနယရံသီကျောင်းဆရာတော် ဘဒ္ဒန္တပညိန္ဒာဘိဝံသ၊ ရန်ကုန်မြို့ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသနှင့် ဝိဋကနှစ်ပုံခွဲဆောင် ဘဒ္ဒန္တသြဘာသာဘိဝံသတို့ ဖြစ်ပါသည်။

အမြင့်ဆုံးအောင်မြင်ခဲ့သော စာမေးပွဲများ

သာသနဓဇမဟာစရိယဘွဲ့၊ ဝိနယဝိဒူဘွဲ့၊ ဒီဃနိကာယဝိဒူဘွဲ့၊ မဇ္ဈိမနိကာယဝိဒူဘွဲ့၊ အဘိဓမ္မဝိဒူဘွဲ့(၁) အဘိဓမ္မဝိဒူဘွဲ့(၂) နိကာယဝုဓိ သမိတိ ဝိနယကောဝိဒဘွဲ့၊ နိကာယုဇ္ဇောတက ခမ္မတ္ထဝိသာရဒ ဒီဃဘာဏကဘွဲ့၊ နိကာယုဇ္ဇောတက ဒီဃနိကာယ ခမ္မာစရိယဘွဲ့၊ နိကာယုဇ္ဇောတကအတ္ထဝိသာရဒ မူလအာဘိဓမ္မိကဘွဲ့၊ နိကာယုဇ္ဇောတက မဇ္ဈိမဘာဂ ခမ္မာစရိယဘွဲ့၊ နိကာယုဇ္ဇောတက မဇ္ဈိမအာဘိဓမ္မိက ဘာဏကဘွဲ့တို့ကိုရရှိခဲ့ပြီး တိပိဋကရေရွေးချယ်ရေးစာမေးပွဲတွင် ၁၃၆၃ ခုနှစ် ဥဘတောဝိဘင်္ဂရေဘွဲ့၊ ၁၃၆၅ ခုနှစ် ဝိနယဓရဘွဲ့၊ ၁၃၆၇ ခုနှစ် ဥဘတောဝိဘင်္ဂကောဝိဒဘွဲ့၊ ၁၃၆၈ ခုနှစ် ဝိနယကောဝိဒဘွဲ့၊ ၁၃၆၉ ခုနှစ် ဒီဃဘာဏကဘွဲ့၊ ၁၃၇၁ ခုနှစ် ဒီဃနိကာယကောဝိဒဘွဲ့၊ ၁၃၇၂ ခုနှစ် မူလအာဘိဓမ္မိကဘွဲ့၊ ၁၃၇၄ ခုနှစ် မူလအာဘိဓမ္မကောဝိဒဘွဲ့၊ ၁၃၇၆ ခုနှစ် အာဘိဓမ္မိကဘွဲ့၊ တိပိဋကရေဘွဲ့တို့ဖြစ်ပါသည်။

အဘိဓမ္မကောဝိဒဘွဲ့တံဆိပ်တော်

ယခုနှစ် ၇၈ ကြိမ်မြောက် တိပိဋကရေ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးတွင် အဘိဓမ္မပိဋက၊ အဘိဓမ္မာ(ဒုတိယပိုင်း)နှစ်ကျမ်း သဘောရေးဖြေကို ဖြေဆိုအောင်မြင်တော်မူသောကြောင့် အဘိဓမ္မကောဝိဒဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်တို့ကို ခံယူရရှိတော်မူမည်ဖြစ်ပါသည်။

တိပိဋကရေ တိပိဋကကောဝိဒဘွဲ့တံဆိပ်တော်

ယခုအခါ အရှင်ဝိစိတ္တသာရသည် သင်ရိုးပိဋကသုံးပုံကို အာဂုံပြန်ဆိုနှင့် သဘောရေးဖြေပါ အောင်မြင်တော်မူပြီးဖြစ်သဖြင့် တိပိဋကရေ တိပိဋကကောဝိဒဘွဲ့တံဆိပ်တော်၊ အောင်လက်မှတ်တော် အရိုးဝါကနက္ကဒဏ်ထီးဖြူတော် သုံးလက်တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်များနှင့် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်က ဆက်ကပ်လှူဒါန်းသော ကုန်း၊ ရေ၊ လေ၊ သုံးဌာနအခမဲ့ အထက်တန်းခရီးသွားလက်မှတ် (ရာသက်ပန်) တပည့်နှစ်ဦး အပါအဝင် ဆွမ်းဆန်တော် စသည်တို့ကို အလှူခံရရှိတော်မူမည်ဖြစ်ပါသည်။

စာမျက်နှာ ၁၉ မှအဆက်

၃၅။ ပလ္လင်အမှတ်(၂၃၃) အရှင်ပဏ္ဍိတာလင်္ကာရ၊ အသက် (၃၃)နှစ်၊ သိက္ခာ (၁၂)ဝါ
တန်ကြည်တောင်အောင်အပ်နှံသာမဏေကျော်ကျောင်းတိုက်၊
တောင်ကြီးမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)။

၃၆။ ပလ္လင်အမှတ်(၂၃၄) အရှင်ပညာဇောတ၊ အသက် (၃၂)နှစ်၊ သိက္ခာ (၁၂)ဝါ
တိပိဋကစိန်ရွှေဖူးကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၃၇။ ပလ္လင်အမှတ်(၂၃၅) အရှင်တေဇောဘာသ၊ အသက် (၃၁)နှစ်၊ သိက္ခာ (၁၁)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ ရွာင်းမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)။

၃၈။ ပလ္လင်အမှတ်(၂၄၆) အရှင်ခေမိသရ၊ အသက် (၃၀)နှစ်၊ သိက္ခာ (၇)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၃၉။ ပလ္လင်အမှတ်(၂၄၇) အရှင်အာစာရာလင်္ကာရ၊ အသက် (၂၇)နှစ်၊ သိက္ခာ (၇)ဝါ
ရွာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၄၀။ ပလ္လင်အမှတ်(၂၄၈) အရှင်ကရဏာလင်္ကာရ၊ အသက် (၂၇)နှစ်၊ သိက္ခာ (၇)ဝါ
တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၄၁။ ပလ္လင်အမှတ်(၂၄၉) အရှင်ဝိစာရိန္ဒ၊ အသက် (၂၇)နှစ်၊ သိက္ခာ (၇)ဝါ
မဟာသုဗောဓာရုံကျောင်းတိုက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၄၂။ ပလ္လင်အမှတ်(၂၅၀) အရှင်ဝရုဏာလင်္ကာရ၊ အသက် (၂၇)နှစ်၊ သိက္ခာ (၆)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၄၃။ ပလ္လင်အမှတ်(၂၅၂) အရှင်တေဇောဘာသသာလင်္ကာရ၊ အသက် (၂၆)နှစ်၊ သိက္ခာ (၅)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၄၄။ ပလ္လင်အမှတ်(၂၅၄) အရှင်ဥတ္တရသိရီလင်္ကာရ၊ အသက် (၂၆)နှစ်၊ သိက္ခာ (၅)ဝါ
မဒ္ဒီမဂုဏ်ရည်ကျောင်း၊ လှည်းကူးမြို့၊ ရန်ကုန်တိုင်းဒေသကြီး။

၄၅။ ပလ္လင်အမှတ်(၂၅၅) အရှင်အရိယာလင်္ကာရ၊ အသက် (၂၆)နှစ်၊ သိက္ခာ (၄)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၄၆။ ပလ္လင်အမှတ်(၂၅၈) အရှင်ဣန္ဒပါလ၊ အသက် (၂၄)နှစ်၊ သိက္ခာ (၄)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

မြစ်ကြီးနားမြို့နှင့် ကော့မှူးမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၂၂

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့် ဆေးကုသရေးအဖွဲ့က ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များကို အဆိုပါမြို့ရှိ ခေမာသီဝံပရိယတ္တိစာသင်ကျောင်းတိုက်၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၆၄ ပါးကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးခြင်းနှင့် ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။ ယင်းသို့ဆောင်ရွက်နေမှုများကို မြစ်ကြီးနားတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ အဆိုပါကျောင်းတိုက်ရှိ သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

သံဃာတော်များအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

အလားတူ ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် လာဝတီကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို အဆိုပါကျေးရွာရှိ ဓမ္မလက်ံရကျောင်းတိုက်၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော်ငါးပါးနှင့် ဒေသခံပြည်သူ ၁၄၁ ဦးတို့ကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ သားဖွား မီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။ ယင်းသို့ဆောင်ရွက်နေမှုများကို ဒလတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

မိုင်းရှားမြို့နယ်၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃) အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်၊ မဲရုံနေရာများကို ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၂

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှားမြို့နယ်၌ ပါတီစုံအထွေထွေရွေးကောက်ပွဲ အပိုင်း(၃) အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါမြို့ရှိ ပတ္တမြားခန်းမ၌ပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်နှင့် တာဝန်ရှိသူများ၊ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မဲရုံများတွင် တာဝန်ထမ်းဆောင်မည့် ဌာနဆိုင်ရာဝန်ထမ်းများ တက်ရောက်ကြသည်။

အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ် မိုင်းရှားမြို့နယ်အတွင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃) ပြုလုပ်မည့် မဲရုံနေရာများကို ကြည့်ရှုစစ်ဆေးစဉ်။

ဦးစွာ တိုင်းမှူးက ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃) အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာ ကဏ္ဍအလိုက် ပြင်ဆင်ဆောင်ရွက်ထားမှု အခြေအနေများကို ဆွေးနွေးတင်ပြရာ တိုင်းမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် မိုင်းရှားမြို့နယ်အတွင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃)ပြုလုပ်မည့် မဲရုံနေရာများကိုသွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ ၎င်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် မိုင်းရှားမြို့နယ် မိုင်းအော့ကျေးရွာရှိ နေအိမ်များသို့ မဲဆန္ဒရှင်စာရင်း မှန်ကန်စေရေးအတွက် တစ်အိမ်ချင်း လိုက်လံမေးမြန်းပြီး မဲဆန္ဒရှင်ပြည်သူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ကျေးရွာနေပြည်သူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

ပုလောမြို့နယ် ကျောက္ကာကျေးရွာ၊ ခန္ဓီကျေးရွာတို့ရှိ ဒေသခံမဲဆန္ဒရှင်ပြည်သူများကို ဆန္ဒမဲပေးခြင်းဆိုင်ရာ နိုင်ငံသားအခွင့်အရေးမဆုံးရှုံးစေရေး၊ စနစ်တကျမဲပေးခြင်းဆိုင်ရာများနှင့်ပတ်သက်၍ အသိပညာပေးတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၂

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် ကျောက္ကာကျေးရွာ၊ ခန္ဓီကျေးရွာတို့ရှိ ဒေသခံမဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးခြင်းဆိုင်ရာ နိုင်ငံသားအခွင့်အရေးမဆုံးရှုံးစေရေး၊ စနစ်တကျမဲပေးခြင်းဆိုင်ရာများနှင့်ပတ်သက်၍ အသိပညာပေးတွေ့ဆုံပွဲကို ယနေ့တွင် အဆိုပါကျေးရွာများရှိ သတ်မှတ်နေရာများ၌ ပြုလုပ်ရာ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံမဲဆန္ဒရှင်ပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများက နိုင်ငံသားတိုင်း၏ အခွင့်အရေးဖြစ်သည့် ဆန္ဒမဲပေးခြင်းနှင့်ပတ်သက်၍ အသိပညာပေးပြောကြားကြသည်။ ထို့နောက် တက်ရောက်လာကြသူများက သိရှိလိုသည်များနှင့် လိုအပ်ချက်များကို တင်ပြကြရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ပုလောမြို့နယ် ကျောက္ကာကျေးရွာ မဲရုံနေရာနှင့် ပုလောက်မြို့နယ် အမှတ်(၁) မဲရုံနေရာတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် ဒေသခံမဲဆန္ဒရှင်ပြည်သူများကို ဆန္ဒမဲပေးခြင်းဆိုင်ရာ နိုင်ငံသားအခွင့်အရေး မဆုံးရှုံးစေရေး၊ စနစ်တကျမဲပေးခြင်းဆိုင်ရာများနှင့်ပတ်သက်၍ အသိပညာပေးတွေ့ဆုံစဉ်။

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDF အမည်ခံ အဖွဲ့ဝင် အမျိုးသား ၂၂ ဦးနှင့် အမျိုးသမီး နှစ်ဦးတို့ လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်

နေပြည်တော် ဇန်နဝါရီ ၂၂

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများကို ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၂၂ ဦးနှင့် အမျိုးသမီး နှစ်ဦးတို့သည် လက်နက်၊ ခဲယမ်းများနှင့်အတူ ယနေ့တွင် ဥပဒေဘောင်အတွင်းသို့ဝင်ရောက်လာကြသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် PDF အမည်ခံ အဖွဲ့ဝင်များသည် မိသားစုဝင်ဆွေမျိုးများနှင့် အကျပ်ကိုင်၍ အတင်းအဓမ္မစုဆောင်းခံကြရခြင်း၊အကြမ်းဖက်အဖွဲ့များ၏အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများကို ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက်အဆင့်အတန်းခွဲခြား၍ အချင်းချင်းဗိုလ်ကျနိုပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာ နေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့်ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသည့် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်၊ စစ်ကိုင်းမြို့နယ်၊ ကလေးမြို့နယ်နှင့် ဟုမ္မလင်းမြို့နယ်တို့မှ အမျိုးသား ၂၂ ဦး၊ အမျိုးသမီး နှစ်ဦးတို့ကို တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့မွန်းလွဲပိုင်းတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဇေယျာသီရိခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်သူရနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသည့် PDF အမည်ခံ အဖွဲ့ဝင်များကို မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲ ကျင်းပစဉ်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းမှူးက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေပုဒ်မများနှင့်ပတ်သက်၍ အသိပညာပေးစကားများ ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် Type-81 သေနတ် နှစ်လက်၊ ၎င်းကျည်အိမ်လေးခု၊ ကျည် ၁၇ တောင့်၊ M-4 သေနတ် တစ်လက်၊ ၎င်းကျည်အိမ် တစ်ခုနှင့် ကျည် ၁၀ တောင့်တို့ကို လွှဲပြောင်းအပ်နှံရာ တိုင်းမှူးက လက်ခံရယူသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူ တစ်ဦးလျှင် ငွေကျပ်သိန်း ၂၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ်သိန်း ၄၈၀ နှင့် စားသောက်ဖွယ်ရာများပေးအပ်ကာ ခံဝန်ကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးအပ်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ပြီး စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများကို ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများ အနေဖြင့် နီးစပ်ရာခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။ (၅၀၁)

❑ **မသန်စွမ်းအားကစားပြိုင်ပွဲမှ**

စံချိန် ၂ မိနစ် ၄၉ ဒသမ၄၇ စက္ကန့်ဖြင့် ကြေးတံဆိပ်ဆုကိုလည်းကောင်း၊ ပြေးခုန်ပစ်အားကစားနည်း T44, T64 အမျိုးသား မီတာ ၂၀၀ အပြေးပြိုင်ပွဲတွင် တပ်ကြပ်ကြီးစိုးပေက ရွှေတံဆိပ်ဆု၊ အောင်မြင့်ဌေးက ငွေတံဆိပ်ဆု၊ T44, T64 အမျိုးသား သံလုံးပစ်ပြိုင်ပွဲတွင် တပ်ကြပ်ရဲမင်းစိုးက ငွေတံဆိပ်ဆု၊ F56 အမျိုးသား သံလုံးပစ်ပြိုင်ပွဲတွင် စည်သူထက်က ငွေတံဆိပ်ဆု၊ T44, T64 အမျိုးသမီး မီတာ ၂၀၀ အပြေးပြိုင်ပွဲတွင် လော်လာဝင်းက ငွေတံဆိပ်ဆု၊ F44, F64 အမျိုးသား သံလုံးပစ်ပြိုင်ပွဲတွင် တပ်ကြပ်ဇော်မင်းလွင်က ကြေးတံဆိပ်ဆုကိုလည်းကောင်း ထပ်မံဆွတ်ခူးခဲ့သည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပခဲ့ရာ ပြိုင်ပွဲများအသီးသီးတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိခဲ့ကြသူများကို Asean Para Sports Federation(APSF) ဥက္ကဋ္ဌ Board of Governor (BoG) အတွင်းရေးမှူး၊ မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်ချုပ်လှမိုးနှင့်တာဝန်ရှိသူများကဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။

အလားတူ ယနေ့တွင် ထိုင်လျက်ဘော်လီဘောအားကစားနည်း အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် မြန်မာအသင်းက ဖိလစ်ပိုင်အသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ကို ယှဉ်ပြိုင်ကစားခဲ့ပြီး မြန်မာအသင်းက သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ခုနစ်ယောက်တစ်ဖက် ဘောလုံးအားကစားနည်း အုပ်စုပတ်လည်ပွဲစဉ်တွင် မြန်မာအသင်းက မလေးရှားအသင်းကို လေးဂိုးတစ်ဂိုးဖြင့်လည်းကောင်း၊ ဂိုးလ်ဘောအားကစားနည်း အမျိုးသားအသင်း အုပ်စုပတ်လည်ပွဲစဉ်တွင် မြန်မာအသင်းက ဖိလစ်ပိုင်အသင်းကို ၁၅ ဂိုးဖြင့် ၁၀ ဂိုးဖြင့်လည်းကောင်း၊ ဘိုစီယာအားကစားနည်း BC1 အမျိုးသား တစ်ဦးချင်းပြိုင်ပွဲတွင် မင်းမင်းထိုက်က ဖိလစ်ပိုင်ကိုလည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြသည်။

ယနေ့ပြိုင်ပွဲများအပြီးတွင် မြန်မာအသင်းအနေဖြင့် ရွှေတံဆိပ် ခုနစ်ခု၊ ငွေတံဆိပ်ခြောက်ခုနှင့်ကြေးတံဆိပ်သုံးခု စုစုပေါင်းဆုတံဆိပ် ၁၆ ခု ဆွတ်ခူးထားပြီး နိုင်ငံအလိုက် အဆင့်(၆)တွင် ဆက်လက်ရပ်တည်လျက်ရှိကြောင်းသိရသည်။ STA

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇန်နဝါရီ ၂၂

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇန်နဝါရီ ၂၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Aung Aung" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ထုံးကြီးကျေးရွာနေ ပြည့်ဖြိုးပိုင်အား မွန်းလွဲ ၁ နာရီ ၂၅ မိနစ်တွင်လည်းကောင်း၊ "ZarNi Thway" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် သစ်တောရပ်ကွက်နေ ဇာနည်သွေးအား ညနေ ၄ နာရီ ၁၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

မြန်မာနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားနှင့် အချုပ်အခြာအာဏာအတွက် အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)တွင် ရင်ဆိုင်ဖြေရှင်းနေသည့် မြန်မာကိုယ်စားလှယ်အဖွဲ့ကို မြန်မာ-အိန္ဒိယချစ်ကြည်ရေးအသင်းက အပြည့်အဝ ထောက်ခံကြောင်း သဘောထားထုတ်ပြန်ကြေညာချက်

မြန်မာ-အိန္ဒိယချစ်ကြည်ရေးအသင်း(MIFA)
ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏
သဘောထားထုတ်ပြန်ကြေညာချက်
၁၃၈၇ ခုနှစ် တပို့တွဲလဆန်း ၆ ရက်
၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၂၃ ရက်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးတို့ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၀၂۶ ခုနှစ် ဇန်နဝါရီ ၁၂ ရက်မှ ၂၉ ရက်ထိ နယ်သာလန်နိုင်ငံ သည်ဟိတ်မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)တွင် မြန်မာနိုင်ငံအတွက် တရားမျှတမှုနှင့် အမှန်တရားဖော်ဆောင်နိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဂုဏ်သိက္ခာ၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးအတွက် ဂမ်ဘီယာနိုင်ငံ၏ မဟုတ်မမှန် စွပ်စွဲချက်များအား ဥပဒေကြောင်းအရ ခိုင်မာစွာရင်ဆိုင်ဖြေရှင်းနေသည့် မြန်မာကိုယ်စားလှယ်အဖွဲ့၏ ကြိုးပမ်းအားထုတ်မှုများကို မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးအသင်းက အလေးအနက်တန်ဖိုးထား အားပေးထောက်ခံသည့်အပြင် နိုင်ငံတော်၏အမှန်တရားနှင့် အမျိုးသားအကျိုးစီးပွားကို ကမ္ဘာ့အလယ်တွင် ရဲဝံ့စွာခုခံကာကွယ်နေခြင်းသည် တိုင်းပြည်အတွက် အလွန်အရေးကြီးသော သမိုင်းပေးတာဝန်တစ်ရပ်ကို ထမ်းဆောင်နေခြင်းဖြစ်သည်ဟု ယုံကြည်ပါသဖြင့် နိုင်ငံတော်၏ မူဝါဒ၊ သဘောထားများနှင့်အတူ တစ်သားတည်းရပ်တည်လျက် ပြတ်သားစွာဝန်းရံထောက်ခံပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
မြန်မာ-အိန္ဒိယချစ်ကြည်ရေးအသင်း (MIFA)

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ တစ်နှစ် ပြည့်မြောက်သည့် နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

	အမည်	**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ဌာန**
(က)	ဒေါက်တာသန္တာကြည်	ညွှန်ကြားရေးမှူးချုပ် စီမံကိန်းဦးစီးဌာန
		စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန
(ခ)	ဦးမျိုးကျော်သူ	ညွှန်ကြားရေးမှူးချုပ် ဝန်ကြီးရုံး
		အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန

၂။ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်အေးဟန်အား ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး၏ သဘောထားကြေညာချက်

၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၂၃ ရက်
၁၃၈၇ ခုနှစ် တပို့တွဲလဆန်း ၆ ရက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးကိုကိုလှိုင်နှင့် ဥပဒေရေးရာဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးတို့ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၀၂۶ ခုနှစ် ဇန်နဝါရီ ၁၂ ရက်မှ ၂၉ ရက်ထိ နယ်သာလန်နိုင်ငံ သည်ဟိတ်မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)သို့သွားရောက်၍ ဂမ်ဘီယာနိုင်ငံ၏ စွပ်စွဲချက်များအား ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်လျက် မိမိတို့မြန်မာနိုင်ငံ၏ တာဝန်ယူမှုနှင့် ဂုဏ်သိက္ခာရှိသော လုပ်ရပ်တို့ကို ဖော်ညွှန်းပြသလျက်ရှိနေပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးအနေဖြင့် မိမိတို့နိုင်ငံတော်အပေါ် မတရားစွပ်စွဲလုပ်ဆောင်မှုများကို တရားဥပဒေအပေါ် ယုံကြည်မှုအခြေခံ၍ ပြတ်ပြတ်သားသား ရင်ဆိုင်ဖြေရှင်းနေခြင်းကို အပြည့်အဝကြိုဆိုထောက်ခံပါသည်။ ယင်းကဲ့သို့ ဆောင်ရွက်မှုသည် မြန်မာနိုင်ငံ၏ ပကတိဖြစ်စဉ်အမှန်များကို ပုံဖော်ပြသနေခြင်းဖြစ်ပြီး မြန်မာနိုင်ငံအပေါ် နိုင်ငံတကာမှ အထင်အမြင်လွဲမှားစေရန်နှင့် မတရားစွပ်စွဲမှုများ ဖြစ်လာစေရန် လုပ်ဆောင်နေကြခြင်းကို နိုင်ငံတကာမှ သိရှိနားလည်သွားစေရန်နှင့် ယုံကြည်မှုရှိလာစေရေးအတွက်လည်း အရေးပါသော အချက်တစ်ခုပင်ဖြစ်ကြောင်း ယုံကြည်ပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးအနေဖြင့် နိုင်ငံတော်၏ ကိုယ်စား ICJသို့သွားရောက်၍ မြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာတရား၊ အချုပ်အခြာအာဏာ၊ အကျိုးစီးပွားနှင့်သက်ဆိုင်သော ကိစ္စရပ်များအတွက် အမှန်တရားကို ရင်ဆိုင်ဖြေရှင်းနေသော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ကြိုးပမ်းဆောင်ရွက်မှုများကို အလေးအနက် ကြိုဆိုထောက်ခံ ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါကြောင်းနှင့် မိမိတို့ မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးအနေဖြင့် နိုင်ငံတော်၏ မူဝါဒ သဘောထားများနှင့် တစ်သားတည်း ရပ်တည်လျက်ရှိနေပါကြောင်း သဘောထားထုတ်ပြန်လိုက်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး

သဘောထားထုတ်ပြန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး သာသနာနုဂ္ဂဟအသင်း အလုပ်အမှုဆောင်အဖွဲ့၏
သဘောထားထုတ်ပြန်ကြေညာချက်
၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၂၃ ရက်
၁၃၈၇ ခုနှစ် တပို့တွဲလဆန်း ၆ ရက်

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန မြန်မာနိုင်ငံလုံးဆိုင်ရာထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ရန်ကုန်တိုင်းဒေသကြီး)အနေဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးတို့ဦးဆောင်သည့်မြန်မာကိုယ်စားလှယ်အဖွဲ့သည် နယ်သာလန်နိုင်ငံ သည်ဟိတ်မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံး(International Court of Justice–ICJ)သို့သွားရောက်၍ ဂမ်ဘီယာနိုင်ငံ၏ ရိုးသားမှုမရှိ၊ မဟုတ်မမှန်သော စွပ်စွဲချက်များကို မြန်မာနိုင်ငံမှ မကျူးလွန်ကြောင်း ဥပဒေအရ ငြင်းပယ်ဆောင်ရွက်ခဲ့ပါကြောင်း ပကတိဖြစ်စဉ်အမှန်တရားကို တိကျပြတ်သားသည့် ဖြေရှင်းချက်များနှင့်အတူ နိုင်ငံတကာအလယ်၌ ပြည်ထောင်စုသမ္မတ မြန်မာတစ်နိုင်ငံလုံး၏ ဂုဏ်သိက္ခာ၊ အချုပ်အခြာအာဏာကို ကာကွယ်ဖြေရှင်းဆောင်ရွက်နေမှုအပေါ် အပြည့်အဝ ကြိုဆိုထောက်ခံအပ်ပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ၏ အမှန်တရား၊ တရားမျှတမှု၊ ဂုဏ်သိက္ခာ၊ အချုပ်အခြာအာဏာအတွက် ရင်ဆိုင်ဖြေရှင်းနေသော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် တစ်သားတည်းရပ်တည်ပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့
ရန်ကုန်တိုင်းဒေသကြီး သာသနာနုဂ္ဂဟအသင်း

ညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ သဘောထားထုတ်ပြန်ချက်

ရက်စွဲ၊ ၂၀၂۶၊ ဇန်နဝါရီလ ၂၀ ရက်

ညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးတို့ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် နယ်သာလန်နိုင်ငံ သည်ဟိတ်မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံး(International Court of Justice–ICJ)သို့သွားရောက်ကာ ဂမ်ဘီယာနိုင်ငံ၏ ရိုးသားမှုမရှိ၊ မဟုတ်မမှန်သော စွပ်စွဲချက်များကို မြန်မာနိုင်ငံမှ မကျူးလွန်ကြောင်း ဥပဒေနှင့်အညီ ပကတိဖြစ်စဉ်အမှန်တရားကို တိကျပြတ်သားသည့် ဖြေရှင်းချက်များနှင့်အတူ နိုင်ငံတကာအလယ်၌ ပြည်ထောင်စုသမ္မတ မြန်မာတစ်နိုင်ငံလုံး၏ ဂုဏ်သိက္ခာ၊ အချုပ်အခြာအာဏာကို ကာကွယ်ဖြေရှင်းဆောင်ရွက်နေမှုအပေါ် အပြည့်အဝ ကြိုဆိုထောက်ခံအပ်ပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ၏ အမှန်တရား၊ တရားမျှတမှု၊ ဂုဏ်သိက္ခာ၊ အချုပ်အခြာအာဏာအတွက် ရင်ဆိုင်ဖြေရှင်းနေသော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် တစ်သားတည်း ရပ်တည်ပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ

မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

လျှော့ပေါ့ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၂၈၃ ဦးကို မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံလွှဲပြောင်းပေးအပ်

အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၂၈၃ ဦးကို သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံလွှဲပြောင်းပေးအပ်စဉ်။

နေပြည်တော် ဇန်နဝါရီ ၂၂

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-ရွှေကုက္ကိုလ်နယ်မြေတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၂၈၃ ဦးကို မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး စံရွှေနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ပြစ်မှုဆိုင်ရာစုံစမ်းစစ်ဆေးရေးဌာန ညွှန်ကြားရေးမှူး Mr. Wang Tian Wei နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

ရခိုင်ပြည်နယ်အတွင်း နေထိုင်သည့် ဘင်္ဂါလီများကို နိုင်ငံတော်အစိုးရက ကူညီစောင့်ရှောက်ပေးလျက်ရှိသည့်အခြေအနေနှင့် စပ်လျဉ်း၍ စစ်တွေမြို့ အောင်မင်္ဂလာရပ်ကွက်တွင်နေထိုင်သည့် ရာအိမ်မှူး ဦးကျော်တင်လှိုင်၏ ပြောကြားချက်များ

ရခိုင်ပြည်နယ်အတွင်း နေထိုင်သည့်ဘင်္ဂါလီများကို နိုင်ငံတော်အစိုးရက ကူညီစောင့်ရှောက်ပေးလျက်ရှိသည့် အခြေအနေနှင့်စပ်လျဉ်း၍ စစ်တွေမြို့ အောင်မင်္ဂလာရပ်ကွက်တွင်နေထိုင်သည့် ရာအိမ်မှူး ဦးကျော်တင်လှိုင်၏ ပြောကြားချက်များကို ဖော်ပြအပ်ပါသည် -

ဦးကျော်တင်လှိုင်(ရာအိမ်မှူး)
အောင်မင်္ဂလာရပ်ကွက် စစ်တွေမြို့

ဦးကျော်တင်လှိုင်(ရာအိမ်မှူး)

ကျွန်တော့်နာမည်က ဦးကျော်တင်လှိုင်ပါ။ မွတ်ဆလင်နာမည်က မူဆာအာမက်ပါ။ ကျွန်တော်က အောင်မင်္ဂလာရပ်ကွက် ရာအိမ်မှူးတစ်ယောက်ပါ။ ကျွန်တော်တို့ အောင်မင်္ဂလာရပ်ကွက်မှာ တိုင်းရင်းသားနဲ့ဆက်စပ်နေတဲ့ ရပ်ကွက် ငါးခုရှိပါတယ်။ ကုန်းတန်း၊ ကသစ်၊ ကျောင်းကြီးလမ်း၊ အောင်မင်္ဂလာနဲ့ မောလစ် စတဲ့ ငါးရပ်ကွက်ပါ။ ငါးရပ်ကွက်မှာ အိမ်ထောင်စုက ၇၂၀ ပါ၊ လူဦးရေက ၄၀၀၀ လောက် ရှိပါတယ်။ ကျွန်တော်က ၂၀၁၀ ပြည့်နှစ်ကနေ ရာအိမ်မှူးတာဝန်ကို ထမ်းဆောင်နေတာပါ။ ၂၀၁၂ ခုနှစ် ၆ လပိုင်း ပဋ္ဌိပက္ခကာလမှာ တပ်မတော်နဲ့ ရဲတပ်ဖွဲ့ဝင်တွေက ကျွန်တော်တို့ရပ်ကွက်ကို ကာကွယ်ပေးခဲ့ပါတယ်။

အချိန်မီ ကာကွယ်ပေးခဲ့လို့ ကျွန်တော်တို့ရပ်ကွက် တစ်ခုပဲ ဘာမှမဖြစ်ခဲ့ပါဘူး။ ကျွန်တော်တို့ရပ်ကွက်မှာ မီးရှို့မှုဖြစ်မှာစိုးလို့ ပြည်နယ်အစိုးရအဖွဲ့က တပ်မတော်နဲ့ပူးပေါင်းပြီး ကျွန်တော်တို့ရပ်ကွက်ကို တပ်မတော်၊ ရဲတပ်ဖွဲ့ပူးပေါင်းအဖွဲ့တွေက ကာကွယ်ပေးခဲ့ပါတယ်။ အသက်အန္တရာယ်ဖြစ်မှာစိုးတဲ့အတွက် အဲဒီအချိန်မှာ လူတစ်စုနဲ့တစ်စု သွေးဆူမှုဖြစ်နေတာမို့ အကာအကွယ်ပေးခဲ့တယ်။အခုအချိန်ထိ ကျွန်တော်တို့ ရပ်ကွက် ဘာမှမဖြစ်ခဲ့ပါဘူး။ ကျွန်တော်တို့ကို အစိုးရအဖွဲ့က လစဉ်လတိုင်း ဆန်အိတ်ထောက်ပံ့ပေးပါတယ်။ NGO တွေလဲ ခဏခဏ ကူညီပေးတာတွေရှိပါတယ်။ ရပ်ကွက်မှာ အရင်တုန်းက မြို့မစျေးနဲ့ဆိုင်ခန်းတွေရှိခဲ့ပါတယ်။ ကုန်သည်တွေ၊ ဆေးသုတ်သမားတွေ၊ ပန်းရန်ဆရာ၊ လက်သမားဆရာတွေ၊ ကျေပန်းအလုပ်သမားတွေ အကုန်ရှိခဲ့ပါတယ်။ ပဋ္ဌိပက္ခပြီးတဲ့ နောက်ပိုင်းမှာ တစ်ယောက်နဲ့တစ်ယောက်သဟဇာတ မဖြစ်တော့ ရွာထဲမှာပဲနေပြီး ထောက်ပံ့ကြေးနဲ့ စားခဲ့ရပါတယ်။

၂၀၁၉ခုနှစ်ကာလမှာ တစ်ယောက်နဲ့တစ်ယောက် နည်းနည်းပါးပါး သဟဇာတဖြစ်လာတဲ့ နောက်ပိုင်းမှာ တားဆီးထားတဲ့ဂိတ်တွေ ဖြုတ်လိုက်တယ်။ ရဲတပ်ရင်းတွေကလဲ ၂၀၂၀ ပြည့်နှစ်မှာ တစ်ခါတည်း ရုပ်သိမ်းပြီးပြန်သွားပါတယ်။ အခုကတော့ ကျွန်တော်တို့ရပ်ကွက်မှာ အပြင်ကစျေးကြီးကို သွားပြီး စျေးဝယ်လို့ရတယ်။ တချို့ ငါးရောင်းတဲ့သူတွေကလဲ စျေးကြီးမှာသွားပြီး ငါးရောင်းလို့ရတယ်။ ဘာမှပြဿနာမရှိပါဘူး။

ကျွန်တော်တို့ရပ်ကွက်မှာလဲ တိုင်းရင်းသားတွေနဲ့ ပူးပေါင်းပြီးတော့ ဆိုင်ခန်းတွေ၊ ဆေးခန်းတွေ ရှိတယ်။ အစိုးရအဖွဲ့ကဖွင့်ပေးထားတဲ့ ဆေးခန်းမှာ ဘာသာပေါင်းစုံလာပြီးတော့ ဆေးကုနေကြတယ်။ တစ်ယောက်နဲ့တစ်ယောက် ဘာပြဿနာမှမရှိပါဘူး။ အခုကတော့ လွတ်လွတ်လပ်လပ်ပါပဲ။

ကျန်းမာရေးအနေနဲ့ ပဋ္ဌိပက္ခကာလမှာ လုံခြုံရေးကို ဆေးရုံသွားမယ်ဆိုရင် သတင်းပို့ပြီး ရပ်ကွက်က တစ်ဆင့် လုံခြုံရေးယူပြီးမှ ဆေးရုံ၊ ဆေးခန်းသွားရတယ်။ အခုကတော့ ဘာမှမလိုဘူး။ ကိုယ့်ဟာကိုယ် ဆေးခန်းသွားလိုက်လို့ရတယ်။ ရပ်ကွက်မှာလဲ သဒ္ဓါပုဂ္ဂလိကဆေးခန်းတစ်ခု ဖွင့်ထားတယ်။ သဒ္ဓါဆေးခန်းမှာ ဆေးကုလို့ရတယ်။ ရပ်ကွက်ထဲမှာ အစိုးရက ဆေးကုပေးတာ တစ်ပတ်ကိုနှစ်ကြိမ် ပုံမှန်ရှိပါတယ်။

ကျွန်တော်တို့ ရပ်ကွက်မှာပညာသင်တဲ့ကလေးတွေအတွက် အရင်တုန်းက မူလတန်းကျောင်းပဲရှိတယ်။ မူလတန်းကနေ အခုက အလယ်တန်းကျောင်းဖြစ်သွားပြီ။ အလယ်တန်းကနေ အထက်တန်းကျောင်းဖြစ်ဖို့အတွက် ပြည်နယ်ဝန်ကြီးချုပ်က ကျောင်းတစ်ကျောင်း ဆောက်ပေးမယ်လို့ ပြောထားပါတယ်။ ကျွန်တော်တို့က မြေနေရာမပေးနိုင်သေးလို့ပါ။ မြေနေရာပေးလိုက်တာနဲ့ အစိုးရအဖွဲ့က ဆောက်ပေးမှာပါ။ စာမေးပွဲဖြေရင်တော့ သက္ကယ်ပြင် ကျောင်းမှာ သွားဖြေရပါတယ်။

အခု ကျွန်တော်တို့ဘက်မှာ တစ်ခုခုလေလံကျတယ်ဆိုရင် မွတ်ဆလင်လဲ အစိုးရအဖွဲ့ဆီကနေ လေလံသွားဆွဲလို့ရတယ်။ တိုင်းရင်းသားတွေနဲ့ ပူးပေါင်းပြီး လေလံသွားဆွဲကြတာပါ။ ရတဲ့သူရတယ်။ စီးပွားရေးသမား ကုန်သည်တွေကလဲ ရန်ကုန်ကနေ ပစ္စည်းမှာပြီး ရောင်းနေကြတာရှိတယ်။ တချို့သူတွေက တိုင်းရင်းသားတွေအိမ်မှာ ဆေးသုတ်၊ပန်းရန်၊ လက်သမား အကုန်လုပ်နေကြတယ်။ သဟဇာတဖြစ်နေကြပါပြီ။ အခုက လုံးဝပြဿနာမရှိဘူး။ ဆေးရုံကြီးကိုလဲ ဆေးသွားကုလို့ရတယ်။ ကျွန်တော်တို့ မွတ်ဆလင်လူမျိုးမှာ ဗလီငါးကြိမ်တက်ရတယ်။ ငါးကြိမ်လုံး ပုံမှန်တက်နေတာပါ။

သတင်းအဖွဲ့

စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင် ငွေကျပ် ၆၁၅၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဇန်နဝါရီ ၂၂

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းသော စားသုံးဆီများကို သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့် နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဇန်နဝါရီ ၂၃ ရက်မှ ၂၉ ရက်ထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၆၁၅၀ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

ပြည်တွင်းဈေးကွက်အတွင်း အဆိုပါထုတ်ပြန်ကြေညာထားသည့် ဈေးနှုန်းထက် ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူ ဆောင်ရွက်သွားမည် ဖြစ်သည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ် သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၁၈၈၈ အမှတ်တံဆိပ်ပါ ထုပ်ပိုးခွဲထားသည့်ဂိုဒေါင် မှတ်တမ်းဓာတ်ပုံ။

ဖန်ပေါင်းအိုးများ မှတ်တမ်းဓာတ်ပုံ။

ပေါင်းခံစက်ထားရှိသည့်တဲ မှတ်တမ်းဓာတ်ပုံ။

ကော့စတစ်ဆိုဒါအိတ် ၁၃၀နှင့် ဆိုဒီယန်ဆာလဖိတ်ထားရှိသည့် ဂိုဒေါင် မှတ်တမ်းဓာတ်ပုံ။

ဂိုဒေါင် ရှစ်လုံး တွေ့ရှိမှု မှတ်တမ်းဓာတ်ပုံ။

မူးယစ်ဆေးဝါးပြုလုပ်သည့်နေရာ တွေ့ရှိမှု မှတ်တမ်းဓာတ်ပုံ။

မီးစက်ကြီး နှစ်လုံးတွေ့ရှိမှု မှတ်တမ်းဓာတ်ပုံ။

အက်စစ်ပါ ပလတ်စတစ်ပီပါအပြာ ၅၄ လုံး တွေ့ရှိမှု မှတ်တမ်းဓာတ်ပုံ။

ပလတ်စတစ်ပီပါအပြာ အခွံအလုံး ၁၉၀ တွေ့ရှိမှု မှတ်တမ်းဓာတ်ပုံ။

သံပီပါ အခွံ ၇၆ လုံးတွေ့ရှိမှု မှတ်တမ်းဓာတ်ပုံ။

ဖန်ပေါင်းအိုးအသေး ၃၉ လုံးတွေ့ရှိမှု မှတ်တမ်းဓာတ်ပုံ။

မော်တော်ယာဉ် တစ်စီး တွေ့ရှိမှု မှတ်တမ်းဓာတ်ပုံ။

☆ **ကျောဖုံးမှအဆက်**

ပြည်သူလူထုနှင့် ပူးပေါင်း၍ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည့်အပြင် ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူ၍ နိုင်ငံတစ်ဝန်းမူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် တရားမဝင်ရောင်းဝယ်မှု တားဆီးကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို အင်တိုက်အားတိုက် စဉ်ဆက်မပြတ်ဆောင်ရွက်ခဲ့ရာ သီပေါမြို့နယ်၊ မိုင်းရယ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးချက်လုပ်သည့် နေရာများနှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့်ပစ္စည်းများကို ဖော်ထုတ်သိမ်းဆည်းရမိခဲ့သည့် သတင်းများကို ဧနနဝါရီ ၁၁ ရက်၊ ၁၅ ရက်၊ ၁၆ ရက်တို့တွင် အသီးသီးထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့များသည် အဆိုပါ ဒေသများအတွင်း မူးယစ်ဆေးဝါးချက်လုပ်နေမှုများကို အမြစ်ပြတ်ရှင်းလင်းနိုင်ရေးအတွက် ဒေသခံပြည်သူများ၏ သတင်းပေးပို့မှုများနှင့်အတူ လိုအပ်သည့် လေကြောင်းကင်းထောက်ခြင်းနှင့် မြေပြင်သတင်းဖော်ထုတ်ခြင်းများ ပြုလုပ်၍ နယ်မြေရှင်းလင်းခြင်းများကို ဆက်လက်ဆောင်ရွက်ခဲ့ရာ ၂၀၂၆ ခုနှစ် ဧနနဝါရီ ၁၈ ရက် ညနေ ၄ နာရီခန့်တွင် စိန်ကြော့ကျေးရွာ၏ အနောက်တောင်ဘက် ၁၀ ကီလိုမီတာခန့်အကွာ၊ ဧနနဝါရီ ၁၆ ရက်တွင် သိမ်းဆည်းရမိခဲ့သည့် နေရာ၏ အနောက်မြောက်ဘက် နှစ်ကီလိုမီတာခန့်အကွာ၌ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် အဆောက်အအုံများနှင့် ဆက်စပ်ပစ္စည်းများဖြစ်သော "၁၈၈၈" အမှတ်တံဆိပ်ပါ ထုပ်ပိုးခွဲ ပစ္စည်းများထည့်ထားသည့် ဂိုဒေါင် သုံးလုံး၊ ဖန်ပေါင်းအိုး ၁၅ လုံး၊ အခြောက်ခံဗန်း ၂၄ ခုထားရှိသည့်တဲ တစ်လုံး၊ လူနေတဲရှစ်လုံး၊ ပေါင်းခံစက် ခုနစ်လုံးထည့်ထားသည့်တဲ တစ်လုံး၊ (စိစစ်ဆဲ) ဓာတုပစ္စည်းအိတ် ၅၀၀ ထည့်ထားသည့် ဂိုဒေါင် တစ်လုံး၊ Caustic Soda ထည့်ထားသည့် ဆာလာအိတ် ၁၀၃ အိတ်၊ ဆိုဒီယန်ဆာလဖိတ် ထည့်ထားသည့် ဆာလာအိတ် ၂၀၀ ထည့်ထားသည့် ဂိုဒေါင် တစ်လုံး၊ ကျောက်ချည် ၁၈ အိတ်၊ မီးသွေးအမှုန့် ၂၈ အိတ်၊ ဂက်စ်အိုး ၄၆၉ လုံး၊ ရေခဲသေတ္တာ သုံးလုံး၊ စားချက်ဆောင် တစ်လုံး၊ လျှပ်စစ်မီးဖိုကိုးလုံး၊ မူးယစ်ဆေးဝါး ချက်လုပ်ရာတွင် အသုံးပြုသည့် စက် နှစ်လုံးတို့ကို လည်းကောင်း။

ဧနနဝါရီ ၁၈ ရက် ညနေ ၅ နာရီခန့်တွင် မန်ဖြတ်ကျေးရွာ၏ အနောက်ဘက် ကီလိုမီတာ ၂၀ ခန့်အကွာ၊ ဧနနဝါရီ ၁၁ ရက်တွင် သိမ်းဆည်းရမိခဲ့သည့်နေရာ၏ အနောက်တောင်ဘက် ခုနစ်ကီလိုမီတာခန့်အကွာ၌ မူးယစ်ဆေးဝါးချက်လုပ်ရာတွင်အသုံးပြုသည့် လူနေတဲ ၁၇ လုံး၊ ဂိုဒေါင် ရှစ်လုံး၊ မူးယစ်ဆေးဝါးချက်လုပ်သည့် တဲ လေးလုံး၊ မီးစက်အကြီး နှစ်လုံး၊ အက်စစ်အပါ(ပလတ်စတစ်)ပီပါအပြာ ၅၄ လုံး၊ပလတ်စတစ်ပီပါအပြာအခွံအလုံး ၁၉၀၊ သံပီပါအခွံ ၇၆ လုံး၊ အဖြူရောင် ငါးဂါလန်ပုံး(အက်စစ်အပါ) ၇၅ လုံး၊ Caustic Soda ဆာလာအိတ် ၆၀၊ မူးယစ်ဆေးဝါး ချက်လုပ်ရာတွင် အသုံးပြုသည့် စတီးပေါင်းအိုး တစ်လုံး၊ ဖန်ပေါင်းအိုးအသေး ၃၉ လုံးတို့ကို လည်းကောင်း၊ ညနေ ၆ နာရီခန့်တွင် အဆိုပါနေရာ၏ အနောက်မြောက်ဘက် ခြောက်ကီလိုမီတာခန့် အကွာ၌ ကော်ပီပါအခွံ ၆၇ လုံး၊ သံပီပါအခွံ ခုနစ်လုံး၊ မီးစက် နှစ်လုံး၊ လူနေတဲ လေးလုံး၊ ကတ်ထူဖာအခွံများ ထည့်ထားသည့် ဂိုဒေါင် တစ်လုံး၊ စားချက်ဆောင် တစ်လုံး၊

စာမျက်နှာ ၂၆ သို့

ဧနန်ဝါရီ ၂၂ ရက်တွင် မန်ဖြတ်ကျေးရွာ၏ အနောက်မြောက်ဘက် ၁၈ ကီလိုမီတာအကွာ၌ တွေ့ရှိခဲ့သည့် SSA အဖွဲ့၏ အခိုင်အမာတည်ဆောက်ထားသည့် စခန်းနေရာနှင့် အဆောက်အအုံများ မှတ်တမ်းဓာတ်ပုံ။

မီးစက်ကြီး နှစ်လုံးတွေ့ရှိမှု မှတ်တမ်းဓာတ်ပုံ။

ဘက်ဟိုး တစ်စီးတွေ့ရှိမှု မှတ်တမ်းဓာတ်ပုံ။

စာမျက်နှာ ၂၅ မှအဆက်

ပစ္စည်းတင်စင်(သံဖရိန်) ခြောက်စင်၊ ဂက်စ်အိုး တစ်လုံး၊ သစ်ခွဲသားဆိုဒ်စုံ အချောင်း ၅၀ တို့ကိုလည်းကောင်း။

ဧနန်ဝါရီ ၁၉ ရက် နံနက် ၉ နာရီခန့်တွင် မိုင်းရယ်မြို့၏အနောက်တောင်ဘက် ၁၀ ကီလိုမီတာခန့်အကွာ၊ ဧနန်ဝါရီ ၁၆ ရက်တွင် သိမ်းဆည်းရမိခဲ့သည့်နေရာ၏ အရှေ့မြောက်ဘက် ကိုးကီလိုမီတာခန့် အကွာ၌ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် တဲ ငါးလုံး၊ ဂိုဒေါင် ငါးလုံး၊ လူနေတဲ ရှစ်လုံး၊ ခြောက်ပေကျိုင်လာ ငါးလုံး၊ ငါးပေကျိုင်လာ ငါးလုံး၊ စတီးမွေစက် လေးလုံး၊ စတီးဗန်း အချပ် ၆၀၊ မူးယစ်ဆေးဝါးချက်ဖန်ပြွန် အခု ၁၂၀၊ ဆေးပြားရိုက်စက် လေးလုံး၊ ဂက်စ်အိုးအခွံ အလုံး ၁၂၀၊ ပီပါအပြာအခွံ အလုံး ၂၅၀၊ သံပီပါအခွံ အလုံး ၅၀၊ မီးစက်ကြီး နှစ်လုံး၊ ခြောက်ဘီးကားအပြာ နှစ်စီးတို့ကို လည်းကောင်း၊ ညနေ ၃ နာရီခန့်တွင် မန်ဖြတ်ကျေးရွာ၏အနောက်တောင်ဘက် ၁၈ ကီလိုမီတာခန့်အကွာ၊ ဧနန်ဝါရီ ၁၈ ရက်တွင် သိမ်းဆည်းရမိခဲ့သည့်နေရာ၏ အရှေ့တောင်ဘက် လေးကီလိုမီတာခန့် အကွာ၌ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် အလျား ၂၅ ပေ၊ အနံ ၁၅ ပေရှိ မိုးကာလူနေတဲ တစ်လုံး၊ အလျား ပေ ၂၀၊ အနံ ၁၀ ပေရှိ မိုးကာစားချက်ဆောင် တစ်လုံး၊ ဘက်ဟိုးယာဉ်တစ်စီးနှင့် ဆက်စပ်ပစ္စည်းများတို့ကို လည်းကောင်း။

ဧနန်ဝါရီ ၂၀ ရက် ည ၇ နာရီခန့်တွင် အဆိုပါနေရာ၏ အနောက်တောင်ဘက် ရှစ်ကီလိုမီတာခန့်အကွာ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ပြုလုပ်သည်ဟု ယူဆရသော အလျားပေ ၁၈၀၊ အနံပေ ၅၀ အမြင့် ၂၂ ပေရှိ သွပ်မိုးနှစ်ထပ် အဆောက်အအုံ နှစ်လုံး၊ အလျားပေ ၁၂၀၊ အနံပေ ၆၀ အမြင့် ၂၂ ပေရှိ ဆောက်လုပ်ဆဲ နှစ်ထပ် အဆောက်အအုံ တစ်လုံး၊ အလျားပေ ၂၀၀၊ အနံပေ ၂၀၊ အမြင့် ၁၂ ပေရှိ သံဖရိန်အထပ်သားကာ အဆောက်အအုံ တစ်လုံးတို့ကို လည်းကောင်း ထပ်မံဖော်ထုတ် တွေ့ရှိ သိမ်းဆည်းနိုင်ခဲ့သည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဧနန်ဝါရီ ၂၂ ရက် ယနေ့နံနက်ပိုင်းတွင် နယ်မြေရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ရာ မန်ဖြတ်ကျေးရွာ၏ အနောက်မြောက်ဘက် ၁၈ ကီလိုမီတာခန့်အကွာ၊ ဧနန်ဝါရီ ၁၆ ရက်တွင် သိမ်းဆည်းရမိခဲ့သည့် နေရာ၏ အနောက်တောင်ဘက် လေးကီလိုမီတာခန့်အကွာသို့ အရောက်၌ SSA အဖွဲ့များနေထိုင်သည့် အလျားပေ ၄၀၊ အနံပေ ၂၀ ရှိ သွပ်မိုးအုတ်ကာ လူနေအဆောက်အအုံ တစ်လုံး၊ အလျားပေ ၄၀၊ အနံ ၂၅ ပေရှိ သွပ်မိုးအုတ်ကာ စားချက်ဆောင် တစ်လုံး၊ အလျားပေ ၂၀၊ အနံပေ ၂၀ ရှိ သွပ်မိုးဝါးကာ လူနေတဲ တစ်လုံး၊ အလျားပေ ၂၀၊ အနံ ၁၅ ပေရှိ သွပ်မိုးအုတ်ကာ လူနေတဲ တစ်လုံး၊ အလျား ၁၀ ပေ၊ အနံ ၁၀ ပေရှိ သွပ်မိုးအုတ်ကာလူနေတဲ တစ်လုံး၊ အလျားပေ ၂၀၊ အနံပေ ၂၀ ရှိ သွပ်မိုးအုတ်ကာ လူနေတဲ တစ်လုံး၊ အလျား ၁၀ ပေ၊ အနံ ၁၀ ပေရှိ သွပ်မိုးထရံကာ လူနေတဲ တစ်လုံး၊ မြေစိုက်သစ်လုံးဘန်ကာ နှစ်လုံး၊ အကျယ် သုံးပေ၊ အနက် သုံးပေ၊ အရှည်ပေ ၃၀၀ ရှိ ဆက်သွယ်ရေးမြောင်း၊ ထရံမိုး နှစ်ယောက်အိပ်တဲ နှစ်လုံး၊ ထရံမိုး ငါးယောက်အိပ်တဲ တစ်လုံး၊ အလျား ၂၄ ပေ၊ အနံ ၁၂ ပေရှိ သွပ်မိုးအုတ်ကာအဆောက်အုံ တစ်လုံး၊ အလျား ၁၅ ပေ၊ အနံ ၁၂ ပေရှိ သွပ်မိုးပျဉ်ကာ နှစ်ထပ်အဆောက်အအုံ တစ်လုံး၊ အလျားပေ ၃၀၊ အနံပေ ၂၀ ရှိ သွပ်မိုးအုတ်ကာ အဆောက်အအုံ တစ်လုံး၊ အလျားပေ ၂၀၊ အနံပေ ၂၀ ရှိ သွပ်မိုးအုတ်ကာ အဆောက်အအုံ တစ်လုံး၊ အလျား ၂၄ ပေ၊ အနံ ၁၅ ပေရှိ သွပ်မိုးအုတ် (ကားဂိုဒေါင်ပါ) အဆောက်အအုံ တစ်လုံး၊ အလျား ၁၂ ပေ၊ အနံ ရှစ်ပေရှိ သွပ်မိုးအုတ်ကာ(ရေချိုးခန်း) အဆောက်အအုံ တစ်လုံး၊ အလျား ၁၀ ပေ၊ အနံ ငါးပေရှိ သွပ်မိုးအုတ်ကာ (နှစ်လုံးတွဲအိမ်သာ) အဆောက်အအုံ တစ်လုံး၊ အလျား ခြောက်ပေ၊ အနံ ခြောက်ပေရှိ သွပ်မိုးအုတ်ကာ ကင်းစောင့်တဲ တစ်လုံးတို့ဖြင့် အခိုင်အမာတည်ဆောက်လျက် မူးယစ်ဆေးဝါးများ ထုတ်လုပ်မှုကို အနီးကပ်လုံခြုံရေးပေးခဲ့သည်ဟု ယူဆရသည့် SSA လက်နက်ကိုင် အဖွဲ့အစည်းအင်အားစုအချို့ နေထိုင်ခဲ့သည့် စခန်းကြီးတစ်ခုကို ပစ်ခတ်ခုခံမှုမရှိဘဲ ရှင်းလင်းသိမ်းပိုက်နိုင်ခဲ့သည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်၊ မိုင်းရယ်မြို့နယ်တို့အတွင်း မြေပြင်သတင်းဖော်ထုတ်ပြီး ဒေသခံပြည်သူများ၏ သတင်းပေးပို့၍ ပူးပေါင်းပါဝင်မှုတို့နှင့် အတူ အွန်လိုင်းလိမ်လည်မှုနှင့် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းများကို အဖွဲ့စုံပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် စစ်ကြောင်းများခွဲ၍ ဖော်ထုတ်ရှင်းလင်းခဲ့ရာ ၂၀၂၆ ခုနှစ် ဧနန်ဝါရီ ၉ ရက်မှ ၂၂ ရက်ထိ အဆိုပါဒေသအတွင်း မူးယစ်ဆေးဝါးချက်လုပ်သည့် နေရာ ၁၃ နေရာနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုပြုလုပ်သည့်နေရာဟု ယူဆရသည့် နေရာ နှစ်နေရာတို့ကို ဖော်ထုတ်ရှင်းလင်းနိုင်ခဲ့ကာ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ပစ္စည်းအမြောက်အမြားနှင့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းနိုင်ခဲ့ပြီး အဆိုပါ မူးယစ်ဆေးဝါးချက်လုပ်သည့် နေရာများအနီး တစ်ဝိုက်တွင် SSA အဖွဲ့၏ ကာကင်းစခန်း တစ်ခုနှင့် အခိုင်အမာတည်ဆောက်ထားသည့် စခန်းနေရာ တစ်ခုတို့ကို တွေ့ရှိသိမ်းဆည်းနိုင်ခဲ့သည်။

အဆိုပါ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးချက်လုပ်ရာတွင်အသုံးပြုသည့် ပစ္စည်းများကို ပူးပေါင်းအဖွဲ့ဖြင့် အသေးစိတ်ဆက်လက်စစ်ဆေး၍ သက်ဆိုင်ရာဌာနများသို့ လွှဲပြောင်းအပ်နှံခြင်း၊ စနစ်တကျ မီးရှို့ဖောက်ခွဲဖျက်ဆီးခြင်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် သတင်းများ ရရှိပါကလည်း တာဝန်ရှိသူများထံ အချိန်မီ သတင်းပေးပို့ကြရန် လိုအပ်ကြောင်းနှင့် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးဖြစ်စဉ်များတွင် အဓိကပါဝင်ပတ်သက်လျက်ရှိသည့် မည်သည့်အဖွဲ့အစည်းကိုမဆို ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။(၅၀၁)

၂၀၂၆ ခုနှစ် ဧနန်ဝါရီ ၂၂ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၆၀၀၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။	ကာကွယ်ရေးဝန်ကြီးဌာန	(https://www.mod.gov.mm)
၂။	ဥပဒေရေးရာဝန်ကြီးဌာန	(https://www.mlis.gov.mm)
၃။	ပြန်ကြားရေးဝန်ကြီးဌာန	(https://www.moi.gov.mm)
၄။	Myawady Webportal	(https://myawady.net.mm)
၅။	Myanmar National Portal	(https://myanmar.gov.mm)

ကလေးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့

ကလေး ဇန်နဝါရီ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကလေးမြို့နယ်တွင် ဟင်းသီးဟင်းရွက် ၉၁၂၁ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၀၁၉၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ကလေးမြို့နယ်အတွင်း ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဟင်းသီးဟင်းရွက် ၉၁၂၁ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၀၁၉၁ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်လို့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဟင်းသီးဟင်းရွက်စိုက်ပျိုးရာမှာ မုန်ညင်း၊ ငရုတ်၊ နံနံ၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာဥ စတဲ့သီးနှံတွေ စိုက်ပျိုးခဲ့ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက် အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့နည်းပညာတွေ ပေးခဲ့ပါတယ်"ဟု ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မာန်အွေက ပြောပြသည်။

ကလေးမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့် သီးနှံဖြစ်စေရန် နည်းပညာများပေးခဲ့ကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မာန်အွေက ပြောပြ၍ သိရသည်။ (၂၀၆)

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း နှံကားဆန် ၂၄ ပြည်ဝင်အိတ်ရေ အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

ဘိုကလေး ဇန်နဝါရီ ၂၂

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း နှံကားဆန် ၂၄ ပြည်ဝင် အိတ်ရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ဆန်ပွဲရုံပိုင်ရှင် ဒေါ်စန်းစန်းမော်က ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့၂၀၂၅ ခုနှစ် နိုဝင်ဘာလအတွင်း နှံကားဆန် ၂၄ ပြည်ဝင် အိတ်ရေ ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဒီဇင်ဘာလအတွင်း နှံကားဆန် ၂၄ ပြည်ဝင် အိတ်ရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ နှံကားဆန် ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၈၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ဘိုကလေးမြို့နယ်က နှံကားဆန်အပါအဝင် လယ်ယာထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို အဓိက တင်ပို့ရောင်းချနေတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဒီဇင်ဘာလအတွင်း နှံကားဆန် ၂၄ ပြည်ဝင် အိတ်ရေ အများအပြား တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိ ဇန်နဝါရီလထဲမှာလဲ နှံကားဆန်တွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူတာများနေပါတယ်။ အခုလို ဆန်တွေ အရောင်းအဝယ်ကောင်းလာတော့ တောင်သူတွေ အဆင်ပြေလာပါတယ်'' ဟု ဘိုကလေးမြို့နယ် ဆန်ပွဲရုံပိုင်ရှင် ဒေါ်စန်းစန်းမော်က ပြောပြသည်။

ဘိုကလေးမြို့နယ်တွင် နှံကားဆန်အပါအဝင် လယ်ယာထွက်ကုန်ပစ္စည်းများကို ပွဲရုံပိုင်ရှင်များက စနစ်တကျဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ရန်ကုန်ဈေးကွက်မှတစ်ဆင့် အခြားဒေသများသို့ ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

ဟင်္သာတမြို့နယ် အိုးဘိုကုန်းကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

ဟင်္သာတ ဇန်နဝါရီ ၂၂

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဟင်္သာတမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျုံတွမ်ကျေးရွာအုပ်စု အိုးဘိုကုန်းကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇန်နဝါရီ ၂၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ဟင်္သာတမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဆွေဆွေဝင်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် လုပ်ငန်းစဉ်များ၊ စီမံကိန်းလက်စွဲစာစောင်ပါ ကော်မတီဝင်များရွေးချယ်ရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များ၊ ကော်မတီဝင်များ၏ တာဝန်နှင့် ရပိုင်ခွင့်များကို မိတ်ဆက်ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျေးရွာတာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ မေးမြန်းရာ မြို့နယ်ဦးစီးမှူးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ပြီး မြို့နယ်ဦးစီးမှူး ဒေါ်ဆွေဆွေဝင်းနှင့် တာဝန်ရှိသူများက ကျေးရွာသူ၊ ကျေးရွာသားများ၏ သဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

ဇင်မာ

အုတ်တွင်းမြို့နယ် ဒေါင်းသိုက်ကျေးရွာ၌ VDP စီမံကိန်းလုပ်ငန်းများ စစ်ဆေး

အုတ်တွင်း ဇန်နဝါရီ ၂၂

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် သံဘိုကျေးရွာအုပ်စု ဒေါင်းသိုက်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဇန်နဝါရီ ၂၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်ငူခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမောင်မောင်နိုင်မင်း၊ အုတ်တွင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာမြင့်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့် အတူ ဒေါင်းသိုက်ကျေးရွာ၌ VDP စီမံကိန်း ရန်ပုံငွေဖြင့် ကျေးရွာတွင်းလမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီး လုပ်ငန်းများကို အကျိုးရှိစွာ အသုံးပြုနိုင်ရေး သက်ဆိုင်သူအားလုံးက ဝိုင်းဝန်း ထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ဒေါင်းသိုက်ကျေးရွာ၌ လမ်းအရှည်ပေ ၂၄၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်း၊ တစ်နာရီလျှင် ရေသန့်ဂါလန် ၂၀၀၀ ကျော်ထွက်ရှိသည့်ရေသန့်စင်စက်တပ်ဆင်ခြင်း လုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၃ ဒသမ ၇၀ သန်း အသုံးပြုပြီး မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အင်ဂျင်နီယာဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၂ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ကိုညို

မင်းလှမြို့နယ် အိုးဘိုကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

မင်းလှ ဇန်နဝါရီ ၂၂

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အိုးဘိုကုန်းကျေးရွာ၌ ၁၂ ကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဇန်နဝါရီ ၂၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းလှမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လှမျိုးသူနှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်ပေးရခြင်းရည်ရွယ်ချက်များ၊ စီမံကိန်းမှရရှိလာမည့် အကျိုးကျေးဇူးများ၊ ကျေးလက်နေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်များ၊ စီမံကိန်းလက်စွဲစာစောင်ပါညွှန်ကြားချက်များ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင်လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သန်း ၇၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက အိုးဘိုကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၅၀ ကို ငွေကျပ်သန်း ၃၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၅၀ ကို ငွေကျပ် သန်း ၃၀၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦးကို ငွေကျပ် ၁၀ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူဦးရေ ၁၁၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သန်း ၇၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ချိုလေး

စာပေမြင့်မှ လူမျိုးတင့်မည်

ခရီးသွားဆောင်းပါး

နားနားနေနေ အပန်းဖြေ၊ ချောင်းသာပင်လယ်ကမ်းခြေ

သက်နိုင်(ပြင်ဦးလွင်)

ဘုရားစေတီတွေဖူးမြော်ရင်း၊ လေ့လာလည်ပတ်ရင်း၊ အနားယူအပန်းဖြေကြရင်း မောင်နှမတွေ အေးအေးဆေးဆေးပေါ့ပေါ့ပါးပါး ထွက်လာခဲ့ကြတဲ့ ခရီးစဉ်မှာ ငွေဆောင်ကမ်းခြေကနေတစ်ဆင့် ချောင်းသာကမ်းခြေအဝင် ဆိုင်းဘုတ်ကြီးရှိရာကို ရောက်နေကြပါပြီ။ ငွေဆောင်ကမ်းခြေမှာ မနက်မိုး မလင်းခင်ကတည်းက မိုးစတင်ရွာသွန်းနေပြီး မိမိတို့ထွက်လာခဲ့ကြတဲ့ မနက် ၈ နာရီထိ မတိတ်သေးဘဲ အဆက်မပြတ်ရွာသွန်းနေတဲ့မိုးက အခုချောင်းသာကမ်းခြေမှာ ရွာသွန်းနေခြင်းမရှိသလို မိုးရွာထားတဲ့ အရိပ်အယောင်တွေကိုလဲ လုံးဝမတွေ့ရှိရပါဘူး။ ရာသီဥတုအခြေအနေက ကြည်လင်သာယာနေတယ်။ ငွေဆောင်နဲ့ချောင်းသာဆိုတာ ခရီးမိုင်အနေနဲ့ ဘယ်လောက်မှ မဝေးကွာကြပေမဲ့ ပင်လယ်ကမ်းရိုးတန်းတွေမှာ ဖြစ်ပေါ်နေတဲ့ ရာသီဥတုအခြေအနေတွေက အံ့သြစရာပါ။

ဂျက်ကာလမ်းဆုံကနေ ချောင်းသာအဝင်ထိ ၁၅ မိုင်လောက် မောင်းနှင်လာခဲ့ရတဲ့ခရီးက လမ်းကောင်း လမ်းကျယ်ကြီးအဖြစ်နဲ့အတူ ခေတ်မီအဆင့်မြင့် လုပ်ငန်းတွေ တိုးချဲ့လုပ်ကိုင်ဆောင်ရွက်နေသလို ကမ်းခြေရှိတဲ့အတွင်းဘက်ကို ဝင်ရောက်လာတဲ့ အခါမှာလဲ မြို့ကြီးတစ်မြို့အသွင်သဏ္ဌာန်မျိုးနဲ့ မြင်တွေ့နေရပြန်တယ်။ အဝင်လမ်းတစ်လျှောက်လုံး အိမ်ကြီးအိမ်ကောင်းတွေ၊ ဆိုင်ကြီးဆိုင်ကောင်းတွေ၊ ရုံးဌာနအဆောက်အအုံတွေ၊ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းတွေ၊ စျေးဆိုင်တန်းတွေနဲ့ စည်ကားနေတယ်။ မိမိတို့မောင်နှမတွေက ချောင်းသာကမ်းခြေမှာ ညအိပ်ရပ်နားကြမှာ မဟုတ်ဘဲ လေ့လာလည်ပတ်ကြရင်း ရေချိုးရေဆော့ကြမှာဖြစ်လို့ ကမ်းခြေနဲ့ အနီးဆုံးနေရာထိ ကားကိုမောင်းနှင်လာခဲ့ရတယ်။ ဒါပေမဲ့ အဝတ်အစားလဲကြဖို့၊ ရေပြန်ချိုးကြဖို့၊ သန့်စင်ခန်းသွားကြဖို့အတွက် လိုအပ်တဲ့ အိပ်ဆောင်အခန်းတစ်ခန်းကို ငှားရမ်းထားလိုက်ရတယ်။ အခန်းငှား၊ အဝတ်အစားတွေလဲပြီးကြတာနဲ့ ပင်လယ်ရေထဲကို ဆင်းခဲ့ကြတယ်။

ချောင်းသာကမ်းခြေက ငွေဆောင်ကမ်းခြေလို ပင်လယ်ရေတွေက ကြည်လင်နေတာကြောင့် ရေကစားလို့ကောင်းကြတယ်။ အချိန်က မနက် ၁၀ နာရီလောက် ပူလဲမပူ၊ အေးလဲမအေး အချိန်ကောင်းဖြစ်နေလို့လဲ ရေချိုးရေကစားကြရတာ အဆင်ပြေနေတယ်။ ဒုံပြင် ကမ်းခြေတစ်လျှောက်မှာ ရေကစားနေကြသူတွေ နည်းပါးနေသေးလို့လဲ ကိုယ့်အဖွဲ့နဲ့ ကိုယ် ပျော်ပျော်ပါးပါးလွတ်လွတ်လပ်လပ်ရှိနေကြတယ်။ အပျော်ရွှင်ဆုံးဖြစ်နေတာက ရေကူးမျက်မှန်တစ်လက်နဲ့ အလုပ်ရှုပ်နေတဲ့တူလေးတစ်ယောက်ပါ။ ဒီနေ့ မနက်ပိုင်း ငွေဆောင်ကမ်းခြေမှာ ပင်လယ်ထဲမဆင်းခဲ့ရတာကို အတိုးချပြီး ပျော်ရွှင်နေရှာတယ်။ ဒါပေမဲ့ မိမိတို့ရဲ့ ခရီးစဉ်က ချောင်းသာမှာညအိပ်ဘဲ ရန်ကုန်မြို့မှာ သွားရောက် ညအိပ်ရပ်နားကြမှာဖြစ်လို့ ရေချိုးရေကစားဖို့ အချိန်ကြာကြာမရတော့ပါဘူး။ သင့်ရုံလောက်သာ အချိန်ပေးပြီး ရှေ့ခရီးကို ဆက်ကြရအုံးမှာပါ။

ဒါကြောင့် ၁၁ နာရီထိုးတာနဲ့ မိမိကိုယ်တိုင်က ပင်လယ်ရေထဲကနေတက်ခဲ့ရပြီး နေ့လယ်စာစားသောက်ကြဖို့အတွက် အနီးဆုံးနဲ့ အဆင်ပြေတဲ့ ဆိုင်တစ်ဆိုင်မှာ စီစဉ်နေရတယ်။ ဟင်းပွဲတွေကို မှာယူစီစဉ်ပြီးမှ ရေကစားနေကြသေးတဲ့ မောင်နှမတွေကို ခေါ်ယူပြီး စားသောက်ကြရတယ်။ စားနေတဲ့ ဆိုင်ကနေ ချင်းသုပ်တစ်ပွဲထပ်မံမှာယူရသလို အနားမှာ လာရောက်ရောင်းချနေတဲ့ ခေါင်းရွက်စျေးသည်တွေဆီက ကောင်းနိုးရာရာ ငါးကင်၊ ပုစွန်ကင်၊ ပင်လယ်စာအကင်တွေကိုလဲဝယ်ယူပြီး စားသောက်ကြရတယ်။

မိမိတို့အနေနဲ့ ပင်လယ်ရေချိုး၊ ပင်လယ်စာတွေကို ကောင်းကောင်းစားသောက်ကြပြီးရင် ပင်လယ်ထဲမှာရှိနေတဲ့ သဲဖြူကျွန်း၊ ဖိုးကုလားကျွန်း၊ နတ်မြွေကျွန်း၊ ငှက်ကျွန်း၊ ဥတိုချောင်းစတဲ့ နေရာတွေကိုလဲ စက်လှေငှားပြီး သွားရောက်လေ့လာလည်ပတ်နိုင်ပါသေးတယ်။ အခုအချိန်မှာတော့ အခြေအနေအရ နေ့လယ်စာ ထမင်းစားသောက်ပြီးကြတာနဲ့ ရှေ့ခရီးကို ဆက်ကြရပါအုံးမယ်။ နောက်တစ်ခေါက်လာရောက်တဲ့အချိန်မှပဲ ကောင်းကောင်းမွန်မွန် နားနေအပန်းဖြေ စားသောက်ရင်း လေ့လာလည်ပတ်စရာနေရာတွေ စုံစုံလင်လင်ကို

ချောင်းသာဖင်လယ်ကမ်းခြေကို တွေ့ရစဉ်။

အေးအေးဆေးဆေးသွားရောက်ပါတော့မယ်။

နေ့လယ်စာ စားပြီးကြတာနဲ့ချောင်းသာကမ်းခြေကနေ စတင်ထွက်ခွာလာခဲ့ကြတယ်။ ခရီးစဉ်အရ ပုသိမ်မြို့မစျေးမှာ ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်၊ ငါးမုတ်ခြောက်တွေကို ဝယ်ယူကြအုံးမှာပါ။ အချိန်ကမွန်းတည့် ၁၂ နာရီရှိနေပါပြီ။ အပြန်ခရီးဖြစ်တဲ့အတိုင်း ချောင်းသာ-ပုသိမ် ၂၅ မိုင်ကို မကြာခင် အချိန်အတွင်းမှာ ရောက်လာခဲ့ကြတယ်။ ဒါပေမဲ့ ပုသိမ်မြို့မစျေးကြီးမှာ ကားရပ်နားစရာ နေရာအခက်အခဲဖြစ်နေလို့ လှည့်ပတ်ရှာဖွေပြီးမှ ခပ်လှမ်းလှမ်းတစ်နေရာမှာ ရပ်ထားခဲ့ရတယ်။ စျေးကသီတင်းကျွတ်လပြည့်နေ့မှာ ပိတ်ရက်ဖြစ်ပြီး လပြည့်ကျော်တစ်ရက်နေ့မှ ပြန်လည်ဖွင့်လှစ်ရောင်းချတာကြောင့် အလွန်စည်ကားနေတာဖြစ်ကြောင်း သိလိုက်ရတယ်။

စျေးအတွင်းမှာ ဒေသထွက်ပစ္စည်းတွေ ဝယ်ယူကြတဲ့အခါ ပင်လယ်ကမ်းခြေမှာထက် အလွန်သက်သာနေတာကို တွေ့ရတယ်။ ငွေဆောင်၊ ချောင်းသာတွေမှာရောင်းတဲ့ ငါးမုတ်ခြောက်ထက် ပုသိမ်စျေးမှာ ရောင်းတဲ့ငါးမုတ်ခြောက်က စျေးပိုသက်သာတယ်။ ကျန်တဲ့ ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်တွေလဲ စျေးနှုန်းကွာခြားနေတယ်။ မိမိတို့ မောင်နှမတွေက အိမ်မှာစားသုံးကြဖို့အတွက်ကော၊ လက်ဆောင်ပေးဖို့အတွက်ကော အများအပြား ဝယ်ယူနေကြရလို့ ပုသိမ်စျေးထဲမှာ မထင်မှတ်ဘဲ အချိန်တွေကြာသွားခဲ့ရတယ်။ ဝယ်စရာရှိတာတွေ ဝယ်ယူကြအပြီး ပုသိမ်မြို့ကနေ စတင်ထွက်လာကြတဲ့အခါ ညနေ ၃ နာရီထိုးဖို့ မိနစ်အနည်းငယ်လောက်သာ ကျန်ပါတော့တယ်။ ရန်ကုန်မြို့ရှိရာကို အချိန်မီဝင်ရောက်ဖို့လဲ လိုအပ်နေတာကြောင့် မြန်မြန်ဆန်ဆန်နဲ့လမ်းခရီးမှာ အန္တရာယ်ကင်းအောင် မောင်းနှင်ရတော့မှာပါ။

ဒါပေမဲ့ ပုသိမ်-ရန်ကုန်ခရီးကို အလာတုန်းက လမ်းအတိုင်းမြို့တွေအများအပြား ဖြတ်သန်းပြီး တစ်ကွေ့တစ်ပတ်မသွားတော့ဘဲ ခရီးမိုင် လမ်းကြောင်းတိုတဲ့ ကျောင်းကုန်း-ပန်းတနော် လမ်းကနေ သွားရောက်ကြမှာဖြစ်တဲ့အတွက် ရန်ကုန်မြို့ကို အချိန်မီရောက်ရှိနိုင်လိမ့်မယ်လို့ ခန့်မှန်းထားလိုက်တယ်။ ပုသိမ်မြို့ကနေ စတင်ထွက်ခွာလာပြီးကတည်းက တိုးချဲ့ပြင်ဆင်ဖောက်လုပ်ထားတဲ့ လမ်းသစ်လမ်းကျယ်ကြီးပေါ်မှာ ကားကိုအရှိန်မြှင့်တင်ပြီး မောင်းလို့ရနေတယ်။ တစ်ခါတစ်ရံ ကုန်တင်ကားကြီးတွေ၊ ထော်လာဂျီတွေနဲ့ ဆိုင်ကယ်တွေကို ကျော်တဲ့အခါမှာ သတိထားနေရသလို တစ်ဖက်ယာဉ်ကြောမျက်နှာချင်းဆိုင်ကလာနေကြတဲ့ ကားတွေနဲ့အခြားယာဉ်တွေ များပြားနေတဲ့အခါစောင့်ဆိုင်းပြီး မောင်းနေရတယ်။ လမ်းဘေးဝဲယာတစ်လျှောက်မှာတော့ ဧရာဝတီတိုင်းဒေသကြီးမှာ မြင်တွေ့နေရတဲ့ ထုံးစံအတိုင်း လယ်ကွင်းတွေကိုသာ တွေ့မြင်နေရတယ်။

ပုသိမ်ကနေ ကန်ကြီးထောင့်မြို့ထိ ၁၈ မိုင်၊ ကန်ကြီးထောင့်ကနေ ကျောင်းကုန်းမြို့ထိ ၂၄ မိုင်၊ ကျောင်းကုန်းကနေ ပန်းတနော်မြို့ထိ ၁၉ မိုင်၊ ပန်းတနော်ကနေ တာကွေ့လမ်းဆုံထိ မိုင် ၂၀ မောင်းနှင်ရအုံးမယ်။ အဲဒါပြီးမှ မဲဇလီလမ်းဆုံကို ၁၃ မိုင်၊ မဲဇလီလမ်းဆုံကနေ ဘုရင့်နောင်တံတားအထိ ၂၁ မိုင်ကျော် ဆက်လက်မောင်းရအုံးမယ်။ ခရီးစဉ်လမ်းကြောင်းနဲ့ မြေပုံအညွှန်းထဲမှာ ပြသထားတဲ့ ခရီးမိုင်တွေအရ ရန်ကုန်မြို့ကိုရောက်တဲ့ထိ မိုင်တစ်ရာကျော်အကွာအဝေးရှိနေတယ်။ အနီးစပ်ဆုံးဆိုရင် ၁၁၅ မိုင်ပါ။

ခရီးစဉ်လမ်းကြောင်းနဲ့ ခရီးမိုင်အကွာအဝေး အတိုင်းမောင်းလာရင်း ကန်ကြီးထောင့်မြို့အကျော် အိမ်မဲမြို့လမ်းခွဲကို ရောက်တော့ အရင်တစ်ခေါက်တုန်းက ဝင်ရောက်လေ့လာခဲ့ရတာတွေနဲ့ နေ့လယ်စာ ထမင်းစားသောက်ခဲ့ရတာတွေကို သတိရမိလိုက်သေးတယ်။ ကျောင်းကုန်းမြို့ကတော့ လမ်းဘေး စားသောက်ဆိုင်လေးတွေ၊ စျေးဆိုင်လေးတွေ၊ ကားဂိတ်၊ ဆိုင်ကယ်ဂိတ်လေးတွေနဲ့ သာမန်မြို့လေးတစ်မြို့ပါ။ အခေါက်ခေါက်အခါခါ ဖြတ်သန်းသွားလာခဲ့ဖူးပေမဲ့ ဝင်ရောက်လေ့လာလည်ပတ်တာ၊ ညအိပ်ရပ်နားတာမျိုးမရှိခဲ့ပါဘူး။ မြို့ခံနယ်ခံ စာရေးဆရာမိတ်ဆွေ မောင်ရင့်မာ(ကျောင်းကုန်း) ကလဲ ရန်ကုန်မြို့မှာနေထိုင်နေတာကြောင့် ရန်ကုန်မြို့ကိုသွားမှသာ တွေ့ဖြစ်ဆုံဖြစ်နေတယ်။ မြို့ရဲ့ အနေအထားကလဲ ကားလမ်းမကြီးဘေးတစ်လျှောက်မှသာ စည်ကားတဲ့ ရှည်မျောမျော သဏ္ဌာန်မြို့တန်းရှည်ဖြစ်နေတယ်။ မြို့သမိုင်းကို လေ့လာကြည့်တဲ့အခါ ကျောင်းကုန်းမြို့ဖြစ်ပေါ်တည်ရှိလာပုံကို တိတိကျကျမသိရဘဲ ကိုလိုနီခေတ်ဦးက ကျုံပျော်မြို့နယ်အတွင်းမှာ ပါဝင်ခဲ့တယ်၊ ဒကချောင်းက မြို့ရဲ့အလယ်မှာ ဖြတ်သန်းစီးဆင်းနေတယ်၊ မြောက်ပိုင်းမှာ မိုးကောင်းဘုရား၊ တောင်ပိုင်းမှာ ပြည်လုံးချမ်းသာရုပ်ပွားတော်၊ မြို့ရဲ့ တောင်ဘက်နှစ်မိုင်ခန့်အကွာ ရေကလုပ်ရွာမှာ ရှေးဟောင်းသမိုင်းဝင် ရေကလုပ်ဘုရားတည်ရှိနေတယ် စသဖြင့် အနည်းငယ်လောက်ကိုသာ သိရှိနေရတယ်။

ညနေပိုင်းစောစောအချိန်မှာ ပန်းတနော်မြို့ကို ရောက်ရှိလာတော့ လမ်းတစ်လျှောက်လုံးမှာ သင်ဖြူးဖျာဆိုင်တွေကို တွေ့မြင်ကြရတယ်။ ပန်းတနော်မြို့က သင်ဖြူးဖျာအဓိကထုတ်လုပ်ထွက်ရှိတဲ့ မြို့တစ်မြို့ပါ။ အရင်အခေါက်တွေတုန်းက ဖျာတွေဝယ်ရင်း ဆိုင်ရှင်တွေကို မေးမြန်းစုံစမ်းကြည့်တဲ့အခါ မြို့နေလူဦးရေနဲ့အနီးပတ်ဝန်းကျင် ကျေးရွာတွေရဲ့ တစ်ဝက်ကျော်က သင်ဖြူးဖျာလုပ်ငန်းတွေနဲ့ ဆက်စပ်နေတယ်ဆိုတာကို သိရှိထားရတယ်။ ကုန်ကြမ်း၊ ကုန်ချော၊ ကုန်သည်၊ အရောင်းဆိုင်အကြောင်းမျိုးစုံနဲ့ ပါဝင်ပတ်သက်နေကြတာမျိုးပါ။ ကားပေါ်က မောင်နှမတွေကို သင်ဖြူးဖျာဝယ်ကြအုံးမလားဆိုပြီး မေးမြန်းလိုက်တဲ့အခါ မဝယ်ကြတော့ဘူးဆိုတာနဲ့ ဖျာအရောင်းဆိုင်တွေမှာ ကားမရပ်တော့ဘဲ ရှေ့ခရီးကို ဆက်လက်မောင်းနှင်လာလိုက်တယ်။

ပန်းတနော်မြို့ကို ဖြတ်သန်းလာခဲ့ပြီး တာကွေ့လမ်းဆုံထိ မိုင် ၂၀ ခရီးက ရှည်လျားဝေးကွာတယ် လို့ထင်မှတ်နေရတယ်။ လမ်းတစ်လျှောက်လုံးဝဲယာမှာ လယ်ကွင်းတွေ၊ စိုက်ခင်းတွေနဲ့အတူ ညနေစောင်းအချိန်မှာ ဘာသာဘာဝယျံသန်းသွားလာနေကြတဲ့ ငှက်အုပ်စုလေးတွေ၊ လုပ်ငန်းခွင်ကနေ အိမ်ပြန်လာနေကြပြီဖြစ်တဲ့ လယ်သမား၊ ယာသမား၊ တောင်သူ အလုပ်သမားတွေ၊ ကျွဲတွေ၊ နွားတွေ၊ လှည်းတွေ၊ ထော်လာဂျီတွေ၊ ထွန်စက်ထယ်စက်တွေကိုသာ မြင်တွေ့နေရတယ်။ မြန်မာနိုင်ငံရဲ့ ဆန်အိုးကြီးလို့ တင်စားခေါ်ဝေါ်ရတဲ့ ဧရာဝတီတိုင်းဒေသကြီးရဲ့ လယ်ယာလုပ်ငန်းခွင် အပြန်မြင်ကွင်းတွေပါ။ မနက်မိုးသောက်လုပ်ငန်းခွင် အဝင်မြင်ကွင်း၊ ညနေစောင်းအပြန်မြင်ကွင်း၊ လုပ်ငန်းခွင်အတွင်း မြင်ကွင်း စတဲ့မြင်ကွင်းရှုခင်းအစုံစုံတွေက လေးစားချစ်ခင်တန်ဖိုးထားစရာတွေပါ။

တာကွေ့လမ်းဆုံကို ကျော်ဖြတ်မောင်းနှင်ပြီးတာနဲ့ နေဝင်သွားခဲ့ပြီး ဆည်းဆာချိန်အလင်းရောင် အနည်းငယ်လောက်သာ ကျန်နေပါတော့တယ်။ ဒါပေမဲ့ ကားမီးဖွင့်မောင်းရအောင်လောက်လဲ မမှောင်သေးဘဲ ထင်သာမြင်သာရှိနေပါသေးတယ်။ မိမိတို့ရဲ့ ခရီးစဉ်အရ ဒီနေ့ညရန်ကုန်မြို့မှာ ညအိပ်ရပ်နားကြမှာဖြစ်ပြီး နောက်တစ်နေ့မနက်ရောက်မှ အိမ်အပြန်ခရီးအဖြစ် ပြင်ဦးလွင်မြို့ကို ပြန်ကြရမှာပါ။ ပြင်ဦးလွင်ကနေ ထွက်လာကြတာကလဲ သုံးညအိပ်၊ လေးရက်ခရီးရှိနေပါပြီ။ ဒီနေ့အတွက်တော့ ချောင်းသာကမ်းခြေမှာ နားနားနေနေ အပန်းဖြေခဲ့ရပါတယ်။ အခုအချိန်မှာတော့ တာကွေ့လမ်းဆုံကနေ မဲဇလီလမ်းဆုံရောက်အောင် ၁၃ မိုင် ခရီးကို ဆက်လက်မောင်းနှင်လိုက်ပါအုံးမယ်။ ရန်ကုန်မြို့ကိုရောက်မှ တစ်ညတာအိပ်စက်အနားယူကြရမှာပါ။

ဆူးသစ်

တန်ဖိုးရှိသော ကျေးဇူးတင်ခြင်း

ကျွန်တော်တို့ မြန်မာလူမျိုးများ ဖောဖောသီသီ သုံးလေ့ရှိသော စကားတစ်ခွန်းရှိသည်။ "ကျေးဇူးတင်ပါတယ်" ဆိုသော စကားဖြစ်သည်။

အခက်အခဲတစ်ခုကို အခြားသူတစ်ဦးက ကူညီသည်။ ကူညီသူကို ကျေးဇူးတင်ကြောင်းပြော၏။ ဘက်စကားပေါ်တွင် အထုပ်များ မနိုင်မနင်းနှင့် မတ်တတ်ရပ်နေသူရှိသည်။ ထိုင်ခုံနေရာရသူက ပစ္စည်းများကူသယ်ပေး၏။ မတ်တတ်ရပ်သူက ဆင်းခါနီးတွင် သူ့ပစ္စည်းများ ကူသယ်ပေးသူကို ကျေးဇူးတင်ကြောင်းပြောသည်။

သည်လိုပင် နေရာတော်တော်များများ၊ လူတော်တော်များများကြားတွင် ကျေးဇူးတင်ကြောင်းပြောခြင်းများရှိခဲ့သည်။ ရှိလည်း ရှိနေဦးမည်။ "ကျေးဇူးပဲနော်" "ကျေးဇူးပဲ" "ကျေးဇူး" စသည်ဖြင့် အခေါ်အဝေါ်များသာ ပြောင်းသွားသည်။ မြန်မာလူမျိုးများ၏ ယဉ်ကျေးသော စိတ်ထားစရိုက်များက မပြောင်းကြောင်း ထိုကျေးဇူးတင်စကားဖြင့် ဖော်ပြကြသည်။

ကျေးဇူးတင်စကားများကို ကြားရဖန်များလာသောအခါ ထိုကျေးဇူးတင်စကားများ၏ နောက်ကွယ်ကခံစားမှုကို ဆန်းစစ်မိသည်။ ကိစ္စတော်တော်များများတွင် ဝတ္တရားအရ ပြောသွားသော ခပ်ပေါ့ပေါ့ ကျေးဇူးတင်ခြင်းမျိုးကို တွေ့ရ၏။ ယဉ်ကျေးခြင်း၏ သင်္ကေတအဖြစ် ပုံဖော်သွားရုံလောက်သာရှိသည်။ အချို့ကိစ္စများတွင် လှိုက်လှိုက်လှဲလှဲ၊ လေးလေးနက်နက် တကယ့်ကို ကျေးဇူးတင်သည်လည်းရှိ၏။

သည်တော့ ကျေးဇူးတင်စကားဆိုကြသော ကိစ္စများတွင် ကျေးဇူးတင်ရသောအကြောင်းက အဓိကကျလာသည်။ ကျေးဇူးကို မြန်မာအဘိဓာန်၌ "တစ်ဦးက အခြားတစ်ဦးပေါ်တွင် ပြုသော အကျိုးဆောင်မှု၊ ကောင်းကျိုး" ဟုပါရှိရာ လူတစ်ဦးနှင့်တစ်ဦးကြား ဆောင်ရွက်လိုက်သော ကောင်းကျိုးတစ်ခုကပင် ကျေးဇူးတင်စကား၏အလေးအပေါ့ကို ဖြစ်စေသည်မှာ ထင်ရှားလာ၏။

တစ်ခါတစ်ရံ၌ ကျွန်တော်တို့အားလုံး အမှမဲ့၊ အမှတ်မဲ့ နေနေစဉ်တွင်ပင် ကျွန်တော်တို့အပေါ် ကျေးဇူးများတစ်ပုံတစ်ပင် တင်နေခြင်းမျိုးလည်း တွေ့ရသည်။ ထိုအချိန်မျိုးတွင် ကျေးဇူးတင်စကားလည်း မဆိုမိ၊ ကျေးဇူးပြုသူကိုလည်း ကျေးဇူးမတုံ့ပြန်သည့်အပြင် စော်ကားမော်ကားလုပ်မိခြင်းမျိုးလည်းရှိသည်။

သည်လိုကိစ္စမျိုးက သားသမီးအရွယ် လူငယ်များကြားနှင့် လူကြီးမိဘ၊ ဆရာသမားများကြား ဖြစ်တတ်သည်။ မိဘများ၏ မွေးကျေးဇူး၊ ကျွေးကျေးဇူး၊ ဆရာသမားများ၏ နည်းပေးလမ်းညွှန်သည့် ကျေးဇူး၊ သည်ကျေးဇူးများကို လူမှန်းသိတတ်စတွင် နားလည်လာကြပြီဖြစ်သော်လည်း ကျေးဇူးတင်စကားလည်း မဆို၊ ကျေးဇူးလည်းမတုံ့ပြန်သည့်အပြင်၊ ရံဖန်ရံခါ ကျေးဇူးပင်ကန်းနေ၍ ကျွန်တော်တို့အဖြစ်က တွေးလေ သဘာဝမကျလေပင်။

ပြင်ပကိစ္စများတွင် အခက်အခဲရှိနေစဉ် ကူညီသူကိုပင် **"ကျေးဇူးပဲနော်"** ဟု လှိုက်လှဲစွာ ပြောတတ်သော ကျွန်တော်တို့ တကယ့်ကိုကြီးမားလှသော ကျေးဇူးများပြုနေသူများကို လျစ်လျူရှုထားသကဲ့သို့ ဖြစ်နေသည်မှာ လွဲချော်နေသော ကိစ္စဟုဆိုရပေမည်။

သူစိမ်းများကို ကျေးဇူးတင်ကြောင်းများစွာ ဆိုခဲ့ပြီးမှ ကိုယ့်သွေးရင်းများ၏ ကျေးဇူးကိုမေ့ခဲ့ကြဖူးသည်ဟု ပြန်စဉ်းစားမိသောအခါ ကျွန်တော်တို့ ပတ်ဝန်းကျင်က ကျေးဇူးတင်စရာများကိုလည်း သေသေချာချာ မြင်လာရတော့သည်။

ကျွန်တော်နေထိုင်ရာ နေရာက မြို့သစ်တစ်မြို့၏ ရပ်ကွက်မို့နေထိုင်သူ လူဦးရေနည်း၏။ တစ်အိမ်လုံး၊ ရုံး၊ ကျောင်း၊ အလုပ်သွားချိန်၊ ကျွန်တော်တို့အိမ်ကို သူခိုးဘေး၊ မီးဘေးက ကာကွယ်စောင့်ရှောက်ပေးကြသော အိမ်နီးချင်းများကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရ၏။

ကျွန်တော်တို့ ကျင်လည်ရာလုပ်ငန်းများတွင် ဝိုင်းဝန်းလုပ်ဆောင်မှုဖြင့် ပူးပေါင်းဆောင်ရွက်တတ်ရာ ကျွန်တော်တစ်ဦးတည်းနှင့် မပြီးနိုင်သော၊ ကျွန်တော်မပါဘဲလည်း မပြီးသော လုပ်ငန်းများတွင် လုပ်ငန်းအောင်မြင်ရေးအတွက် ကျွန်တော်နှင့်အားဖြည့်လုပ်ကိုင်ကြသော လုပ်ဖော်ကိုင်ဖက်များကိုလည်း လေးနက်စွာကျေးဇူးတင်ရ၏။

ကျွန်တော့်အကောင်းအဆိုးများကို မျှဝေခံစားပေးနိုင်သော၊ အကြံဉာဏ်များပေးနိုင်သော သူငယ်ချင်း၊ မိတ်ဆွေအပေါင်းအသင်းများကိုလည်း စူးစူးနစ်နစ် ကျေးဇူးတင်ရ၏။

ကျွန်တော်တို့ မိသားစုတစ်ခုလုံး အခက်အခဲ၊ အကျပ်အတည်းဖြစ်နေချိန်တွင် ကျွန်တော်တို့အပေါ် စာနာနားလည်စွာ ခိုင်ခိုင်မာမာရပ်တည်ပေးခဲ့ကြသော မိတ်ဆွေကောင်းများ၊ ဆွေမျိုးမိတ်သင်္ဂီဟများကိုလည်း တစ်သက်တာ မမေ့စွာ ကျေးဇူးတင်ရ၏။

တစ်လောက ကျွန်တော်ဗဟိုဝန်ထမ်းတက္ကသိုလ် (ဗ. ဝ. တ) မှာ အကြိုဝန်ထမ်းလောင်းသင်တန်းသွားတက်သည်။ ကျွန်တော်တို့သင်တန်းမှာ စားရေးသောက်ရေး အဆင်ပြေရန် ချက်ပြုတ်ကျွေးကြသော ထမင်းစားဆောင်မှ ချက်ပြုတ်ရေးအဖွဲ့ရှိသည်။ ကျွန်တော်တို့အတွက် မစားခင်မှ စားပြီးသည်ထိ တာဝန်ယူဆောင်ရွက်ရသော စားဖိုဆောင်မှ ဦးလေးကြီးမှာ မိုးလင်းမိုးချုပ် တကုပ်ကုပ် လုပ်နေရသည့်အခါ သူ့ကြောင့် ကျွန်တော်တို့ အဆင်ပြေစွာ စားသောက်ရပါလား တွေးမိပြီး ကျေးဇူးတင်မိ၏။ သူ့ကျေးဇူးကလည်း တစ်နည်းတစ်ဖုံ ကျွန်တော်တို့အပေါ်သက်ရောက်နေ၍ လေးစားစွာ ကျေးဇူးတင်ရခြင်းပင်။ သည်လို စားဖိုဆောင်က လူတစ်ဦး၏ ကျေးဇူးက ကျွန်တော်တို့အပေါ် ထိုမျှရှိသည်ဟု ဆင်ခြင်မိလျှင် ဗဟိုဝန်ထမ်းတက္ကသိုလ်က ဆရာများ၏ ကျေးဇူးကလည်း သူ့အတိုင်းအတာနှင့် သူရှိနေသည်ကို သတိထားမိပြန်သည်။ ဦးစီးအရာရှိ လုပ်ပည့် ကျွန်တော်တို့ကို ဆိုဆုံးမထိန်းကျောင်းခဲ့သည်များက နောင်တစ်ချိန်ထိ ပါသွားမည်မဟုတ်လား။ မတစ်ထောင်သားသမီးများကို ထိန်းကျောင်းရသည်မှာ တပ်ခွဲအဆောင်က သင်တန်းကြီးကြပ်သည့် ဆရာများ၏ကျေးဇူးကလည်း ထိုနည်းနှယ်ပင်။

ကျွန်တော်တို့ ပတ်ဝန်းကျင်မှသည် သူငယ်ချင်း မိတ်ဆွေ၊ ဆွေမျိုးသားချင်း၊ ဆရာသမား၊ မိဘများ၏ကျေးဇူးက သေသေချာချာ ဆင်ခြင်ကြည့်လေ တွေ့ရှိနိုင်လေဖြစ်ရာ ထိုမှတစ်ဆင့် တက်လိုက်လျှင် ဘုရား၊ တရား၊ သံဃာ၏ ကျေးဇူးကိုလည်း ထင်ထင်ရှားရှား မြင်လာရလေသည်။

❖ မိမိကိုယ်တိုင်တွင် ထူးခြားသော ပြောင်းလဲတိုးတက်မှု၊ ကောင်းမွန်သော ခံစားမှုများ သိသာထင်ရှားစွာရရှိခဲ့ပြီး ထိုကျေးဇူးမျိုးကို ပြန်ဆပ်ရမည်ဟုနှလုံးသွင်းနိုင်လာလျှင်၊ အတတ်နိုင်ဆုံး ကျေးဇူးဆပ်ကာ တုံ့ပြန်နိုင်လျှင် မိမိကိုယ်တိုင် ထူးခြားစွာမပြောင်းလဲသော်လည်း အခက်အခဲတစ်ခုပြေလည်သွားလျှင်ဖြစ်ဖြစ်၊ ခေတ္တခဏ အဆင်ပြေသွားလျှင်ဖြစ်ဖြစ် ထိုကျေးဇူးပြုမှုမျိုးကို အခွင့်ကြုံက ပြန်လည်ပေးဆပ်မည်ဟု စိတ်ထဲကအောက်မေ့ကာ အခွင့်မကြုံသော်လည်း အသိအမှတ်ပြုထားနိုင်လျှင် ကျွန်တော်တို့သာမန်ဆိုနေကျ ကျေးဇူးတင်ပါတယ် ဆိုသောစကားသည် ခပ်ပေါ့ပေါ့မဟုတ်သည့် "တန်ဖိုးရှိသော ကျေးဇူးတင်ခြင်း" များပင်ဖြစ်ပေသည်။ ❖

လူဖြစ်လာပြီး ပြီးပြီထင်ထားသူများအတွက် ဘုရားရှင်က သစ္စာလေးပါး လမ်းပြဟောခဲ့သည်။ ထိုတရားတော်နှင့်အတူ လူ့လောကတွင် ပြုကျင့်ရမည့်အရာများ၊ စောင့်ထိန်းရမည့်ကိစ္စများ၊ ပွားများရမည့်အသိများ ပြဆိုခဲ့သည်။ ဘုရားရှင်ကြောင့် မြင့်မြတ်သောတရားတော်ဆိုတာ သိလာရ၍ ဘုရား၊ တရား၏ ကျေးဇူးကို ဆင်ခြင်မိလျှင် သိနိုင်သည်။

တစ်ဖန် တရားတော်များကို ဘုရားရှင်မရှိသည့် နောက်ပိုင်း ထိန်းသိမ်းခဲ့သော သံဃာတော်များ လည်းရှိရာ ထိုသံဃာတော်များကြောင့် ဘုရားရှင်၏ တရားတော်ကိုသိလာရ၍ သံဃာတော်များ၏ ကျေးဇူးကိုလည်း ထိမ်ချန်၍ မရနိုင်ပေ။

သည်တော့ ကျွန်တော်တို့ သတ္တလောကတွင် ကျေးဇူးတရားများက တစ်ဦးနှင့်တစ်ဦး ဆက်စပ်နေသကဲ့သို့ ရှိနေသည်ကို တွေ့ရသည်။ ကျွန်တော်တို့ ယနေ့အေးအေးချမ်းချမ်း ရပ်တည်နိုင်ပြီး ကျွန်တော်တို့လုပ်ချင်သမျှ အေးချမ်းစွာ လုပ်ခွင့်ရနေသည်။ ဤသည်မှာ ဟိုရှေးတုန်းက အဘိုးအဘွားများ ကတိုက်ခိုက်၍ရယူပေးခဲ့သော လွတ်လပ်ရေးကြောင့် လက်ရှိ ဆက်လက်ထိန်းသိမ်းနေသူများကြောင့်ပင်။ ကျွန်တော်ကိုယ်တိုင် အင်ဂျင်နီယာအဖြစ် ယနေ့ အသက်မွေးနိုင်သည်။ ဤသည်မှာလည်း ဟိုးပဲခူးရိုးမတောင်ခြေကစခဲ့သော အဘိုး၊ အဘွားများ မှတစ်ဆင့် အဖေ၊ အမေ၊ ထိုမှတစ်ဆင့်တက်ကာ ကျွန်တော်တို့ဆိုပြီး ရပ်တည်လာနိုင်၍ ဖြစ်သည်။

ကျေးဇူးတရားသည် ဆက်စပ်တွေးလိုက်လျှင် ကျွန်တော်တို့မျိုးဆက် (Generation)ထိ ပါသွား၏။ ရှေးကလူများ ကျေးဇူးကြောင့် ကျွန်တော်တို့ ယနေ့ ရပ်တည်နိုင်သည်ဆိုလျှင် နောင်လာမည့်သူများ လည်း ကျွန်တော်တို့ထက် ပိုမိုကောင်းမွန်စွာ ရပ်တည်နိုင်အောင် ကျွန်တော်တို့ ကျေးဇူးပြုရပေဦးမည်။ မြန်မာ့ရိုးရာအစဉ်အလာ စကားအရ **"ကြွေးဟောင်းဆပ်ကာ ကြွေးသစ်ချ"** ရသည့် သဘောပင်။

ကျေးဇူးဆိုသည်က ဆပ်နိုင်သည်၊ မဆပ်နိုင်သည်ထား။ သိတော့ သိတတ်ရမည်ဟု ကျွန်တော် နားလည်ယုံကြည်သည်။ ဟိုလူ့လည်း ကျေးဇူးတင်၊ သည်လူ့လည်း ကျေးဇူးတင်ကာ အလကားရသော ကျေးဇူးတင်ခြင်းများ ပြုမည့်အစား ကိုယ့်အပေါ် ပြုခဲ့ဖူးသော ကျေးဇူးများကို ဆင်ခြင်အောက်မေ့ခြင်းက ပိုကောင်းမည်ထင်သည်။ တကယ်လေးနက်သော ကျေးဇူးတင်စရာများ ကျွန်တော်တို့ နောက်ကွယ်တွင် ရှိနေသည် မဟုတ်လား။

ပြီးတော့ ဟိုလူ့ကျေးဇူး၊ သည်လူ့ကျေးဇူးများကို တွေးကာ တစ်သက်ဆပ်မကုန်ပါလားဟု ထိတ်လန့်စရာမရှိပေ။ အချို့ကိစ္စများသည် လူတစ်ဦး၏ ပုံမှန်ရပ်တည်မှုမှ တမင်အားမထုတ်ရဘဲ ပေးစွမ်းခဲ့သော ကျေးဇူးပြုခြင်းမျိုးသာဖြစ်၍ ထိုကျေးဇူးမျိုးကိုတော့ အသိအမှတ်ပြုရုံနှင့် လုံလောက်သည်ဟု ဆိုရပေမည်။ ကားပေါ်တွင် အထုပ်ကူသယ်ပေးခြင်းမျိုးဟု အနီးစပ်ဆုံး အလွယ်တကူညွှန်းရပေမည်။ သို့သော် မိဘကျေးဇူး၊ ဆရာ့ကျေးဇူး၊ တိုင်းပြည်လွတ်လပ်ရေးရအောင် တိုက်ပွဲဝင်ခဲ့သူများကျေးဇူးစသည်များကတော့ အသိအမှတ်ပြုရုံနှင့် မလုံလောက်တော့ပေ။ သိသည် ဆိုသည့်နောက်တွင် တတ်နိုင်သမျှ ပြန်လည်ပေးဆပ်ရခြင်းလည်း တွဲပါလာလေပြီ။

ဤသို့ ပြန်လည်ပေးဆပ်ရာ၌ ကျွန်တော်တို့ ဆပ်လိုက်သော ကျေးဇူးတုံ့ပြန်မှုသည် ထိုကာယကံ ရှင်များထံ ပြန်လည်သက်ရောက်ချင်မှ သက်ရောက်ပါလိမ့်မည်။

သည်နေ့ ကျွန်တော်တို့ ဘာလုပ်နေကြသနည်း။ သူတစ်ပါး ကျေးဇူးပြုခဲ့သမျှ အသီးအပွင့်များကို ထိုင်၍မြိန်ရေရှက်ရေ ခံစားနေသလား။ သူတို့ကျေးဇူးများကို ဆပ်ချင်၍ နောက်လူများ ကောင်းစားရန် ဆက်လုပ်နေသလား။ သက်ရှိထင်ရှားရှိနေသော ကျေးဇူးပြုခဲ့သူများကိုရော သိတတ်သမျှ ကျေးဇူးတုံ့ပြန်ပြီးပြီလား။ မည်သူ့ကျေးဇူးကို အသိအမှတ်ပြု၍ မည်သူ့ကျေးဇူးကို ပြန်ဆပ်ခဲ့ပြီလဲ ဆိုသည်ကိုရော စဉ်းစားမိပါသလား။

မိမိကိုယ်တိုင်တွင် ထူးခြားသော ပြောင်းလဲတိုးတက်မှု၊ ကောင်းမွန်သော ခံစားမှုများ သိသာထင်ရှားစွာ ရရှိခဲ့ပြီး ထိုကျေးဇူးမျိုးကို ပြန်ဆပ်ရမည်ဟု နှလုံးသွင်းနိုင်လာလျှင်၊ အတတ်နိုင်ဆုံး ကျေးဇူးဆပ်ကာ တုံ့ပြန်နိုင်လျှင် မိမိကိုယ်တိုင် ထူးခြားစွာ မပြောင်းလဲသော်လည်း အခက်အခဲတစ်ခုပြေလည်သွားလျှင်ဖြစ်ဖြစ်၊ ခေတ္တခဏ အဆင်ပြေသွားလျှင်ဖြစ်ဖြစ် ထိုကျေးဇူးပြုမှုမျိုးကို အခွင့်ကြုံက ပြန်လည်ပေးဆပ်မည်ဟု စိတ်ထဲကအောက်မေ့ကာ အခွင့်မကြုံသော်လည်း အသိအမှတ်ပြုထားနိုင်လျှင် ကျွန်တော်တို့ သာမန်ဆိုနေကျ **ကျေးဇူးတင်ပါတယ်** ဆိုသောစကားသည် ခပ်ပေါ့ပေါ့မဟုတ်သည့် **"တန်ဖိုးရှိသော ကျေးဇူးတင်ခြင်း"** များပင်ဖြစ်ပေသည်။

ထို့ကြောင့် တန်ဖိုးရှိသောကျေးဇူးတင်ခြင်းများကို မြန်မာ့ယဉ်ကျေးမှုလောကနယ်ပယ်တွင် ပိုမိုကြုံလာရမည်ဟု ယုံကြည်မိပါသည်။ တန်ဖိုးရှိသော ကျေးဇူးတင်ခြင်းများဖြင့် ကျွန်တော်တို့ လောကသည် ပိုမိုလှပလာမည်ဟု မြင်ယောင်နေမိပါကြောင်း ရေးသားအပ်ပါသည်။

ဖောင်းပြင်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါးဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး

မော်လိုက် ဇန်နဝါရီ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါးဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဖောင်းပြင်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၅၄၄၄၀ ထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော စပါးစိုက်ခင်းများကို ၂၀၂၅ ခုနှစ် အောက်တိုဘာလမှ စတင် ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် စ၁ ဒသမ ၀၂ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဖောင်းပြင်မြို့နယ် မိုးသီးနှံစိုက်ပျိုးရာသီမှာ စပါးဧက ၅၄၄၄၀ ထိ စိုက်ပျိုးထားပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ စပါးခင်းတွေ လက်ရှိအချိန်မှာတော့ ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးနေပြီ ဖြစ်ပါတယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာ၊ မျိုးတွေ ဆောင်ရွက်ပေးခဲ့ပါတယ်။ တောင်သူတွေအနေနဲ့ စပါးတွေအချိန်မီ စိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်"ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

ဖောင်းပြင်မြို့နယ်တွင် စပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေးအသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီး စပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေး အသိပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စပါးကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင် ပြောပြ၍ သိရသည်။ (၂၀၆)

တောင်တွင်းကြီးမြို့နယ် စစ်တားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

တောင်တွင်းကြီး ဇန်နဝါရီ ၂၂

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စစ်တားကျေးရွာ၌ စတုတ္ထအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇန်နဝါရီ ၂၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျန်က ကျေးရွာ ရပ်မိရပ်ဖများ၊ အသင်းသား၊ အသင်းသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်း ဆောင်ရွက်ရခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ရန်ပုံငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး စစ်တားကျေးရွာရှိ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သိန်း ၄၁၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ စစ်တားကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၈၆ ဦးကို ငွေကျပ် ၃၅၂ သိန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ လေးဦးကို ငွေကျပ် သိန်း ၂၀၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် ၁၀ သိန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူခုနစ်ဦးကို ငွေကျပ် ၂၈ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၉ ဦးကို မြစိမ်းရောင် ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ကျပ် သိန်း ၄၁၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **နွဲ့ယဉ်**



ကျောင်းသူအမည်မှန်နှင့် မိဘအမည်မှန်ကြေညာခြင်း

ပုသိမ်ကြီးမြို့နယ်၊ အထက-ပုသိမ်ကြီး၊ Grade-5 တန်းတွင် ပညာသင်ကြားနေသော မချိုးကြည်၏ အမည်မှန်မှာ မမေမြတ်နိုးဖြစ်ပြီး ၎င်း၏မိဘအမည်မှန်မှာ ဦးခင်မောင်စိုးနှင့် ဒေါ်ထွေးငယ်ဖြစ်ပါကြောင်း။

မမေမြတ်နိုး၊ ဦးခင်မောင်စိုးနှင့် ဒေါ်ထွေးငယ်

ကျောင်းသားအမည်မှန်နှင့် မိဘအမည်မှန်ကြေညာခြင်း

ပုသိမ်ကြီးမြို့နယ်၊အထက-ပုသိမ်ကြီး၊ Grade-4တန်း တွင် ပညာသင်ကြားနေသော မောင်ခန့်မင်းညိုး၏အမည်မှန်မှာ မောင်ခန့်မင်းမြတ်ဖြစ်ပြီး ၎င်း၏မိဘအမည်မှန်မှာ ဦးခင်မောင်စိုးနှင့် ဒေါ်ထွေးငယ်ဖြစ်ပါကြောင်း။

မောင်ခန့်မင်းမြတ်၊ ဦးခင်မောင်စိုးနှင့် ဒေါ်ထွေးငယ်

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့၊ ဇရပ်ဖြူကျေးရွာနေ ဒေါ်သက်ထက်အေးမှ 'မွန်မြတ်'အမှတ်တံဆိပ်ဖြင့် သောက်ရေသန့်ထုတ်လုပ်ရောင်းချရန် စီစဉ်ထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတစ်ဝန်းအတွင်းရှိသော သောက်ရေသန့်စက်ရုံများမှ အမည်တူရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြေညာချက်ပါသည့် ရက်မှစ၍ (၇)ရက်အတွင်း ဒေါ်သက်ထက်အေးထံသို့ လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းလာရောက်ကန့်ကွက်ခြင်းမရှိပါက သတင်းစာကြေညာချက်နှင့်အတူ အသုံးပြုလိုသော အမှတ်တံဆိပ်အမည်ဖြင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ အမည်ထောက်ခံချက်ဆက်လက်လျှောက်ထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်သက်ထက်အေး
၉/ကဆန(နိုင်)၁၁၆၄၃၃
မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ ဇရပ်ဖြူကျေးရွာ။
09-795891566၊ 09-689554868

ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ မျက်ရှင်ရပ်ကွက်နေ ဇင်ကိုဦး(ဘ) ဦးတင်သိန်း(၉/ခအဇ(နိုင်)၀၄၉၅၄)၏ နိုင်ငံကူးလက်မှတ်အမှတ် (M-913249) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-666603169**

ပျောက်ဆုံးကြောင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၂)၊ စိန်ပန်းနီလမ်းနေ ရေပင်းပင်း(ဘ) ဦးရေချောဟိုက်(၁/မစန(နိုင်)၀၄၃၉၈၃)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-694060823**

ပျောက်ဆုံးကြောင်း

သာစည်မြို့နယ်၊ သုံးပတ်လည်ရွာနေ မောင်အောင်မင်းလှိုင် (ဘ) ဦးတင်လှိုင်(၉/သစန(နိုင်)၁၃၅၄၂၈)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-980047727**

အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့်ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111" အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme-PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါ သည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် "1111" ဖြင့် ဝန်ဆောင်မှုရယူစဉ်ကကြုံတွေ့ ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code နံပါတ် "1111" ဖြင့် SMS ပေးပို့မေးမြန်းလိုက်သော မေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက် ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

❖ ရွေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို မိမိတို့အနေဖြင့် ရွေးမူမပျက်စေဘဲ ပြန်လည်ထိန်းသိမ်းဆောင်ရွက်ထားရှိခြင်းသည် အနာဂတ်လူငယ်များအနေဖြင့် မျိုးချစ်စိတ်ဓာတ်များ ပိုမိုထွန်းကားလာအောင် ဆောင်ရွက်ပေးခြင်းပင်ဖြစ်...

❖ ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် ရွေးဟောင်းသမိုင်းဝင်အထင်ကရအမွေအနှစ်များဖြစ်သည့်အတွက် စနစ်တကျဖြင့် ပုံစံတကျဖြစ်အောင် ထိန်းသိမ်းဆောင်ရွက်သွားကြရန်လို...

(နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် ဩဂုတ် ၃ ရက်တွင် ပဲခူးမြို့ ကမ္ဘာ့ဧသာဒီရွှေနန်းတော်ကြီး ထိန်းသိမ်းထားရှိမှုအား ကြည့်ရှုစစ်ဆေးစဉ် လမ်းညွှန်မှာကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းကို သတ်မှတ်ရက်အတွင်း တင်သွင်းကြရန်နှိုးဆော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
အသိပေးနှိုးဆော်စာ
၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်

၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)ကို မြို့နယ် ၁၀၀ မြို့နယ်၌ ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်ပါသည်။

အထွေထွေရွေးကောက်ပွဲအပိုင်း(၂)တွင် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၁၀၂ အရ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲက ရွေးကောက်တင်မြှောက်ခံရသူ လွှတ်တော်ကိုယ်စားလှယ်၏ အမည်ကို ကြေညာသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ယင်းမဲဆန္ဒနယ် အသီးသီးတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် အမည်စာရင်း တင်သွင်းလွှာတင်သွင်းခဲ့သည့် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ကော်မရှင်က သတ်မှတ်ပေးသည့် ခရိုင်ကော်မရှင်အဖွဲ့ခွဲအသီးသီးတွင် ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းကို ပုံစံ(၂၀)ဖြင့် တင်သွင်းကြရမည်ဖြစ်ပါသည်။

ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသော လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များသည် ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းကို သတ်မှတ်ရက်အတွင်း မတင်သွင်းပါက သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၁၀၉ အရ အရည်အချင်းပျက်ယွင်းသူအဖြစ် သတ်မှတ်ကြေညာခြင်းခံရမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသောလွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များအနေဖြင့် ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းကို သတ်မှတ်ရက်အတွင်း တင်သွင်းကြရန် နှိုးဆော်အပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

၁၃ ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံက ရွှေ ခုနစ်ခု၊ ငွေ ခြောက်ခုနှင့် ကြေး သုံးခု ဆွတ်ခူးရရှိ

ရန်ကုန် ဇန်နဝါရီ ၂၂

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် ၁၃ ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် ယနေ့ပွဲစဉ်များအပြီး မြန်မာနိုင်ငံက ရွှေ ခုနစ်ခု၊ ငွေ ခြောက်ခုနှင့် ကြေး သုံးခု ဆွတ်ခူးထားကြောင်း သိရသည်။

ယနေ့ပြိုင်ပွဲ ပွဲစဉ်များအပြီးတွင် မြန်မာနိုင်ငံအတွက် ဆုတံဆိပ်များကို (S3) S4 အမျိုးသား မီတာ ၂၀၀ အလွတ်ကူးပြိုင်ပွဲတွင် ညီညီလင်းထက်က စံချိန် ၃ မိနစ် ၃၆ ဒသမ ၃၁ စက္ကန့်ဖြင့် ရွှေတံဆိပ်ဆုကိုလည်းကောင်း၊ S6 အမျိုးသား မီတာ ၂၀၀ အလွတ်ကူးပြိုင်ပွဲတွင် အောင်မြင့်မြတ်က

စာမျက်နှာ ၂၂ ကော်လံ ၁ ❑

နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDF အမည်ခံ အဖွဲ့ဝင် အမျိုးသား ၂၂ ဦးနှင့် အမျိုးသမီး နှစ်ဦးတို့ လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်

စာမျက်နှာ - ၂၂

သီပေါမြို့နယ်၊ နမ့်လန်ဒေသနှင့်မိုင်းရယ်မြို့အနီး SSA စခန်းနေရာ၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုပြုလုပ်သည့်နေရာနှင့် မူးယစ်ဆေးဝါးချက်လုပ်သည့်နေရာများအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူထပ်မံသိမ်းဆည်းရမီ



သီပေါမြို့နယ်၊ မိုင်းရယ်မြို့နယ်တို့အတွင်း မူးယစ်ဆေးဝါး ချက်လုပ်သည့်နေရာ ငါးနေရာကို ထပ်မံဖော်ထုတ်သိမ်းဆည်းရမီ

နေပြည်တော် ဇန်နဝါရီ ၂၂

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်၏ ဂုဏ်သိက္ခာကို ထိခိုက်ကျဆင်းစေပြီး လူသားမျိုးနွယ်တစ်ခုလုံးကို လူညွှန့်တုံးပျက်စီးစေသည့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် တားဆီးနှိမ်နင်းရေးလုပ်ငန်းများ ကို နိုင်ငံအတွင်းရှိရနိုင်သမျှသောစွမ်းအားစု၊ အရင်းအမြစ်များအသုံးပြုပြီး

စာမျက်နှာ ၂၅ ကော်လံ ၁ ☆

အကြမ်းဖက်မှု ပယောဂ်ရေးအတွက် ပြည်သူ့သို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူ့အတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှုထောက်ခံမှု၊ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူ့လူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယံဇောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။